# စာစဥ် ၆၇ : အပိုင်း ၁

## အပိုင်း ၈၈၆ : လက်နက်နှင့် အနုပညာ

စစ်ကူ… ဟုတ်လား။ သူက သူဘာပြောနေတယ်
ဆိုတာကိုရော နားလည်နေရဲ့လား။ တန်ဂျန်က
နှုတ်ခမ်းများကို တွန့်လိုက်ပြီးမှ သူ့ကိုယ်သူ
တွေးလိုက်လေသည်။ တကယ်လို့ စစ်ကူတွေက
လမ်းကြောင်းကို မဖြတ်ကျော်နိုင်ရင်
ဘာအသုံးဝင်မှာလဲ။

ဒါမှမဟုတ် စစ်ကူတွေက ဟားမီးစ်ကို ချက်ချင်း
ပြားပြားဝပ်သွားအောင် လုပ်နိုင်ပြီး မြင့်မြတ်သော
မြို့တော်ကို ဖြတ်ကျော်နိုင်မယ်လို့

+

ဆိုလိုနေတာလား။ ဒီလိုဆိုရင်တောင် သူတို့က
တိုက်ခိုက်မှု အတွက် ပြင်ဆင်ဖို့ ရက်အနည်းငယ်
လိုနေဦးမှာပဲ။

နေးသည် ဤကိစ္စနှင့် ပတ်သတ်၍ ဆက်ပြောရန်
ရည်ရွယ်ချက် မရှိသည်ကို သတိပြုမိခဲ့သော အခါ
တန်ဂျန်ကလည်း ဆက်မမေးရန် ဆုံးဖြတ်ခဲ့သည်။

တိမ်တိုက်လှေကား၏ ဝင်ပေါက်များ အနက်မှ
တစ်ခုမှာ လေအေးတောင်တန်းနှင့် သိပ်မဝေးသော
နေရာမှ တောင်စောင်းတစ်ခု အပေါ်တွင် ရှိနေသည်။
သူတို့သည် အပြင်မှ ကောင်းစွာ မမြင်နိုင်သော
ဂူတစ်ခု အတွင်းသို့ ဝင်သွားအပြီး ခေါင်းပေါ်မှ
ကောင်းကင်အား ပြန်မြင်နိုင်ခဲ့သော အချိန်တွင်

+

သူတို့ကိုယ် သူတို့ လေထုအလယ်တွင်
ရောက်နေကြောင်း တွေ့လိုက်ရသည်။

သူတို့သည် ကောင်းကင်ပေါ်သို့ တက်နေရသည့်
အတိုင်း ခံစားနေရ၍ ဤလမ်းကြောင်းအား
အဘယ်ကြောင့် တိမ်တိုက်လှေကားဟု ခေါ်သည်ကို
ချက်ချင်းပင် သဘောပေါက်သွားခဲ့လေသည်။

လမ်းက အန္တရာယ် များသော်လည်း ရာသီဥတုက
ကောင်းမွန်နေခဲ့လျှင် စိတ်ချရပေသည်။
တန်ဂျန်သည် ပထမ စစ်တပ်ကို ထိုနေရာသို့
မသွားစေလိုနေသဖြင့် တိမ်တိုက်လှေကားက မည်မျှ
လုံခြုံမှု မရှိကြောင်းကို ချဲ့ကား ပြောဆိုခဲ့ပြီး
ကုန်သည်အချို့က အခွန်ရှောင်နိုင်ရန်

+

ထိုလမ်းကြောင်းကို အဆက်မပြတ် အသုံးပြုနိုင်ရန် အတွက် လမ်းကို ပျဉ်ပြားများ၊ သပ်ချောင်းများဖြင့် ခိုင်မာအောင် ပြုပြင်ထားမှန်း မပြောပြခဲ့ပေ။

ထို့ကြောင့် ဤလမ်းက မည်မျှ အန္တရာယ်များသည်ဟု ထွက်ပေါ်နေသော ကောလာဟလများသည် အမှားများသာ ဖြစ်နေပေသည်။

နေ့ဝက် အတွင်း၌ပင် တန်ဂျန်သည် နေးနှင့် သူ၏လူများကို လမ်းကြောင်းအတိုင်း သုံးခေါက်တိတိ တက်လိုက်ဆင်းလိုက် ဦးဆောင်သွားနိုင်ခဲ့သည်။ တောင်ကြားလမ်းများ သို့မဟုတ် မြင့်မြတ်သော မြို့တော်က

+

တည်ဆောက်ထားသော အတားအဆီးများ မရှိနေသဖြင့် ဤလမ်းကြောင်းသည် အကွာအဝေးကို သိသိသာသာ လျှော့ချပေးနိုင်ခဲ့သည်။

ခြေလျင် တပ်သားများ အနေဖြင့် ဤလမ်းကြောင်းမှ သွားခြင်းသည် လမ်းမကြီးမှ သွားခြင်းထက် ပို၍ ထိရောက်နေပေသည်။

တန်ဂျန်သည် နေးက စာအုပ်ငယ်လေး အတွင်းတွင် မှတ်စုတိုများ အဆက်မပြတ် မှတ်သားနေသည်ကို သတိပြုမိခဲ့သည်။ ကုန်းမြေတစ်လျှောက် ကျယ်ပြန့်စွာ အသုံးပြုနေသည့် ဘာသာစကား အပြင် သူတစ်ခါမှ မမြင်ဖူးသော ရင်းနှီးကျွမ်းဝင်မှု

+

မရှိနေသည့် သင်္ကေတ များစွာကိုလည်း တွေ့နိုင်ခဲ့သည်။

စစ်သားတစ်ယောက်သည် ရေးတတ် ဖတ်တတ်ရုံသာ မက သူပင် နားလည်နိုင်စွမ်း မရှိသော ဗဟုသုတများ ရှိနေသဖြင့် တန်ဂျန်က အံ့အားသင့်သွားသည်။ အကယ်၍ သူ၏ ကိုယ်ပိုင် မျက်လုံးများဖြင့် မြင်ခဲ့ရခြင်း  မရှိလျှင် ယုံကြည်နိုင်လိမ့်မည် မဟုတ်ချေ။

တန်ဂျန်သည် စာရင်းစာအုပ်များကို ပြုစုရန်နှင့် ရောင်းချမှုများကို မှတ်တမ်းတင်နိုင်ရန် အတွက် စီးပွားရေး အဖွဲ့အစည်း တစ်ခု အတွင်းသို့ ဝင်ရောက်ခဲ့သည်။ စီးပွားရေး အခြေခံ

+

ပညာရပ်များကို သင်ယူနိုင်ရန် အတွက် သူသည် ရွှေပြား တစ်ပြားလုံးကို သုံးစွဲခဲ့ရသည်။

နေးသည် ရေးတတ်ဖတ်တတ်ပါလျက် အဘယ်ကြောင့် အန္တရာယ်များသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ရွေးချယ်ကာ စစ်သားတစ်ယောက် အဖြစ် အသက်စွန့် တိုက်ခိုက်နေရသနည်း ဆိုသည်ကို သူက နားမလည်နိုင်ခဲ့ပေ။

ရိုလန် ဝင်ဘယ်ဒန်၏ စစ်တပ်သည် အထင်ကြီးဖွယ်ရာ ဖြစ်သော်လည်း အသေအပျောက် မရှိသည့် စစ်ပွဲဟူ၍ မရှိပဲ မိမိ၏

+

အလှည့်က နောက်တစ်ခေါက် မဖြစ်သွားနိုင်ဟု
မည်သူကမှ အာမမခံနိုင်ပေ။

သို့သော်လည်း စကားစမြည် ပြောရင်းနှင့် ရေးခြင်း၊
ဖတ်ခြင်းနှင့် မြေပုံ ရေးဆွဲခြင်းတို့သည် အဆင့်မြင့်
စွမ်းရည်များဟု သတ်မှတ်ထားခြင်း မခံရမှန်းကို
တန်ဂျန်က သိလာခဲ့သည်။ ကြည့်ရသည်မှာ ပထမ
စစ်တပ်မှ အဖွဲ့ဝင်တိုင်းက ဤစွမ်းရည်များကို
တတ်မြောက်ထားကြလေသည်။

"သူတို့အားလုံးက ဘယ်လိုများ
စဉ်းစားနေကြတာလဲ"

တန်ဂျန်က ပို၍ပင် စိတ်ရှုပ်ထွေးလာခဲ့သည်။

+

သူတို့သည် စခန်းအတွင်းသို့ ပြန်ရောက်လာခဲ့သော
အခါ မှောင်ရီပျိုးနေခဲ့ပြီ ဖြစ်ပြီး တဲအတွင်းတွင်
အတော်လေး ဆူညံနေခဲ့သည်။ စစ်သား
တစ်အုပ်စုသည် တစ်စုံတစ်ခုကို စိတ်လှုပ်ရှားစွာ
ဆွေးနွေးနေသည်ကို တန်ဂျန်က မြင်နိုင်ခဲ့ပြီး
သူတို့အားလုံး၏ မျက်လုံးများသည် တဲအလယ်မှ
မီးပုံအပေါ်သို့ ကျရောက်နေကြလေသည်။

"ကြည့်ရတာ စစ်ကူတွေ ရောက်လာကြပြီနဲ့
တူတယ်" နေးက သွားများပေါ်အောင်
ပြုံးလိုက်သည်။

+

"ငါကလည်း ဒီလိုပဲ ထင်တယ်"
ဦးလေးဆမ်ကလည်း ပြုံးလိုက်သည်။
"ဒီတစ်ခေါက်မှာ မြင်နေကျ ဘယ်မျက်နှာတွေကို
မြင်နိုင်ရဦးမလဲ မသိဘူး"

"လျှပ်စီး မိန်းကလေးနဲ့ မက်ဂီ မိန်းကလေးတို့က
သူတို့အတွင်းမှာ ပါမှာ သေချာတယ်" တပ်စု
ခေါင်းဆောင်၏ ခြေလှမ်းများက မြန်ဆန်လာသည်။
"အမြန် သွားကြည့်ရအောင်"

မိန်း.. မိန်းကလေး... ဟုတ်လား။

သူတို့ စောင့်မျှော်နေကြသော စစ်ကူများသည်
အမျိုးသမီးများ ဖြစ်နေသလော။

+

တန်ဂျန်ကလည်း သူတို့အနောက်မှ ထပ်ကြပ်မကွာ လိုက်သွားခဲ့၍ နေရာကျယ် တစ်ခုကို ရွေးပြီးမှ ခြေဖျားထောက်ပြီး လူအုပ်ကြီးဘက်သို့ လှမ်းကြည့်လိုက်သည်။ စစ်ကူများကို မြင်ခဲ့ရအပြီးတွင် သူသည် သတိလစ်သွားတော့မည်ကဲ့သို့ ခံစားလိုက်ရသည်။

လခွမ်းပဲ၊ သူတို့က စစ်ကူတွေလား။

သူတို့က ကလေးမ တစ်အုပ်စု သက်သက်ပဲ။

အထူးသဖြင့် ဆံပင်များက မြေပေါ်သို့ ထိလုနီးပါး ဖြစ်နေသည့် တစ်ယောက်ပင် ဖြစ်သည်။ သူမ၏

+

လုံးဝန်းနေသော မျက်နှာနှင့် တောက်ပ
လင်းလက်နေသော မျက်လုံးများ အရ သူမသည်
ဆယ်နှစ်ပင် မကျော်နိုင်သေးဟု တန်ဂျန်က
ခန့်မှန်းမိသည်။

ကျန်သော သူများကလည်း အနည်းငယ် ပိုကြီးရုံသာ
ရှိနေပြီး သေးငယ် အားနည်းနေသည့်ပုံ
ပေါက်နေကြကာ သူတို့၏ ခြေများ လက်များက
တန်ဂျန်၏ လက်သီးဆုပ်ပင် မကြီးနေကြပေ။
သူတို့သည် ဓားကိုပင် ပင့်မြှောက်နိုင်ကြမည်
မဟုတ်သဖြင့် စစ်မြေပြင် အတွင်း၌ မည်သို့မှ
အသုံးဝင်လိမ့်မည် မဟုတ်ဟု သူက ထင်နေမိသည်။

+

ဒါက ရယ်စရာပဲ… နေပါဦး။ တန်ဂျန်သည် တစ်စက္ကန့်မျှ ရပ်တန့်လိုက်ပြီး အနည်းငယ် မသေမချာ ဖြစ်သွားလေသည်။

သူမသေမချာ ဖြစ်သွားရခြင်း၏ အကြောင်းရင်း တစ်ခုမှာ ဤကောင်မလေးများ၏ ရုပ်ရည် အသွင်အပြင်ကြောင့် ဖြစ်နေသည်။ သူတို့သည် သာမန် အမျိုးသမီးများထက် များစွာပို၍ ချောမော လှပနေကြပြီး တန်ဂျန်သည် အစ ပထမတွင် သူတို့၏ ထူးခြားသော အလှတရားကို သတိမပြုမိသော်လည်း အချောအလှများ အုပ်စုလိုက် စုဝေးနေသဖြင့် သူတို့က စုန်းမများ ဖြစ်နိုင်သည်ဟု ချက်ချင်း သဘောပေါက်မိခဲ့သည်။

+

စုန်းမများသည် လူအများ ထင်နေကြသကဲ့သို့ ကြောက်မက်ဖွယ် ကောင်းမနေခဲ့ပေ။ အကယ်၍ သူတို့သည် ငရဲမှ မိစ္ဆာများကဲ့သို့ အစွမ်းထက်နေခဲ့ပါက ဘုရားကျောင်းနှင့် တိုင်းပြည် လေးခုတို့အား အစောကြီးကတည်းက ဖျက်ဆီးခဲ့ပြီး ဖြစ်နေလိမ့်မည်။

ဗဟုသုတ ကြွယ်ဝသော ဝါရင့်ကုန်သည် တစ်ယောက် အနေဖြင့် တန်ဂျန်သည် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး ရှိနေခဲ့ပါက နိုက်သူရဲကောင်း တစ်ယောက်ကပင် စုန်းမ များစွာတို့အား သတ်ဖြတ်နိုင်စွမ်း ရှိနေသည်ကို သိနေခဲ့သည်။ သူတို့၏ စွမ်းအားများကို မထုတ်ဖော်နိုင်ခဲ့လျှင် စုန်းမများသည် သာမန်လူ တစ်ယောက်ထက် ပို၍ မသန်မာနေပေ။

+

သို့သော်လည်း အခြား တစ်ယောက်၏
လွှမ်းမိုးမှုများက ဝင်ရောက်လာသော အခါ
အခြေအနေများက ပြောင်းလဲသွားခဲ့လေသည်။

တန်ဂျန်သည် အသက်ရှူအောင့်ထားပြီးမှ
အစိမ်းရောင် ဆံပင်နှင့် နောက်ထပ် အမျိုးသမီး
တစ်ယောက် အပေါ်တွင် အာရုံစိုက်ကာ
ကြည့်ရှုလိုက်သည်။

သူသည် ထာဝရည မြို့တော်၏ အခမ်းအနား
တစ်ခုတွင် သူမအား တစ်ကြိမ် မြင်ဖူးခဲ့သည်။
သူမသည် ထိုအုပ်စု အတွင်းတွင် အလှပဆုံး
မိန်းကလေး တစ်ယောက် မဟုတ်နေသော်လည်း

+

အခမ်းအနား အတွင်းတွင် သူမြင်ခဲ့ရသော သူများအားလုံးထက် ပို၍ ဆွဲဆောင်မှု ရှိနေခဲ့သည်။ ဤမျှအထိ သန်မာ၍ ထူးခြားသော စရိုက်လက္ခဏာများရှိသည့် ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်အား မည်သူကမှ မေ့နိုင်လိမ့်မည် မဟုတ်ချေ။

သူမသည် ထာဝရည မြို့တော်မှ မြို့စား၏ သမီးဖြစ်သည့် မြောက်ပိုင်းဒေသမှ ပုလဲဟု အမည်ရသော အက်ဒစ်ကန့်ပင် ဖြစ်ပေတော့သည်။

သူမသည် နေ့စဥ်ဘဝတွင် ကျက်သရေ အပြည့်ဖြင့် ဆွဲဆောင်မှု အားကောင်းသော်လည်း စစ်မြေပြင်တွင်မူ သူမ၏ ဓားရှည်ဖြင့် ရန်သူများအား

+

ခေါင်းဖြတ်နိုင်အောင် ကြောက်ရွံ့ခြင်း ကင်းမဲ့၍ ရဲစွမ်းသတ္တိဖြင့် ပြည့်စုံနေသည်။ သူမ၏ ဓားရေးကလည်း သူမ၏ အသွင်အပြင်ကဲ့သို့ အံ့ဩမှင်သက်ဖွယ် ကောင်းသည်ဟု အဆိုရှိသည်။

သို့သော်လည်း လူအများ အကြောက်ဆုံး အရာမှာ သူမ၏ ခန့်မှန်းရခက်ခဲပြီး သူတပါးနှင့် မတူပဲ အနည်းငယ် ထူးဆန်းနေသည့် လုပ်ပုံကိုင်ပုံပင် ဖြစ်သည်။ သူမအား တစ်ချိန်က မထီမဲ့မြင် လုပ်ခဲ့မိသူတိုင်းသည် သူတို့၏ စော်ကားမှုများ အတွက် ပြင်းထန်သော တန်ဖိုးတစ်ခုကို ပေးဆပ်ခဲ့ရသည်။

+

မြောက်ပိုင်းဒေသမှ ပုလဲနှင့် ပတ်သတ်သည့် ပုံပြင်ဇာတ်လမ်းများနှင့် ပတ်သတ်ခဲ့လျှင် ထာဝရည မြို့တော်တွင် နေထိုင်ကြသူများသည် ညပေါင်းများစွာ မမောနိုင် မပန်းနိုင် ပြောဆိုနိုင်ကြပေသည်။

ကြည့်ရသည်မှာ မြို့စားကန့်သည် ဘုရင်အသစ်ဘက်တွင် လုံးလုံးလျားလျား ရပ်တည်နေခဲ့ပြီနှင့် တူနေသည်။ မဟုတ်လျှင် သူသည် သူ၏ ချစ်လှစွာသော သမီးကို စစ်တန်းလျားသို့ အစောင့်အကြပ် မပါပဲ စေလွှတ်ခဲ့မည် မဟုတ်ချေ။

+

ထို့အပြင် ဒုတိယ တပ်ရင်းမှူး၏ အက်ဒစ်
အပေါ်တွင် ရှိသေ လေးစားစွာ ဆက်ဆံခဲ့မှုကို
ကြည့်ခြင်းဖြင့် သူမသည် မြောက်ပိုင်းဒေသ၏
အပြင်သို့ ရောက်သွားခဲ့လျှင်ပင် 'ပုလဲ'ဟူသော
ဘွဲ့ထူးအား ညှိုးနွမ်းသွားစေလိမ့်မည် မဟုတ်ဟု
တန်ဂျန်က မှတ်ချက်ချမိသည်။

ဘုရင်အသစ်၏ စစ်တပ်သည် အစွမ်းထက်လှသဖြင့်
ဘုရားကျောင်းကိုပင် အနိုင်ယူနိုင်စွမ်း ရှိခဲ့သည်။

စုန်းမများ၊ အက်ဒစ်ကန့်နှင့် သူ၏ ပြိုင်ဘက်ကင်း
စစ်တပ်အား ပူးပေါင်းလိုက်သော အခါ
ဘုရင်အသစ်သည် အရဏ်ဦး နိုင်ငံ၏ စစ်တပ်အား
ဒုက္ခ ကြီးကြီးမားမား ပေးနိုင်စွမ်း ရှိနေပေလိမ့်မည်။

+

စစ်ကူများ အပြင် တန်ဂျန်သည် နောက်ထပ် အရာတစ်ခု၏ ဆွဲဆောင်မှုကိုလည်း ခံလိုက်ရသေးသည်။

သူသည် မီးပုံဘေး၌ ထူးခြားသော ပုံသဏ္ဌာန် ရှိသည့် သံဖရိန် တစ်ခုကိုလည်း တွေ့လိုက်ရသည်။ အချိုးအစား ညီမျှလှသော ဤအရာသည် တစ်ချက် ကြည့်လိုက်လျှင် ထမ်းပိုးတစ်ခုနှင့် တူနေခဲ့ပြီး ထမ်းပိုး၏ တစ်ဘက်တစ်ချက်စီတွင် ခြင်းတောင်း တစ်ခုစီကို ချိတ်ဆွဲထားခဲ့ကာ ခြင်းတောင်း တစ်ခုချင်း အတွင်း၌ သတ္တုတိုင်လုံး လေးတန်းစီ ပါနေကြသည်။

+

သတ္တဝါတိုင်းလုံး အားလုံးတွင် ချွန်ထက်သော
အမြီးနှင့် ထူထဲသော ခေါင်းများ ပါနေကြပြီး
သူတို့အား ဘာဖြင့် ပြုလုပ်ထားသည်ကို တန်ဂျန်က
ချက်ချင်း မဖော်ထုတ်နိုင်ခဲ့ပေ။

ဤသတ္တဝါ ပစ္စည်းများကို တွေ့ခဲ့ရသော အခါ
သူသည် အနည်းငယ် စိတ်အနှောင့်အယှက်
ဖြစ်သွားခဲ့သည်။

သူတို့အား အချိန် အနည်းငယ်မျှ
လေ့လာပြီးသွားခဲ့သော အခါ တန်ဂျန်သည် သူ၏
စိတ်လှုပ်ရှားနေမှုများက ဘယ်ကနေ လာခဲ့မှန်းကို
နောက်ဆုံးတွင် သဘောပေါက်သွားခဲ့သည်။

+

အရွယ်ရောက်ပြီး လူတစ်ယောက်ကဲ့သို့ မြင့်မားသည့် သတ္တဝါတိုင်းလုံး ကိုးလုံးတို့သည် ထပ်တူညီလုနီးပါး ဖြစ်နေကြသည်။ သူတို့၏ ထူထဲသော ခေါင်းမှနေ၍ ချွန်ထက်သော အမြီးထိ တိုင်အောင် သူတို့သည် ချောမွေ့သော ကောက်ကြောင်းများ ရှိနေကြသည်။

ဤရှာဖွေ တွေ့ရှိမှုသည် သူ၏ လက်များကို ချွေးများ ထွက်လာစေခဲ့သည်။ ကမ္ဘာ အတွင်းတွင် အမာကျောဆုံး အရာတစ်ခု ဖြစ်သော သတ္တဝါအား ပုံသွင်းရန် အတွက် သူတို့ကို ထပ်ခါထပ်ခါ အရည်ကျို၍ ထုရိုက်ရမည် ဖြစ်ကြောင်းကို တန်ဂျန်က သိနေခဲ့သည်။

+

သူသိဖူးသော ပန်းပဲဆရာများ အားလုံးက ကောင်းမွန်စွာ ထုလုပ်ထားသည့် ချောမွေ့သော မျက်နှာပြင် ရှိသည့် သံထည်ပစ္စည်း တစ်ခုအား ရနိုင်ရန် လွန်စွာ ကောင်းမွန်သော စွမ်းရည်နှင့် အားထုတ်မှုများအား လိုအပ်နေသည်ဟု ပြောခဲ့ကြသည်။

ငါးပေရှိသော သံချောင်း တစ်ခုအား ချောမွေ့သော ကောက်ကြောင်းတစ်ခု ရနိုင်ရန် မည်ကဲ့သို့သော မယုံနိုင်ဖွယ်ရာ နည်းစနစ်မျိုးနှင့် ထုလုပ်ထားသနည်း။

ထို့အပြင် တူညီသော နည်းစနစ်ကို အသုံးပြု၍ ပုံတူ ကိုးခုကို ပြုလုပ်ထားခဲ့သေးသည်။

+

အကယ်၍ သူသည် ထာဝရည မြို့တော်မှ မည်သည့်
ပန်းပဲဆရာကို မဆို ဤအကြောင်းကို ပြောခဲ့ပါက
သူ၏ မသိ နားမလည်မှု အတွက် သူတို့က သူ့အား
လှောင်ပြောင်ကြပေလိမ့်မယ်။

အကယ်၍ ဤသတ္တု တိုင်လုံးများသည် အနုပညာ
လက်ရာများ ဖြစ်နေလျှင် နားလည်နိုင်ဖွယ်
ရှိသေးသော်လည်း အံ့အားသင့်ဖွယ် ကောင်းလှစွာ
သူတို့က ထိုကဲ့သို့ မဟုတ်နေပေ။

သူတို့၏ မီးခိုးရောင် အရောင်အဆင်းနှင့် ဖြစ်သလို
သိမ်းဆည်းထားမှု အပေါ်တွင် မူတည်၍ သူတို့သည်

+

အဖိုးတန် အနုပညာ လက်ရာများ မဟုတ်မှန်းကို တန်ဂျန်က သိနေခဲ့သည်။

သူတို့သည် စစ်စခန်းသို့ စစ်ကူများနှင့် အတူ သယ်ဆောင်လာခဲ့ခြင်းကြောင့် ထူးခြားသော လက်နက်တစ်မျိုး ဖြစ်ရပေလိမ့်မည်။

ဘာပဲပြောပြော ကြံ့ခိုင်၍ အကြမ်းခံသည့်ပုံ ပေါက်နေသော လက်နက်များသည် အနုပညာ လက်ရာ တစ်ခုကဲ့သို့ အမြင်လှနေပေသည်။ မတူညီသော ကွာခြားမှုများကြောင့် ဖြစ်ပေါ်လာသော အံ့သြ တုန်လှုပ်မှုများသည် တစ်ခါမှ မကြုံဖူးသကဲ့သို့ ဖော်ပြရ ခက်ခဲလှသည်။

+

တန်ဂျန်သည် တံတွေးကို ခက်ခက်ခဲခဲ မျိုချလိုက်
အပြီးတွင် သူ့ကိုယ်သူ ဗဟုသုတနှင့် ပြည့်စုံသူဟု
သတ်မှတ်၍ မရတော့ကြောင်းကို
သဘောပေါက်သွားလေသည်။

ဤကဲ့သို့သော လူများအတွက် စစ်ပွဲသည် အခြား
တစ်စုံတစ်ခု ဖြစ်သွားသည်။

သူ၏ မှန်းဆနိုင်မှုထက် ကျော်လွန်သွားသော
လောကတစ်ခုပင် ဖြစ်ပေတော့သည်။

စာစဉ် ၆ဂ : အပိုင်း ၂

+

# အပိုင်း ၈၈၇ : ဗုံးကြဲ တိုက်ခိုက်မှု

ဤအချိန်၌ မြောက်ပိုင်းဒေသ မြို့စောင့်တပ်၏ အခြေစိုက်စခန်း အလယ်ရှိ ဧရာမ ရွက်ဖျင်တဲကြီး တစ်လုံး အတွင်း၌ အားလုံးတို့သည် လာမည့်တိုက်ပွဲ အတွက် ပြင်ဆင်ရင်း အလုပ်ရှုပ်နေကြလေသည်။

လင်းယုန်မျက်နှာသည် အက်ဒစ်၏ အစီအစဥ်ကြောင့် အံ့အားသင့်သွားခဲ့သည်။ "ရှေ့တန်း စစ်မျက်နှာပြင် တစ်ခုလုံးကို စုန်းမတွေထံ လွှဲအပ်ထားရမယ်... ဟုတ်လား... ကျုပ်က သူတို့ရဲ့ စွမ်းရည်တွေကို ယုံကြည်ပေမဲ့ အရဏ်ဦး နိုင်ငံရဲ့ စစ်တပ်မှာ အနည်းဆုံး လူတစ်သောင်း ရှိနေပြီး သူတို့ အများစုက

+

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးကို ဝတ်ဆင်ထားကြတယ်... တကယ်လို့ စုန်းမတွေက အဲ့ဒီနေရာမှာ အခြေအနေ မလှ ဖြစ်ခဲ့ရင် ကျုပ်တို့က ဝင်ကယ်ဖို့ ခက်ခဲနေလိမ့်မယ်"

"ဒီအစီအစဥ်နဲ့ ပတ်သတ်လို့ ကျွန်မကလည်း အစက ဒီလိုပဲ ထင်ခဲ့ဖူးတယ်" အက်ဒစ်က ပြုံးလိုက်သည်။ "အမှန်အတိုင်း ပြောရရင် ဒါက အကြံပေး ဌာနရဲ့ အစီအစဥ် မဟုတ်ပဲ အရှင်မင်းမြတ်ရဲ့ အကြံအစည်သာ ဖြစ်ပါတယ်"

"ခင်ဗျားမှာ ဒီအတွက် တရားဝင် မှတ်တမ်းတွေ ရှိပါသလား" ဒုတိယ တပ်ရင်းမှူးက မေးလိုက်လေသည်။

+

"ဒီမှာပါ" မြောက်ပိုင်းဒေသ၏ ပုလဲသည် သူ့အား အနီရောင် တံဆိပ်တစ်ခုဖြင့် ခတ်နှိပ်ထားသော လျှို့ဝှက်စာ တစ်စောင်ကို ပေးလိုက်သည်။ "ပြီးတော့… ဒီစာရဲ့ နောက်ဆုံးအပိုင်းမှာ ဘုရင်က ကျွန်မကို ကွပ်ကဲသူ အဖြစ် ယာယီ ခန့်အပ်ထားတာကို တွေ့ရလိမ့်မယ်"

ပထမ စစ်တပ်၏ စည်းမျဉ်းများ အရ စစ်ပွဲ မစမီ တိုက်ပွဲ ဗျူဟာတိုင်းအား စာရွက်စာတမ်းဖြင့် မှတ်တမ်းတင်ထားရမည် ဖြစ်ပြီး သူတို့အား သက်ဆိုင်ရာ အဆင့်မှ အရာရှိများက လက်မှတ် ထိုးထားရမည် ဖြစ်သည်။ အရှင်မင်းမြတ် ကိုယ်တိုင် လက်မှတ် ရေးထိုးထားသည့် အစီအစဉ်အား

+

မည်သို့မှ မေးခွန်းမထုတ်ပဲ ဆောင်ရွက်ရမည် ဖြစ်လေသည်။

လက်မှတ်၏ စစ်မှန်မှုကို စစ်ဆေးခဲ့အပြီး၌ လင်းယုန်မျက်နှာသည့် ချက်ချင်း ထရပ်လိုက်၍ စစ်တပ် ထုံးစံအတိုင်း အလေးပြုလိုက်သည်။ "မြောက်ပိုင်းဒေသ မြို့စောင့်တပ်က တာဝန်ကို ထမ်းဆောင်ဖို့ အသင့်ပါပဲ"

"အရမ်းကောင်းတယ်" အက်ဒစ်က ပြုံးလိုက်သည်။ "ဒါပေမဲ့ မှတ်ထားပါ... ရှင်တို့ရဲ့ တာဝန်က ရန်သူတွေ ကစဥ့်ကလျား ထွက်ပြေးလာတဲ့ အချိန်မှာ ကြားဖြတ် တိုက်ခိုက်ဖို့ပဲ... ကျေးဇူးပြုပြီး အသေအချာ မှတ်သားထားပါ... တကယ်လို့

+

သူတို့က အလောတကြီးနဲ့ ဆုတ်ခွာလာတာ မဟုတ်ခဲ့ရင် ကျရှုံးမှုလို့ သတ်မှတ်ပြီးမှ တိမ်တိုက်လှေကားထံပဲ လာလမ်းအတိုင်း ပြန်သွားလိုက်ပါ"

"အမိန့်မပေးပဲ တိုက်ခိုက်မှုကို ခွင့်ပြုထားခြင်း မရှိဘူး... ဒီအမိန့်ကို စစ်သားတွေ အားလုံးထံ အသေအချာ ရှင်းပြထားရမယ်"

"လာလမ်းအတိုင်း ပြန်သွားရမယ်... ဟုတ်လား... ခင်ဗျားက... ဆုတ်ခွာဖို့ကို ဆိုလိုနေတာလား" လင်းယုန်မျက်နှာက မှင်သက်သွားသည်။
"ဒီအကြံက ဖြစ်နိုင်မယ် ဆိုတာကို အရှင်မင်းမြတ်က သေချာနေလို့လား"

+

"ကျွန်မတို့က တစ်ခါမှ မကြိုးစားကြည့်ဖူးတော့ ဘယ်သူက သိမှာလဲ... တကယ်လို့ ဒါက အလုပ်မဖြစ်ရင် တခြား နည်းလမ်းတွေကို စမ်းကြည့်လို့ ရတာပဲ... ဒါကြောင့်မို့ အရှင်မင်းမြတ်က ကျွန်မကို ရှေ့တန်း စေလွှတ်ခဲ့လိုက်တာ" မြောက်ပိုင်းဒေသမှ ပုလဲက တဲ့တိုးပင် ပြောလိုက်လေသည်။

"စုန်းမတွေကရော ဘယ်လိုလုပ်မှာလဲ"

"သူတို့က ရှုံးနိမ့်သွားခဲ့ရင်တောင် ဘာအန္တရာယ်မှ ရှိမှာ မဟုတ်ပါဘူး"

+

"ကောင်းပါပြီ… ကျုပ်က ဒီတာဝန်အတွက် သွားပြင်ဆင်လိုက်ပါဦးမယ်… ကျုပ်တို့ တပ်ဖွဲ့တွေက မနက်ဖြန် ထွက်ခွာပါလိမ့်မယ်" လင်းယုန်မျက်နှာက ထပ်ဖန်တစ်ခါ အလေးပြုလိုက်လေသည်။

"ဒီစစ်ဆင်ရေးကို ဗိုးကြဲ တိုက်ခိုက်မှုလို့ အမည်ပေးထားပြီး ရှင်တို့ တပ်ဖွဲ့တွေက နေရာယူပြီးသွားရင် တိုက်ပွဲ စတင်လိမ့်မယ်" အက်ဒစ်ကလည်း သူ့အား စစ်တပ် ထုံးစံအတိုင်း အလေးပြုလိုက်သည်။ "ကောင်းပြီ… သွားလို့ရပါပြီ"

"ဟုတ်ကဲ့ပါ"

+

'ဖုံးကြဲခြင်း' ဆိုသည်မှာ ဘာကို ဆိုလိုနေမှန်း မသိသော်လည်း လင်းယုန်မျက်နှာသည် ဤအရာ အပေါ်တွင် ယုံကြည်မှု အပြည့် ရှိနေသည်။ ဘုရင်၏ တီထွင်မှု အသစ်များ အားလုံးသည် ရေနွေးငွေ့ အင်ဂျင်ကဲ့သို့ပင် ထူးကဲ ဆန်းပြားလှမှန်းကို သူက အခိုင်အမာ သိနေပေသည်။

*********

စခန်းအတွင်းတွင် နှစ်ရက်ခန့် စောင့်ဆိုင်းခဲ့အပြီးတွင် လျှပ်စီးသည် စတင်လှုပ်ရှားရန် အမိန့်အား နောက်ဆုံးတွင် ရရှိခဲ့လေသည်။

+

ရှယ်ဗီ၏ အသံသည် သူမ၏ လက်အတွင်းရှိ နားထောင်ခြင်း မှော်အင်းကွက်မှ တဆင့် ထွက်လာခဲ့သည်။ "မာဂီက လူတွေအားလုံးကို နေရာတကျ ပို့ပြီးသွားလို့ နင်က အခုထွက်လာလို့ ရပြီ... အရုဏ်ဦး နိုင်ငံက စစ်သားတွေက သူတို့ရဲ့ တဲတွေကို သိမ်းပြီး စစ်ပွဲစဖို့ ပြင်ဆင်နေကြပြီ... နင်က သူတို့ကို လိုက်မီလိမ့်မယ်လို့ ငါက မျှော်လင့်နေပါတယ်"

"စိတ်မပူပါနဲ့... ငါတို့က အဲ့ဒီကို မကြာခင် ရောက်လာမှာပါ" ဤအထိ ပြောပြီးသွားသော အခါ ကောင်မလေးသည် နောက်ပြန်လှည့်၍ မက်ဂီနှင့် ပိတုန်းငှက်တို့အား ဖွေ့ယမ်းပြလိုက်သည်။ "လာ... ငါတို့သွားဖို့ အချိန်ကျပြီ"

+

ပြီးခဲ့သော နှစ်ရက် အတွင်းတွင် သူမသည် ကောင်းကင်ပေါ်သို့ ပျံသန်းသွားပြီး တိမ်တိုက်လှေကားနှင့် ဘေးပတ်ဝန်းကျင်မှ အခြေအနေတို့အား စစ်ဆေး ကြည့်ရှုထားခဲ့သည်။ အရှင်မင်းမြတ်၏ အစီအစဉ်က ရှုပ်ထွေးမှု မရှိပဲ စုန်းမ ခြောက်ယောက်တို့အား အဖွဲ့နှစ်ဖွဲ့ ခွဲထားသည်။

တစ်ဖွဲ့မှာ သယ်ယူ ပို့ဆောင်ရေးနှင့် ထောက်ပံ့ ပို့ဆောင်ရေးတို့ အတွက် တာဝန်ယူရပြီး မာဂီ၏ မှော်သဘော်ာ အပေါ်တွင် အဓိက မှီခိုနေကာ ရှယ်ဗီနှင့် လီလီတို့ကလည်း ဤအုပ်စု အတွင်းတွင် ပါနေသည်။

+

ရှယ်ဗီသည် စစ်မြေပြင်တွင် အသာစီးရနိုင်ရန် အဝေးမှ ရန်သူများကို ကင်းထောက်ရမည် ဖြစ်ပြီး လီလီကမူ မြင့်မြတ်သော မြို့တော်ဟောင်း အတွင်းသို့ ချိုးဖောက် ဝင်ရောက်လာမည့် အရဏ်ဦး နိုင်ငံမှ စစ်သားများကို သတ်ဖြတ်ရန် ဘုရားကျောင်းက မိစ္ဆာပလိပ် ရောဂါကို အသုံးပြုခဲ့လျှင် ကာကွယ်နိုင်ရန် အတွက် ဖြစ်သည်။

အခြား အဖွဲ့မှာမူ ဤစစ်ဆင်ရေး၏ နှလုံးသား ဖြစ်ပေသည်။

"အိုး"

+

"ကူး"

ပိတုန်းငှက်သည် ဖုံးစင် အတွင်း၌ ထိုင်နေကာ သူမ ထိုင်ခုံ၏ ဘေးတစ်ဘက် တစ်ချက်တွင် ရှိနေသော ဆက်သွယ်ထားသည့် သံချောင်းများကို ကိုင်ထားခဲ့ပြီး သူမ၏ မှော်စွမ်းအားများကို ရိုလန်က 'အရှေ့လေ'ဟု အမည်ပေးထားသော ဤသတ္တုပစ္စည်း တစ်လျှောက် အဆက်မပြတ် လည်ပတ်စေခဲ့သည်။

မကြာမီပင် ဤဖုံးစင်နှင့် တကွ သူသယ်ဆောင်ထားသည့် ဖုံးရှစ်လုံး၏ အလေးချိန်သည် ကိုးဆယ့်ကိုး ရာခိုင်နှုန်းခန့်

+

လျှော့ကျသွားကာ မက်ဂီ၏ သယ်ဆောင်နိုင်သည့် ပမာဏ အတွင်းသို့ အံကိုက် ရောက်သွားခဲ့သည်။

အဖြူရောင် ဆံပင်နှင့် မိန်းကလေးသည် သူမကိုယ် သူမ ရောမ သားရဲတစ်ကောင် အဖြစ်သို့ ပြောင်းလိုက်ပြီး ပုံးစင်အနားတွင် ဝပ်လိုက်သည်။ လျှပ်စီးက သူမအနားသို့ သွားလိုက်ပြီး မက်ဂီနှင့် အရှေ့လေတို့အား အဝတ်ကြိုးများဖြင့် အတူတကွ ချည်နှောင်လိုက်လေသည်။

ပိတုန်းငှက်၏ စွမ်းရည်သည် သက်ရှိများ အပေါ်တွင် အကျိုးသက်ရောက်မှု မရှိသဖြင့် မက်ဂီသည် စုန်းမ တစ်ယောက်နှင့် ယခုအချိန်တွင် စုန်းမ

+

တစ်ယောက်ကဲ့သို့ ပေါ့ပါးနေသော အရှေ့လေအား သယ်ဆောင်ရမည် ဖြစ်ပေသည်။

ပိတုန်းငှက်က အလေးချိန်ကို အဆက်မပြတ် လျှော့ချထားပေးနေသရွေ့ မက်ဂီသည် အချိန် အတော်ကြာ စစ်ဆင်ရေးအား ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ရိုလန်သည် ဘုရင့်မြို့တော်အား ဟိုက်ဒရိုဂျင် မီးပုံးပျံဖြင့် ဗုံးသွားကြဲခဲ့ရာ ထိရောက်သော အောင်မြင်မှု တစ်ခုကို ရရှိခဲ့သည်။ ထို့နောက် စစ်ပွဲနောက်ပိုင်း တင်ပြချက်များ ပေါ်တွင် အခြေခံပြီးမှ သူသည် ပြင်ဆင်မှု အချို့ကို ပြုလုပ်ခဲ့သေးသည်။

+

များစွာပို၍ မြန်မြန် ပျံသန်းနိုင်ကာ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်သဖြင့် ဤစစ်ဆင်ရေး အတွင်းမှ မက်ဂီ၏ တာဝန်သည် မီးပုံပျံအား အစားထိုးရန်ပင် ဖြစ်သည်။ ပို၍ အရေးကြီးသည်မှာ သူမသည် ဗုံးမကြဲမီ အောက်သို့ ထိုးဆင်းလာနိုင်သဖြင့် လျှပ်စီးအနေဖြင့် ဦးတည့် မပေးတော့ရပဲ အလုပ်ရှုပ် သက်သာသွားခဲ့ပြီး ရန်သူများကိုသာ အာရုံစိုက်၍ စောင့်ကြည့်နိုင်မည် ဖြစ်သည်။

မော်စွမ်းအား အကန့်အသတ် ရှိသဖြင့် ပိတုန်းငှက်သည် အရှေ့လေအား တစ်နေကုန် အလေးချိန် မလျှော့ချထားပေးနိုင်ပေ။ သူမသည်

+

အမြောက်များကို စတင် လေ့ကျင့်
သယ်ဆောင်ခဲ့ချိန်မှ စ၍ သူမ၏
မော်စွမ်းအားများသည် တိုးတက်လာခဲ့သော်လည်း
ကြီးမား လေးလံလှသည့် ဤဗုံးများကို အများဆုံး
နေ့ဝက်သာ သယ်ဆောင်နိုင်စွမ်း ရှိသည်။

ဘာပဲပြောပြော အချိန် အများစုတွင် ဗုံးခွံများ၊
ကျည်ဖူးများနှင့် ခဲယမ်း မီးကျောက်တို့အား
သီးခြားခွဲ၍သာ သယ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ကံကောင်းစွာဖြင့် အရဂျာဦး နိုင်ငံမှ စစ်တပ်သည်
များစွာ ဝေးကွာသော နေရာတွင် မရှိနေပဲ
နေ့ဝက်ဆိုလျှင် လုံလောက်နေပေပြီ။

+

"လမ်းရှင်းတယ်… ပျံတက်လို့ရပြီ… ထပ်ပြောမယ်… ပျံတက်လို့ ရပြီ" လျှပ်စီးသည် သူမ၏ လေကောမျက်မှန်ကို တပ်ဆင်ပြီး လေပေါ်သို့ ပျံတက်သွားလေသည်။

"ဟင်း… ဒီလေသံက လာပြန်ပြီ" ပိတုန်းငှက်က သက်ပြင်းချလိုက်လေသည်။

"အာဝူး… အာဝူး"

ယခုအချိန်တွင် ပျံသန်းနိုင်သော ရောမ သားရဲတစ်ကောင် အသွင်ပြောင်းထားသည့် မက်ဂီသည် ကျယ်ပြန့်လှသည့် တောင်ပံများကို

+

ခတ်ကာ ပျံတက်သွားခဲ့၍ မြေပေါ်တွင် ရောမ အရိပ်တစ်ခုအား ချန်ထားခဲ့သည်။

စခန်းမှ ရွက်ဖျင်တဲများသည် သူမ တောင်ပံများမှ ထွက်ပေါ်လာသည့် အသံမြည်နေသော မုန်တိုင်း တစ်ခုကဲ့သို့ အားကောင်းသည့် လေစီးကြောင်းများကြောင့် စတင်၍ တုန်ခါလာခဲ့သည်။ ပြီးတာနှင့် သူမသည် ဦးတည်ချက် ပြန်ပြောင်းလိုက်ပြီး ဟားမီးစ် တောင်တန်းများထံသို့ ပျံသန်းသွားခဲ့လေသည်။

တစ်နာရီခန့် အကြာတွင် စုန်းမ သုံးယောက်တို့သည် မြင့်မြတ်သော မြို့တော်ဟောင်း အပေါ်မှ ကောင်းကင်ပေါ်သို့ ရောက်လာပြီး သူတို့၏ ပစ်မှတ်

+

ဖြစ်သည့် လူတစ်သောင်းကျော် ပါဝင်သည့် စစ်တပ်အား တွေ့သွားခဲ့သည်။

ဤစစ်တပ်သည် မြို့တော်၏ အပြင်တွင် ရေစီးကြောင်း တစ်ခုနှင့် တူနေခဲ့သော်လည်း အတွင်းတွင်မူ ပြန့်ကျဲနေခဲ့သည်။ သူတို့သည် ဖြည်းဖြည်းချင်း တွားသွားနေကာ မြင့်မြတ်သော မြို့တော်ဟောင်း၏ နယ်မြေများကို တတိတိ ဝါးနေသော ရောင်စုံ ပုရွက်ဆိတ်များနှင့် တူနေပေသည်။

လျှပ်စီးသည် ဘုရားကျောင်းအား လုံးဝ မနှစ်သက်ပဲ တိုက်ခိုက်လုယက် ခံနေရခြင်းကို မြင်ရသော်လည်း မသနားနေပေ။ သို့ရာတွင် မြို့အတွင်းမှ

+

များစွာသော လူများသည်
အပြစ်မရှိကြသည်ကိုလည်း သူမက သိနေသည်။
အထူးသဖြင့် ဘုရားကျောင်း၏
ခေါင်းဆောင်သွားခြင်းကို ခံခဲ့ရသည့်
ဘုန်းကြီးကျောင်း အတွင်းမှ မိဘမဲ့များပင်
ဖြစ်သည်။

သူတို့သည် မြင့်မြတ်သော မြို့တော်ဟောင်းနှင့်
အတူတကွ မြှုပ်နှံခြင်း မခံသင့်ဟု သူမက
ယူဆနေပေသည်။

ကောင်မလေးသည် အသက်ပြင်းပြင်း ရှူလိုက်ကာ
အသက်ရှူရ ခက်ခဲလာသည် အထိ အပေါ်သို့
ပျံတက်သွားသည်။ ပြီးတာနှင့် သူမ၏ လက်များကို

+

ဆန့်တန်းလိုက်ကာ အရဏ်ဦး စစ်တပ်နှင့် မျက်နှာချင်းဆိုင်၍ လူစီးကြောင်း၏ အလယ်သို့ ထိုးဆင်းလာခဲ့လေသည်။

တရှိန်ထိုး အောက်ဆင်းခဲ့ခြင်းကြောင့် သူမ၏ ကိုယ်တွင်းမှ ကလီစာများ အားလုံးက နောက်ပြန်ရွှေ့နေခဲ့သည်ဟု သူမက ခံစားနေရသည်။ ဤအရာသည် ကောင်းမွန်သော ခံစားချက် တစ်ခု မဟုတ်သော်လည်း သူမသည် မြင့်မားသော အမြန်နှုန်းကြောင့် ရင်ဖိုလှိုက်တုန် နေခဲ့သေးသည်။

မက်ဂီက သူမ အနောက်မှ ထပ်ကြပ်မကွာ လိုက်လာမည်ဟု သေချာနေသဖြင့် သူမသည်

+

အနောက်သို့ ပြန်လှည့်မကြည့်ခဲ့ပေ။
နှစ်ပေါင်းများစွာ အတူတကွ လှုပ်ရှားခဲ့အပြီးတွင်
သူတို့သည် အချင်းချင်း ပြီးပြည့်စုံစွာ ပူးပေါင်း
ဆောင်ရွက်နိုင်ခဲ့ကြပြီ ဖြစ်သည်။

မြေပြင်ပေါ်မှ လူများနှင့် အရာဝတ္ထုများက
လျင်မြန်စွာ ကြည်လင်လာကာ နိုက်သူရဲကောင်း
အချို့ကလည်း ကောင်းကင်ပေါ်မှ ကျဆင်းလာသော
အရိပ်အား သတိပြုမိခဲ့ကြသည်။ သူမသည် သူတို့
မျက်နှာပေါ်မှ ထိတ်လန့်နေသော
အမူအရာများကိုပင် မြင်နိုင်ခဲ့သည်။

ကောင်မလေးနှင့် သားရဲတို့သည် လူစီးကြောင်း၏
အလယ်သို့ ရောက်လာသော အခါ လျှပ်စီးက

+

ရုတ်တရက် အပေါ်သို့ ပျံတက်သွား၍ အော်ဟစ်လိုက်သည်။ "အခု ဗုံးတွေကို ချလိုက်တော့"

ဗုံးစင် အတွင်းတွင် ထိုင်နေသော ပိတုန်းငှက်ကလည်း ချက်ချင်းပင် ခလုတ်အား ဆွဲချလိုက်လေသည်။

## စာစဉ် ၆၀ : အပိုင်း ၃

## အပိုင်း ၈၈ : ကောင်းကင်ပေါ်မှ နတ်ဘုရား ပြစ်ဒဏ်

+

ကလစ်ဟူသော မြည်သံတစ်ခုနှင့် အတူ သံချောင်း တစ်ချောင်း ပြုတ်သွား၍ နိုက်တင်ဂေးနှင့် ညီမျှစွာ လေးလံသော ဗုံးနှစ်လုံးတို့သည် ဗုံးစင်မှ လျှောကျလာကာ အောက်တွင် ရှိနေသော လူအုပ်ကြီးထံ ပြုတ်ကျလာလေသည်။

အရှေ့လေထံမှ ပြုတ်ထွက်လာခဲ့အပြီးတွင် ဗုံးများသည် ချက်ချင်းပင် နဂို အလေးချိန်သို့ ပြန်ရောက်သွားပြီး အမြန်နှုန်းကလည်း မြင့်မားလာခဲ့သည်။ ဤပြောင်းလဲမှုသည် သူတို့၏ အရှိန်အဟုန်ကို တိုးတက်စေခဲ့ပြီး လေပြင်းများက ဂူအတွင်းသို့ ဝင်ရောက် တိုက်ခိုက်ခဲ့သကဲ့သို့ ထူးခြားသော မြည်သံတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ မြေပေါ်မှ လူများကလည်း မယုံနိုင်စရာ

ဤမြင်ကွင်းအား တစ်ပြိုင်နက်တည်း
မော့ကြည့်နေကြလေသည်။

ဤအချိန်၌ အရုဏ်ဦး နိုင်ငံမှ မှူးမတ်များက
စိတ်သက်သာရာ ရသွားကြသည်။

သူတို့အနေဖြင့် ပျံသန်းနေသော ရောမ
မကောင်းဆိုးဝါးနှင့် စာလျှင် ကောင်းကင်ပေါ်မှ
ပြုတ်ကျလာသော ဤအရာ နှစ်ခုတို့သည်
ဘာမှမဟုတ်ဟု ထင်နေကြသည်။ သူတို့အမြင်၌
ထိုအမြင့်မှ ပြုတ်ကျလာသော အရာများသည်
မြေပေါ်တွင် သူတို့နှင့် ထိတွေ့မည့် အရာများကို
ခြေမွနိုင်စွမ်း ရှိသော်လည်း အများဆုံး

+

ကံမကောင်းသည့်သူ သုံးလေးယောက်ကိုသာ သတ်နိုင်လိမ့်မည် ဖြစ်သည်။

ဤမျှအထိ ကြီးမားသော စစ်တပ်တစ်ခု အတွက် ထိုအရာသည် ဘာမှ ပြဿနာ မဟုတ်နိုင်ပေ။ အနောက်ဘက်သို့ စစ်ချီရန် အေပန်၏ ခေါ်ဆိုမှုကို ကြားခဲ့ပြီးသော အခါ မြို့စားများကဲ့သို့ မဟာ မှူးမတ်များရော နိုက်သူရဲကောင်း အသစ်များကဲ့သို့ မှူးမတ်ငယ်များကပါ သူတို့၏ မြင်းများကို ပြင်ဆင်လျက် အစေခံများကို စိတ်အား ထက်သန်စွာဖြင့် စုဆောင်းနေခဲ့ကြသည်။

ပြိုလဲလုနီးပါး ဖြစ်နေသော ဘုရားကျောင်းထံမှ အကျိုးအမြတ်များကို ဝေစု ရနိုင်ရန် အတွက်

+

လူများစွာတို့က ဤစစ်ချီမှုတွင်
ပါဝင်လာကြလေသည်။

လူတစ်သောင်းကျော် ရှိသော စစ်တပ်ကို
ပိုင်ဆိုင်ထားသဖြင့် မှူးမတ်များသည်
ကောင်းကင်ပေါ်မှ ပြုတ်ကျလာသော
အရာများကြောင့် လူသုံးလေးဆယ်ခန့်
သေဆုံးသွားခဲ့လျှင်ပင် ဂရုစိုက်ကြလိမ့်မည်
မဟုတ်ချေ။

သူတို့သည် ကြောက်မက်ဖွယ်ရာ နတ်ဆိုးသားရဲအား
အစစ်အမှန် ခြိမ်းခြောက်မှု ဟူ၍သာ
ထင်မှတ်နေခဲ့ကြသည်။ သူသည် လူအုပ်အတွင်းသို့
ထိုးဆင်းကာ တိုက်ခိုက်ခဲ့ပါက လူတစ်ရာကျော်ကို

+

အသာလေး သုတ်သင်နိုင်သည်။ ထိုအရာက တုန်လှုပ် ချောက်ချားသွားသော ကျေးကျွန်များ ထွက်ပြေးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် ပျက်စီး ဆုံးရှုံးမှုများကို ထည့်တွက်ထားခြင်း မရှိသေးပေ။

သို့ဖြစ်၍ ထိုမကောင်းဆိုးဝါး အောက်သို့ မဆင်းလာသရွေ့ ဘာမှ သိပ်စိတ်ပူနေစရာ မရှိဟု သူတို့က ခိုင်မြဲစွာ ယုံကြည်ထားကြလေသည်။

ထို့အပြင် သူတို့အနေဖြင့် ကောင်းကင်ပေါ်မှ ရန်သူများသည် အရုဏ်ဦး စစ်တပ်အား ထိပ်တိုက် ရင်ဆိုင်ရန် သတ္တိမရှိသော စုန်းမများသာ ဖြစ်နိုင်သည်ဟု ယူဆထားခဲ့ကြသည်။ ဘုရားကျောင်းမှ ရတနာများကို လုယူရန်

+

လာခဲ့ကြခြင်း ဖြစ်သဖြင့် အရဏ်ဦး နိုင်ငံမှ မှူးမတ်များ အားလုံးသည် နတ်ဘုရား တံ့ပြန်မှု ကျောက်တုံးများကို ဝတ်ဆင်ထားကြပြီး စုန်းမများကို တိုက်ခိုက်ရန် အထူး စီမံထားသည် လက်နက်များကို ယူဆောင်လာကြလေသည်။

ဤအချိန်၌ နိုက်သူရဲကောင်း များစွာတို့သည် သူတို့၏ ဒူးလေးနှင့် မှော်ကျောက်တုံး မြားများကို ချထားကြကာ မည်သည့် စစ်သားများက အနက်ရောင် ကျောက်တုံး၏ ထိမှန်ခြင်းကို ခံရမည်ဟု လောင်းကြေးထပ်နေကြသည်။

မြေပြင်ပေါ်မှ တစ်ယောက်ကမှ နေရာမှ မရွှေ့ကြပဲ ကျရောက်လာတော့မည့် ပေါက်ကွဲမှုအား

+

ရှောင်တိမ်းရန် လဲချကာ ကိုယ့်ကိုယ်ကိုယ်
ကာကွယ်ရန် မကြိုးစားခဲ့ကြပေ။ သူတို့သည်
သူတို့ထံ မြားနှစ်စင်းပမာ ပျံသန်းလာသော
ပုံးနှစ်လုံးအား ဒီအတိုင်း ကြည့်နေရင်း
တည်ငြိမ်စွာဖြင့် ရှေ့သို့ ဆက်လက်
ချီတက်နေကြလေသည်။

ခဏအကြာတွင် လူတန်းရှည်ကြီး၏ အလယ်တွင်
နီရဲနေသော မီးတောက် နှစ်တန်းတို့က
ထိုးတက်လာပေတော့သည်။

ပုံးကျဆင်းသည့် နေရာအနားမှ လူများက
ချက်ချင်းပင် ပြာများအဖြစ်သို့ ပြောင်းသွားကြသည်။
ပူပြင်းလှသော လေထုသည် လျင်မြန်စွာ

+

ကျယ်ပြန့်သွား၍ ပူလောင် ပြင်းထန်သော
ပေါက်ကွဲမှု တစ်ခု အဖြစ်သို့
အသွင်ပြောင်းသွားခဲ့သည်။

သူနှင့် ထိတွေ့မိသော သူတိုင်းသည် သံမဏိ
နံရံတစ်ခုနှင့် ဝင်တိုက်မိသည်ဟု ခံစားခဲ့ရပြီး
အပိုင်းပိုင်း အစစ ဖြစ်သွားခဲ့ကာ မကြာမီပင်
ခြေပြတ် လက်ပြတ်များနှင့် ကလီစာများက
နေရာအနှံ့ ပြန့်ကျဲသွားလေတော့သည်။

ပေါက်ကွဲမှုသည် လျင်မြန်စွာ ငြိမ်သက်သွားကာ
ကျဆင်းလာသည့် နေရာနှင့် ခြေလှမ်းတစ်ရာ
ပတ်ပတ်လည် အကျော်မှ လူများကို ထိခိုက်နိုင်စွမ်း

+

မရှိသော်လည်း ပေါက်ကွဲမှုသည် တစ်ခုတည်းသော ဖျက်ဆီးနိုင်သည့် အရာ မဟုတ်ခဲ့ပေ။

အရုဏ်ဦး နိုင်ငံနှင့် မြင့်မြတ်သော မြို့တော်ဟောင်းအား ဆက်သွယ်ထားသော ဤနေရာသည် ဘုရင့်မြို့တော်ကဲ့သို့ မဟုတ်ပဲ ကျယ်ပြန့်သည့် လွင်ပြင်တစ်ခု ဖြစ်နေခဲ့သဖြင့် အရုဏ်ဦး စစ်တပ်သည် ခိုလှုံရာ နေရာ တစ်ခုကိုမှ ရှာမတွေ့နိုင်ခဲ့ပေ။

ဗုံးပေါက်ကွဲသွားသော အချိန်တွင် ကူရာမဲ့နေသော ဤလူများသည် ပေါက်ကွဲမှု လှိုင်းလုံးများ၊ အပျက်အစီး အစအနများ၊ ဗုံးခွံမှ လွင့်ထွက်လာသော သံဘောလုံး များစွာတို့၏

+

လွယ်ကူသော ပစ်မှတ်များ ဖြစ်သွားကြပြီး
ထိုအရာများသည် လူအုပ်ကြီးထံသို့ အသံထက်ပင်
များစွာပို၍ လျင်မြန်သော အမြန်နှုန်းဖြင့်
ဝင်ရောက်လာကြလေသည်။

သံဘောလုံး တစ်ခုချင်းစီသည်
လူပေါင်းများစွာတို့အား ထိုးဖောက်သွားပြီးမှ
ရပ်တန့်သွားခဲ့ကြပြီး သံမဏိ ဗုံးခွံ အစအနများက
ပို၍ပင် ဖျက်ဆီးနိုင်စွမ်း အားကောင်းနေသေးသည်။

ပထဝီဝင် အနေအထား အားသာချက် အရ
ဗုံးများသည် ကျယ်ပြန့်သော နေရာတစ်ခုတွင်
ဖျက်ဆီးမှုအား ပိုကောင်းပေသည်။

+

ကောင်းကင်ပေါ်မှ စုန်းမများသည် ခဏချင်းတွင်း၌ အနက်ရောင် မီးခိုးငွေ့များ မြင့်တက်လာကာ မြင့်မားသော နံရံတစ်ခုအဖြစ် ဖန်ဆင်းခဲ့ပြီး မြေပေါ်မှ လူတန်းရှည်ကြီး၏ လှုပ်ရှားမှုအား ဟန့်တားခဲ့သည်ကို မြင်ခဲ့ရသည်။

အရဏ်ဦး နိုင်ငံမှ မှူးမတ်များသည် အံ့သြ တုန်လှုပ်မှုမှ ပြန်လည် မသက်သာလာသေးခင်တွင် လျှပ်စီးသည် တတ်နိုင်သမျှ အမြင့်ဆုံး ပျံတက်သွားကာ ဒုတိယ အကြိမ် ထိုးဆင်းလာရန် အသင့် ဖြစ်နေခဲ့ပေပြီ။

"အရှေ့လေ... ဒုတိယ အကြိမ် တိုက်ခိုက်လိုက်ပါ"

+

မက်ဂီသည် ချက်ချင်းပင် သူမ၏ တောင်ပံများကို သိမ်းလိုက်ပြီး ကောင်မလေး အနောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာရင်း ကျယ်လောင်သော ဟိန်းဟောက်သံ တစ်ခုနှင့် အတူ ကောင်းကင်ပေါ်မှ ထိုးဆင်းလာလေသည်။

"အာဝူး... အူး"

သူတို့သည် ဗုံးစင်၏ တစ်ဘက်တစ်ချက်တွင် ဗုံးလေးလုံးအား တပ်ဆင်ထားသဖြင့် လေးခေါက် ဗုံးကြဲနိုင်သလို တစ်ခါတည်း ဗုံးရှစ်လုံးလုံးကို ကြဲချနိုင်သော်လည်း အကောင်းဆုံး အကျိုး သက်ရောက်မှုကို ရရှိနိုင်ရန် အတွက် လျှပ်စီးသည်

+

လူတန်းရှည်ကြီး၏ အလယ်နှင့် အနောက်ပိုင်းတို့
အပေါ်၌ လေးခေါက် ကြဲချရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း သူမ မျှော်မှန်းထားသည်ထက်
ကျော်လွန်စွာ တတိယ အကြိမ်
တိုက်ခိုက်ခဲ့အပြီးတွင် အရှေ့ဦး နိုင်ငံမှ
စစ်တပ်သည် လုံးဝကို ပြိုလဲသွားပေတော့သည်။

အသက်ရှင် ကျန်ရစ်သူများ အတွက်
ပေါက်ကွဲမှုများသည် ကောင်းကင်ပေါ်မှ
ကျဆင်းလာသော နတ်ဘုရား ပြစ်ဒဏ်နှင့်
တူနေခဲ့သည်။ နတ်ဘုရား မိုးကြိုးဖြင့် အရိုက်ခတ်
ခံခဲ့ရသည့် နေရာများသည် လုံးဝကို

+

လောင်ကျွမ်းသွားကာ အလောင်းများဖြင့်
ပြည့်နှက်နေလေသည်။

အကာအကွယ် ဝတ်စုံများ မဝတ်ဆင်ထားသည့်
ကျေးကျွန်များရော ချပ်ဝတ်တန်ဆာများ အပြည့်
ဝတ်ဆင်ထားသည့် နိုက်သူရဲကောင်းများပါ
ဤငရဲမီးတောက်များထံမှ
မလွတ်မြောက်နိုင်ခဲ့ကြပေ။ အဆိုးမဲ့သည်ဟု
ထင်နေရသော ကပ်ဆိုးသည် သူတို့အား
သွေးရူးသွေးတန်း ဖြစ်စေခဲ့ပြီး နားကွဲလုမတတ်
ပေါက်ကွဲသံများ၊ ဒဏ်ရာ အပြင်းအထန်
ရထားသူတို့၏ အော်ညည်းသံများတို့သည် သူတို့၏
စိတ်ဓာတ်အား ရိုက်ချိုး ဖျက်ဆီးခဲ့လေသည်။

+

သူတို့အတွက် အကြီးမားဆုံး အကျပ်အတည်းမှာ မယုံနိုင်စရာ ဆက်တိုက် တိုက်ခိုက်မှု အတွင်းတွင် သူတို့က ဘာမှ ပြန်လည် တိုက်ခိုက်နိုင်စွမ်း မရှိပဲ ထိုအနက်ရောင် ကျောက်တုံးများက သူတို့အနားတွင် မကျရောက်လာရန် ဆုတောင်းနေရုံသာ တတ်နိုင်ခြင်းပင် ဖြစ်သည်။

ပျံသန်းနေသော ရောမ သားရဲကလည်း သူတို့ မြားမကျရောက်နိုင်သည့် အကွာအဝေး အတွင်း၌သာ ပျံဝဲနေသဖြင့် လေးမြားများဖြင့်လည်း မပစ်ခတ်နိုင်ခဲ့ပေ။

+

ဤကဲ့သို့သော တိုက်ပွဲမျိုးသည် သူတို့၏
နားလည်နိုင်သော အတိုင်းအတာ အတွင်းမှ
ကျော်လွန်သွားခဲ့လေသည်။

မှူးမတ်များသည် စည်းစိမ်ဥစ္စာ အတွက်သာ
လာခဲ့ကြခြင်း ဖြစ်ပြီး သူတို့၏ ကိုယ်ပိုင်
အသက်များကို စွန့်လွှတ်ရန် ဆန္ဒ မရှိနေကြပေ။
သူတို့သည် ဤမြို့တော်မှ ပိုက်ဆံမည်မျှ
ရရှိနိုင်စေကာမူ ဤနေရာတွင် သေသွားခဲ့လျှင်
သုံးစွဲရန် အခွင့်အရေး ရှိနိုင်တော့မည် မဟုတ်ချေ။

ထို့အပြင် သူတို့၏ အစေခံများက ဤတိုက်ခိုက်မှု
အတွင်းတွင် အားလုံး သေဆုံးသွားခဲ့လျှင်လည်း

+

စည်းစိမ် ဥစ္စာများကို အိမ်သို့ ပြန်လည် သယ်ဆောင်နိုင်မည် မဟုတ်ပေ။

ဤအထိ တွေးပြီးသည်နှင့် သူတို့အားလုံးသည် ထွက်ပြေးကြရန် လျင်မြန်စွာ ဆုံးဖြတ်ခဲ့ကြသည်။

ကျေးကျွန်များအား ထွက်မပြေးကြရန် တင်းကျပ်စွာ ပိတ်ပင်ထားသော မှူးမတ်များ ကိုယ်တိုင်က မြင်းများကို နောက်ပြန်လှည့်ကာ စစ်မြေပြင် အတွင်းမှ တစ်ဦးပြီး တစ်ဦး ထွက်ခွာသွားကြသော အခါ စစ်တပ် တစ်ခုလုံးက လျင်မြန်စွာ ဖရိုဖရဲ ဖြစ်သွားတော့သည်။

+

ထွက်ပြေးသွားသော နိုက်သူရဲကောင်းများ အနောက်သို့ လိုက်ပါလာသော လူများက ပို၍ပို၍ များလာသည်နှင့် အမျှ လူတန်းရှည်ကြီးသည် ထပ်ဖန်တစ်ခါ စတင် လှုပ်ရှားလာခဲ့သည်။ သို့သော်လည်း ဤအချိန်၌မူ ပြောင်းပြန် ရွေ့လျားသွားကြခြင်း ဖြစ်သည်။

အစ ပထမတွင် မြို့အတွင်းသို့ စနစ်ကျစွာ ဝင်ရောက်နေကြသော လူများသည် ယခုအချိန်၌ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားကြလေသည်။

သို့သော်လည်း အရဏ်ဦး နိုင်ငံမှ စစ်တပ်အတွက် အိမ်မက်ဆိုးသည် ယခုအချိန်မှ စတင်ခြင်း ဖြစ်သည်။

+

သူတို့သည် အဓိက လမ်းမကြီးထံသို့ စုပြုံ
ဝင်ရောက်လာကြသော အခါ လမ်းဘေး
တစ်ဘက်တစ်ချက်တွင် ပုန်းအောင်း
စောင့်မျှော်နေကြသော ပထမ စစ်တပ်သည်
တည်ငြိမ်စွာဖြင့် သေနတ် ခလုတ်များကို
ဆွဲလိုက်ကြလေသည်။

ဤတိုက်ခိုက်မှုသည် ညှပ်ပူးညှပ်ပိတ်
တိုက်ခိုက်ခြင်းပင် ဖြစ်လေသည်။

အန္တရာယ်များသော ဤနေရာအား တတ်နိုင်သမျှ
အမြန်ဆုံး ထွက်ခွာလိုနေကြသည့် တုန်လှုပ်
ချောက်ချားနေကြသော မှူးမတ်များသည်

+

ရန်သူများအား ရှာဖွေရန်နှင့် တောင်ပံများကို ကာကွယ်ရန် လုံးဝ မေ့ပျောက်နေကြသည်။

လမ်းတစ်လျှောက် စီတန်း နေရာယူထားကြသော မြောက်ပိုင်းဒေသ မြို့စောင့်တပ်မှ တပ်ဖွဲ့ ငါးဖွဲ့တို့သည် အရဏ်ဦး နိုင်ငံမှ စစ်သားများကို ဆုံလည် ရိုင်ဖယ်များ လေးလံသော စက်သေနတ်များဖြင့် ဆက်တိုက် ပစ်ခတ်ခဲ့ကြသည်။

သူတို့၏ ပစ်မှတ်များသည် မီတာ သုံးရာ အတွင်းတွင် ရှိနေကြသဖြင့် သူတို့သည် မှန်ကန်အောင် ချိန်ရွယ်ရန်ပင် မလိုတော့ပဲ သူတို့ သေနတ် အတွင်းမှ ကျည်ဆန်များ အားလုံးကို

+

တတ်နိုင်သမျှ အမြန်ဆုံး ကုန်အောင် ဆက်တိုက်
ပစ်ခတ်ရန်သာ လိုတော့သည်။

နေမထွက်မီကပင် လင်းယုန်မျက်နှာ၏
တပ်ဖွဲ့များသည် ခါးအထိ အရှည်ရှိသော ဂျုံပင်များ
အကြားတွင် သူတို့ကိုယ် သူတို့ ပုန်းကွယ်ခဲ့ကြပြီး
ဖြစ်သည်။ ရှယ်ဗီ၏ အကူအညီဖြင့် သူတို့သည်
ရန်သူ ကင်းထောက်များ မတွေ့အောင်
ပုန်းကွယ်နိုင်ခဲ့ကြပြီး ရန်သူများ၏ လှုပ်ရှားမှုများကို
အတိအကျ သိရှိနိုင်ခဲ့သည်။

သူတို့အဖွဲ့ နှစ်ခု အကြားတွင် သတင်း
အချက်အလက် စုဆောင်းသည့် နည်းစနစ်က
ကြီးမားစွာ ကွာခြားနေသည်မှာ သိသာနေခဲ့သည်။

+

"ဒိုင်း" ပထမဆုံး ပစ်ခတ်ခြင်း ခံခဲ့ရသည့် အချိန်မှသာ အရဖ်ဦး နိုင်ငံမှ မှူးမတ်များသည် လယ်ကွင်းများ အတွင်းတွင် ပုန်းအောင်းနေသော ရန်သူများ၏ ခြုံခို တိုက်ခိုက်ခြင်း ခံခဲ့ရသည်ကို အံ့ဩ တုန်လှုပ်စွာဖြင့် တွေ့ရှိခဲ့ရသည်။

အကယ်၍ သူတို့က မြို့တော်ထံ ချီတက်နေစဉ် အတိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ပါက တပ်ဖွဲ့ကို ပြန်လည် စုစည်းကာ ပြန်လည် တိုက်ခိုက်ကြမည် ဖြစ်သော်လည်း ယခုအချိန်တွင် အခြေအနေက ထိန်းချုပ်မှု အောက်မှ လုံးဝ ကင်းလွတ်နေခဲ့သည်။

+

အရှေ့ဘက်ဦး နိုင်ငံမှ စစ်သားများသည်
အသက်နှင့်ကိုယ် အိုးစားမကွဲအောင် အသားကုန်
ခြေကုန်သုတ်နေရပြီး ကျည်ဆန်များနှင့်
ဝေးကွာသော နေရာသို့ မြန်မြန် ရောက်နိုင်အောင်
ခြေထောက်တစ်စုံ အပိုပေါက်လာရန်
ဆုတောင်းနေကြရသည်။

မှူးမတ်များကမူ သူတို့၏ မြင်းများကို ဒုန်းစိုင်း
စီးနင်းနေကြကာ သူတို့ လက်အောက်ငယ်သားများ
အပေါ်သို့ တက်နင်းသွားခဲ့ကြသည်။

ကျယ်ပြန့်လှသော လမ်းမကြီးသည် သေမင်း
လမ်းမကြီး တစ်ခုအဖြစ်သို့
ပြောင်းလဲသွားလေတော့သည်။

+

## စာစဉ် ၆၀ : အပိုင်း ၄

## အပိုင်း ၈၉ : အဓိက လူတစ်ယောက်

ပထမ စစ်တပ် အနောက်သို့ ဖိအားပေးခြင်း ခံရ၍ လိုက်ခဲ့ရသော တန်ဂျန်က သူသည် ဤစစ်တပ်၏ စွမ်းအားကို များစွာ လျှော့တွက်မိသွားမှန်းကို သဘောပေါက်သွားခဲ့သည်။

တိုက်ပွဲအတွင်းတွင် သူတို့သည် အရဏ်ဦး နိုင်ငံမှ စစ်တပ်နှင့် အနီးကပ် တိုက်ခိုက်ခဲ့ကြခြင်း မရှိပဲ တန်ဂျန်အနေဖြင့် မြားမိုးများ ရွာသွန်းခဲ့ခြင်း သို့မဟုတ် မီတာငါးရာခန့် ရှည်လျားသော ရှေ့တန်း

+

စစ်မျက်နှာပြင်တွင် ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည့် မြင်ကွင်းမျိုးကို မတွေ့ခဲ့ရပေ။

ပထမ စစ်တပ်မှ စစ်သားများသည် သူတို့၏ ရန်သူများကို ဆက်တိုက် ပစ်ခတ်နေကြပြီး အရုဏ်ဦး နိုင်ငံမှ စစ်သားများကလည်း သေနတ်သံများနှင့် အတူ ဆက်တိုက် ပြိုလဲသွားနေကြသည်။

ဤမြင်ကွင်းသည် သူ့အတွက် လျှပ်တပြက် ပြဇာတ် တစ်ပုဒ်ကဲ့သို့ ဖြစ်နေခဲ့သည်။

သို့သော်လည်း လမ်းမကြီးထံမှ ကျယ်လောင် စူးရှသော အော်ဟစ်သံများသည် ထိုအရာက

+

အလွန်အမင်းကို ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်နေမှန်းကို သူ့အား သတိပေးနေခဲ့သည်။ ပထမ စစ်တပ်၏ လွယ်ကူသော အောင်ပွဲက သူ၏ စွမ်းအားကို သူ့အား ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

နေးဖော်ပြခဲ့သော ပထမ စစ်တပ်၏ တိုက်ခိုက်မှု နည်းစနစ်ကို သူက နောက်ဆုံးတွင် သဘောပေါက်သွားခဲ့လေပြီ။

သူသည် ဤမျှအထိ စည်းစနစ်ကျ၍ စည်းကမ်းသေဝပ်သော စစ်တပ် တစ်ခုအား ယခင်က တစ်ခါမှ မတွေ့ဖူးပဲ ပထမ စစ်တပ်မှ စစ်သားများသည် သူတို့၏ သေစေနိုင်သော

+

လက်နက်များကဲ့သို့ ထူးချွန်လှသည်ဟု ထင်နေမိသည်။

ဤစစ်တပ် အတွင်းတွင် စစ်သား များစွာတို့သည် လူတစ်ယောက်တည်း ဖြစ်နေသကဲ့သို့ တစ်ပြိုင်နက်တည်း လှုပ်ရှားနေကြပြီး အမှောင်ထု အတွင်းတွင် ငြိမ်သက်စွာ ရွေ့လျားခဲ့ကာ အရဏ်မတက်မီ ခြံခုံ တိုက်ခိုက်ရန် အဆင်သင့် ဖြစ်သွားကြသည်။

သူတို့သည် တိတ်တဆိတ် ချောင်းမြောင်းနေကြကာ သူတို့၏ အစီအစဥ် အတိုင်း တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲအား ကြီးကြပ် ကွပ်ကဲနေသူ တစ်ယောက်မှ မရှိသော်လည်း တပ်ဖွဲ့ ငါးဖွဲ့သည် အတူတကွ

+

နီးကပ်စွာ လုပ်ဆောင်ခဲ့ကြပြီး ကွပ်ကဲသူ ဖြစ်သော လင်းယုန်မျက်နှာသည် စခန်းအတွင်းတွင် နေမည့်အစား ခြုံခို တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်။

စစ်သားတိုင်းသည် အာရုံစူးစိုက်မှု အပြည့်ဖြင့် သူတို့၏ တာဝန်များကို စနစ်တကျ ဆောင်ရွက်ခဲ့ကြကာ အမိန့်တိုင်းကို ချက်ချင်း လိုက်နာခဲ့ကြသည်။ ဤမျှအထိ ထူးချွန်လှသော စစ်သားများ မရှိလျှင် ပထမ စစ်တပ်သည် လက်နက်ကောင်းများ ရှိနေသော်လည်း ဤမျှအထိ ကြီးမားသော အောင်မြင်မှုကို ရနိုင်လိမ့်မည် မဟုတ်ဟု သူက ယုံကြည်နေခဲ့သည်။

+

ဤတိုက်ပွဲအား မြင်တွေ့ခဲ့အပြီးတွင် တန်ဂျန်သည် သူက ဟားမီးစ်မှ နေ၍ အချိန်မီ ထွက်ခွာလာရန် ရွေးချယ်မိခြင်းကို ပျော်ရွှင် ဝမ်းမြောက်နေမိသည်။

အကယ်၍ သူသည် မြင့်မြတ်သော မြို့တော် အတွင်းတွင် ဆက်နေခဲ့ပါက ပထမ စစ်တပ်သည် မြို့အား သိမ်းပိုက်ခဲ့အပြီးတွင် သူကဲ့သို့သော ကုန်သည် တစ်ယောက်သည် ရန်သူများကို ထောက်ပံ့ပေးနေသည်ဟု အစွပ်စွဲခံရနိုင်ကိန်း ရှိသည်။

သူသည် တိတ်တခိုး သက်ပြင်းချလိုက်ရင်း ပြင်ပကမ္ဘာတွင် စီးပွားရေး လုပ်ရခြင်းသည် အမှန်ပင် အန္တရာယ်များကာ ဤတစ်ခေါက် အိမ်သို့

+

လုံခြုံစွာ ပြန်ရောက်ခဲ့လျှင် ထာဝရည မြို့မှ ဘယ်တော့မှ ပြန်လည် မထွက်ခွာတော့ဟု တွေးမိလိုက်သည်။

သူသည် မြို့တွင်း၌သာ စီးပွားရေး လုပ်ဆောင်နိုင်ပြီး ပိုက်ဆံများစွာ မရနိုင်သော်လည်း မိသားစုအား လုပ်ကျွေးနိုင်စွမ်း ရှိနေသေးသည်။

ထို့အပြင် သူ၏ သုခဘုံအိမ်မှ သူ့ဇနီး ဖူအာသည် သူ့အား အလွန်ပင် လွမ်းဆွတ် တမ်းတနေပေတော့မည်။

+

ငါက အိမ်ကို မြန်မြန် ပြန်ရောက်ဖို့ ဆုတောင်းနေပါတယ်။ တန်ဂျန်က အတွေးအတွင်းတွင် နစ်မြောနေတော့သည်။

*********

ထိုနေ့ညနေတွင် လင်းယုန်မျက်နှာသည် အစည်းအဝေး ကျင်းပနေသည့် ယာယီ ရွက်ဖျင်တဲ တစ်ခုအတွင်းသို့ ဝင်လာခဲ့၍ အက်ဒစ်အား အလေးပြုလိုက်ကာ တင်ပြချက် တစ်ခုအား ပေးလိုက်သည်။ "စစ်မြေပြင်ကို အခြေခံအားဖြင့် ရှင်းလင်းပြီးသွားပြီ ဖြစ်ပြီး ဒါက တပ်ဖွဲ့ တစ်ခုချင်းစီရဲ့ တင်ပြချက်တွေပါ... ကျွန်တော်က

+

သူတို့ကို အကြမ်းဖျင်း အနေနဲ့ အကျဉ်းချုပ် ထားပါတယ်"

"ကြိုးစားပမ်းစား ဆောင်ရွက်ပေးခဲ့တဲ့ အတွက် ကျေးဇူးပါ" မြောက်ပိုင်းဒေသမှ ပုလဲသည် တင်ပြချက်အား ယူလိုက်ပြီးမှ အကြမ်းဖျင်း ကြည့်လိုက်သည်။ သူမ မှန်းဆထားသည့် အတိုင်း ပထမ စစ်တပ်၏ ထိခိုက် ဆုံးရှုံးမှုသည် သုညဖြစ်ပြီး အရှေ့ဦး စစ်တပ်ကမူ လူတစ်ထောင်ကျော် သေဆုံးခဲ့ပြီး ခြောက်ရာခန့် ဒဏ်ရာ ရသွားကြသည်။

ဤတိုက်ခိုက်မှုသည် အရှေ့ဦး စစ်သားများ၏ အရေအတွက်ကို နှစ်ဆယ် ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်မည်ဟု ခန့်မှန်းရပြီး သူတို့

+

အများစုမှာ ပုံးများ ပေါက်ကွဲခြင်းနှင့်
ထိတ်လန့်တကြား ထွက်ပြေးရာမှ
အနင်းခံခဲ့ရသောကြောင့် ဖြစ်သည်။

သေနတ်နှင့် ကျည်ဆန်များသည် ခလောက်ဆန်
ရှုပ်ထွေးမှုကို ကြီးမားစွာ ဖြစ်ပေါ်စေခဲ့သော်လည်း
လူများစွာကိုမူ တိုက်ရိုက် သတ်ဖြတ်နိုင်စွမ်း
မရှိခဲ့ပေ။

ဤရလဒ်သည် အကြံပေး ဌာန၏ ခန့်မှန်းချက်များ
အတွင်းတွင် ရှိနေပေသည်။ မြောက်ပိုင်းဒေသမှ
မြို့စောင့်တပ်တွင် စစ်သား များများစားစား မရှိနေပဲ
မှော်သဘော်ာကလည်း ခဲယမ်းမီးကျောက်များအား

+

အရေအတွက် အကန့်အသတ်ဖြင့်သာ သယ်ဆောင်ပေးနိုင်သည်။

ရန်သူများအား လိုက်လံတိုက်ခိုက်၍ အပြတ်ရှင်းရန် မဖြစ်နိုင်သော အချိန်တွင် သူတို့သည် ရန်သူ အများစုအား မောင်းထုတ်ရန်သာ တတ်နိုင်ခဲ့သည်။ သို့သော်လည်း မြို့စောင့်တပ်သည် သူတို့အား ထွက်ပြေးအောင် စွမ်းဆောင်နိုင်ခဲ့လျှင် စစ်ဆင်ရေးအား အောင်မြင်သည်ဟု သတ်မှတ်၍ ရနိုင်ပေသည်။

စစ်ပွဲအဆုံးသတ်တွင် လူပေါင်း ထောင့်ရှစ်ရာကျော်တို့က လက်နက်များကို ချခဲ့ကြပြီး သူတို့အနက် နှစ်ဆယ့်ငါးယောက်မှာ

+

မှူးမတ်များ ဖြစ်ကြသည်။  ရာထူး အကြီးဆုံးသူမှာ သူ့ကိုယ်သူ ဘလွန်းမြို့၏ သခင်ဟု ပြောသော အားလ်တစ်ယောက် ဖြစ်သည်။ သို့သော်လည်း အက်ဒစ် အနေဖြင့် ရီမင် ပေတန်ဟုခေါ်သော ဘာရွန် တစ်ယောက်ကို ပို၍ စိတ်ဝင်စားနေခဲ့သည်။

တင်ပြချက်များ အရ ဤဘာရွန်မှ လွဲ၍ ကျန်သော မှူးမတ်များ အားလုံးသည် ပြန်ပေးငွေကို ပေးချေရန် ဆန္ဒရှိနေကြပြီး မျှတစွာ ဆက်ဆံမှု ခံရရန် တောင်းဆိုခဲ့ကြသည်။ ရီမင်ကမူ သူသည် မီးခိုးရောင် ရဲတိုက်မှ ဘုရင်၏ သူငယ်ချင်း တစ်ယောက်ဖြစ်သော အထူး အရာရှိ တစ်ယောက်နှင့် ရင်းနှီး ကျွမ်းဝင်နေသည်မှာ အချိန်အတန်ကြာရှိနေပြီဟု ထပ်ခါထပ်ခါ ပြောကြားခဲ့သည်။

+

"သူက တကယ်ပဲ ဒီလို ပြောခဲ့တာလား" သူမသည် သူမ လက်အတွင်းမှ စာအုပ်ငယ်လေးအား ခါနေရင်း လင်းယုန်မျက်နှာအား မေးလိုက်သည်။

"ကျွန်တော်ကတော့ သူက လျှောက်ပြောနေတယ်လို့ ထင်နေပြီး ဒါမှ မဟုတ်ရင်လည်း ဘုရင်ဟာ တင်မိုသီ ဝင်ဘယ်ဒန်ပဲ ဖြစ်နေသေးတယ်လို့ သူက ထင်နေသလား မသိဘူး" ဒုတိယ တပ်ရင်းမှူးက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။ "ခင်ဗျားက ဒီမှူးမတ်တွေကို ဘယ်လိုလုပ်ဖို့ စီစဉ်ထားသလဲ"

+

"ကျွန်မတို့က သူတို့ရဲ့ မိသားစုဝင်တွေ ပြန်ရွေးတာကို လက်ခံနိုင်မှာ မဟုတ်တဲ့အတွက် သူတို့ကို အကျဉ်းထောင်ထဲပဲ ထည့်ထားလိုက်ပါ" အက်ဒစ်က ခေတ္တမျှ တွေး၍ ပြောလိုက်သည်။ "သူတို့က အနာဂတ်မှာ အသုံးဝင်လာနိုင်တယ်... အရပ်သား အကျဉ်းသားတွေကိုတော့ ပြန်လွှတ်ပေးလိုက်ပါ... ကျွန်မတို့မှာ သူတို့ကို ကျွေးမွေးဖို့ အစာအပိုတွေ မရှိနေဘူး"

"ဟုတ်ကဲ့ပါ"

"ရှင်တို့က အရဏ်ဦး နိုင်ငံရဲ့ ဘုရင် အေပန် မိုရာကိုရော တွေ့ခဲ့သေးလား"

+

"ကျွန်တော်တို့က အလောင်းတွေ အားလုံးကို
စစ်ဆေးကြည့်ပြီးပေမဲ့ သူနဲ့ တူတဲ့
လူတစ်ယောက်ကိုမှ မတွေ့ရပါဘူး"
လင်းယုန်မျက်နှာက သူ၏ခေါင်းကို ခါလိုက်သည်။
"စစ်ဆေး မေးမြန်းတဲ့ အချိန်တုံးက အကျဉ်းသား
တစ်ယောက်ဟာ အေပန်နဲ့ သူ့ရဲ့
နိုက်သူရဲကောင်းတွေက စစ်မြေပြင်ထဲကနေ
ထွက်ပြေးသွားတာကို မြင်ခဲ့တယ်လို့ ပြောပါတယ်"

"သူ့ရဲ့ အဆိုအရ အေပန်နဲ့ သူ့ရဲ့ လူတွေဟာ
အဝတ်တွေ လဲပြီးမှ အလံတွေကို ထောင်ထားခြင်း
မရှိသလို တော်ဝင် မိသားစုနဲ့ ပတ်သတ်တဲ့
ဘာဝတ်စုံတွေကိုမှ မဝတ်ခဲ့ပဲ
ထွက်ပြေးသွားခဲ့ပါတယ်... ပြီးတော့ သူတို့ အဖွဲ့နဲ့

+

ပူးပေါင်းလိုသူတွေ မှန်သမျှကို ဘုရင်ရဲ့
နိုက်သူရဲကောင်းတွေက ဟန့်တားခဲ့ကြတယ်"

"ဒါပေမဲ့ သူဟာ အဝေးကနေ မြင်ခဲ့ရတဲ့ အပြင်
အရုဏ်ဦး နိုင်ငံရဲ့ စစ်တပ်ကလည်း ကစဥ့်ကလျား
ဖြစ်နေတာကြောင့် သူမြင်ခဲ့ရတာကို
သေချာတယ်လို့တော့ အာမမခံနိုင်ဘူးလို့
ပြောခဲ့ပါတယ်"

"ဒီအကျဥ်းသားက ဒါကို ဘယ်မှာ မြင်ခဲ့တာလဲ"

"မြင့်မြတ်သော မြို့တော်  အတွင်းမှာပါ"

+

"ဒီလိုဆိုရင်တော့ သူက အေပန် ဖြစ်နိုင်ဖို့ ရာခိုင်နှုန်း များတယ်" အက်ဒစ်က သူမ၏ ပခုံးများကို တွန့်လိုက်သည်။ "ဒီလောက်အထိ ကြီးမားတဲ့ စစ်တပ်ကို သူကိုယ်တိုင် ဦးဆောင်ဖို့ မလွဲမသွေ လိုအပ်နေမှာ ဖြစ်ပြီး တကယ်လို့ သူက စစ်တပ်နဲ့ အတူ ချီတက်ခဲ့ရင် ဘယ်နေရာမှာ နေမယ်လို့ ရှင်တို့က ထင်သလဲ"

"အင်း... တပ်ဦး ထိပ်ဖျားမှာပဲ နေမှာပေါ့" လင်းယုန်မျက်နှာက မသေမချာ ဖြစ်နေဟန်ဖြင့် ပြောလိုက်သည်။

"ပိုပြီးမှ တိတိကျကျ ပြောရရင် သူက ရှေ့ပြေးတပ်ဦးတွေရဲ့ အနောက်မှာ ရှိနေလိမ့်မယ်"

+

သူမက ပြန်ပြောလိုက်သည်။ "မြင့်မြတ်သော မြို့တော်ဟောင်းမှာ နံရံတွေ မရှိတဲ့ အတွက် မြို့တွင်းကို ပထမဆုံး ဝင်ရောက်နိုင်တဲ့သူက များများ လုယူနိုင်ခဲ့မှာပဲ"

"သူက ပထမဆုံး ရောက်ရှိတဲ့သူ ဖြစ်အောင် သူဟာ သူ့ရဲ့ကိုယ်ပိုင် နိုက်သူရဲကောင်းတွေကို ရှေ့ပြေးတပ်ဦး အဖြစ် လုပ်ဆောင်ခဲ့လိမ့်မယ်... ဒါမှသာ သူက ခြိမ်းခြောက်မှုတွေကို နှိမ်နင်းနိုင်သလို တစ်ချိန်တည်းမှာ အကျိုးအမြတ် အများဆုံးလည်း ရရှိနိုင်မှာ ဖြစ်တယ်"

+

"သူနဲ့ သူ့ရဲ့ နိုက်သူရဲကောင်းတွေဟာ ဗုံးကြဲ
တိုက်ခိုက်ခြင်း မစတင်မီကတည်းက မြို့တွင်းကို
ရောက်နေပြီလို့ ခင်ဗျားက ဆိုလိုချင်နေတာလား"

"အင်း… ဟုတ်တယ်… ဒါကြောင့်မို့ အေပန်ဟာ
မက်ဂီနဲ့ ပိတုန်းငှက်တို့ရဲ့ လေကြောင်း
တိုက်ခိုက်မှုတွေကနေ အသက်ရှင် ကျန်ရစ်ခဲ့ပြီး
အခြေအနေကို သုံးသပ်ဖို့ အချိန်ရှိကာကာ
မှန်ကန်တဲ့ လမ်းကြောင်းကို ရွေးချယ်ပြီး
လွတ်မြောက်သွားတာ ဖြစ်ရမယ်"

"သူ့အနေနဲ့ သူ့ရဲ့ ဂုဏ်သိက္ခာတွေကို ဘေးချပြီး
ဆုံးဖြတ်ချက် ပြတ်သားစွာ ရုပ်ဖျက်
ထွက်ပြေးသွားခဲ့တာက ဉာဏ်အတော်ရှိတယ်လို့

+

ကျွန်မက ပြောရလိမ့်မယ်" အက်ဒစ်သည် သူမ၏ နှုတ်ခမ်းထောင့်များကို အနည်းငယ် တွန့်လိုက်ကာ နှုတ်ခမ်းများကို လျှာဖြင့် အသာ သပ်လိုက်လေသည်။

"သေစမ်း... ကျွန်တော်တို့က ငါးကြီးကြီး လွတ်သွားခဲ့တယ်" လင်းယုန်မျက်နှာက အမျက်တကြီးဖြင့် ပြောလိုက်သည်။ "တကယ်လို့ ကျွန်တော်က လိုက်လံ ဖမ်းဆီးဖို့ တပ်ဖွဲ့တစ်ဖွဲ့ကို စီစဉ်ထားခဲ့ရင်..."

"မဟုတ်ဘူး... ဒါက အသုံးမဝင်နိုင်ဘူး" သူမက ဖြတ်ပြောလိုက်သည်။ "ဒီလိုမျိုး လွင်ပြင်ကျယ် အတွင်းမှာ သူထွက်ပြေးမယ့် လမ်းကြောင်းကို

+

ကြိုတင် မသိနေလို့ကတော့ လိုက်ဖမ်းဖို့
သိပ်မလွယ်ဘူး... ကျွန်မတို့က မင်းလမ်းမှာ ခြုံခို
တိုက်ခိုက်မှု အောင်မြင်ခဲ့တာဟာ သူတို့ရဲ့
နောက်ပြန်ဆုတ်တဲ့ အကျင့်နဲ့ စိတ်နေစိတ်ထားကို
အခွင့်ကောင်း ယူနိုင်ခဲ့လို့ ဖြစ်တယ်"

"တကယ်လို့ သူတို့က လမ်းရဲ့ အခြားတစ်ဘက်က
ဂျုံခင်းတွေ အတွင်းကို ထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့ရင်
ဒီလောက်အထိ လွယ်လွယ်ကူကူနဲ့ အောင်ပွဲရနိုင်မှာ
မဟုတ်ဘူး"

"..." ဒုတိယ တပ်ရင်းမှူးသည် ဤကိစ္စနှင့်
ပတ်သတ်၍ အငြင်းမပွားခဲ့သော်လည်း အေပန်အား
ဖမ်းမမိခဲ့သည့် အတွက် လွန်စွာ

+

စိတ်အနှောင့်အယှက် ဖြစ်နေသည့်ပုံ ပေါက်နေခဲ့သေးသည်။

"ရှင်က ရှင့်ကိုယ်ရှင် အပြစ်တင်နေစရာ မလိုပါဘူး… ဒါက ကျွန်မတို့အတွက် ဆိုးဝါးတဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး" အက်ဒစ်က ပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲ" လင်းယုန်မျက်နှာက သူ၏ခေါင်းကို စိတ်ဝင်တစားဖြင့် မော့လိုက်သည်။

"ဒါက ရှင်းပြရမှာ ရှုပ်ထွေးတယ်… ကြောက်ရွံ့မှုဟာ ကူးစက်တတ်ပြီး အရှေ့ဥရောပ နိုင်ငံက လူတွေဟာ ကျွန်မတို့က ဘယ်လောက်အထိ အစွမ်းထက်သလဲ

+

ဆိုတာကို သဘောပေါက်သွားရင် အရှင်မင်းမြတ်ရဲ့ သတိပေးမှုကို ဘယ်တော့မှ လျှော့တွက်ရဲတော့မှာ မဟုတ်ဘူး ဆိုတာကိုပဲ ရှင်သဘောပေါက်ထားရင် ရပါပြီ"

မြောက်ပိုင်းဒေသမှ ပုလဲက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။ "အေပန် မိုရာက ခက်ခဲတဲ့ အချိန်တစ်ခုနဲ့ ရင်ဆိုင်နေခဲ့ရပြီ"

သူမက ဆက်လက် ရှင်းပြလိုခြင်း မရှိနေဟု သိနေခဲ့သဖြင့် လင်းယုန်မျက်နှာကလည်း ဆက်၍ မမေးတော့ချေ။ "ဒီလိုဆိုတော့ ကျွန်တော်တို့က နောက်တစ်ဆင့် ဘာလုပ်ရမလဲ… မြင့်မြတ်သော

+

မြို့တော်ဟောင်းကို တိုက်ရိုက်
သိမ်းပိုက်လိုက်ရမလား"

"နေဦး… ဒါက မဖြစ်နိုင်ဘူး… ငါတို့မှာ ရှိတဲ့
လူငါးရာဟာ ဒီတာဝန်ကို ထမ်းဆောင်နိုင်ဖို့
အတော်လေး နည်းပါးနေတယ်" အက်ဒစ်က သူ၏
အကြံပြုချက်ကို တွေဝေနေခြင်း မရှိပဲ
ပယ်ချလိုက်သည်။

"ငါတို့က စောင့်ကြည့်ရဦးမယ်… မက်ဂီ
မိန်းကလေးက အခုဆိုရင် ဒီတာဝန်အတွက်
အရေးပါတဲ့ လူတစ်ယောက်ကို သွားခေါ်နေတယ်…
သူမရဲ့ အကူအညီနဲ့ ဆိုရင် ငါတို့က ဒီမြို့တော်ကို
လွယ်လွယ်ကူကူနဲ့ သိမ်းပိုက်နိုင်ခြေ ရှိနေတယ်"

+

# စာစဥ် ၆၀ : အပိုင်း ၅

## အပိုင်း ၈၉၀ : အရှင် ပုပ်ရဟန်းမင်းကြီး အစ္စဘယ်လာ

အစ္စဘယ်လာသည် မြို့တော်အား ထပ်ဖန်တစ်ခါ မြင်ခဲ့ရသော အချိန်တွင် သူမ၏ ရင်အတွင်းမှ ခံစားချက်များက ပြန်လည်၍ ပြင်းထန်လာလေသည်။

ထင်မှတ်မထားပဲ တစ်နှစ် အတွင်း၌ပင် မိစ္ဆာများအား အနိုင်ယူရန် တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်ခဲ့သည့် ဘုရားကျောင်းသည်

+

နတ်ဘုရားဆန္ဒ စစ်ပွဲ၌ လူသား မျိုးနွယ်စု
အနိုင်ရရန် အတွက် အတားအဆီး တစ်ခု
ဖြစ်လာခဲ့လေသည်။

သူမသည် ဤနေရာတွင် အချိန် ကြာမြင့်စွာ
နေထိုင်ခဲ့ဖူးသော်လည်း ဘုရားကျောင်း အပေါ်တွင်
သံယောဇဉ် မရှိနေပေ။ ရလဒ်သည် ဖြစ်စဉ်ထက်
များစွာပို၍ အရေးကြီးသည် ဟူသော အရှင်
ပုပ်ရဟန်းမင်းကြီး အိုဘရိုင်ယန်၏
အဆုံးအမများအား သူမ၏ နားအတွင်းတွင်
ကြားယောင်နေဆဲ ရှိသေးသည်။

အကယ်၍ လူသား မျိုးနွယ်စုသည် မိစ္ဆာများအား
အနိုင်ယူနိုင်ခြင်း မရှိပါက သူတို့အားလုံး၏

+

အားထုတ်မှုများသည် အချည်းနှီး ဖြစ်သွားမည်ကို
သူမက သေချာနေပေသည်။

သူမသည် သူမဘဝ တစ်လျှောက်လုံး
အိုဘရိုင်ယန်၏ ညွှန်ကြားချက်များကိုသာ
လိုက်နာခဲ့သည်။ ဝိညာဉ် ဝါးမျိုသူသည်
မိစ္ဆာများအား နှိမ်နင်းနိုင်ရန် အလားအလာ
ပိုကောင်းနေသဖြင့် သူမသည် ဂိုဏ်းအုပ်
ဘုန်းတော်ကြီးမိန်း အစား ဇီးရိုးအား
ထောက်ပံ့ပေးရန် ရွေးချယ်ခဲ့သည်။ ဇီးရိုးက ရိုလန်
ဝင်ဘယ်ဒန်အား ရှုံးနိမ့်သွားသော အချိန်တွင်မူ
သူမသည် ဘုရင်အား အလုပ်အကျွေးပြုရန်
ရွေးချယ်ခဲ့လေသည်။

+

အကယ်၍ အခုအချိန်၌ သူမသည် ရိုလန်ထက် ပို၍ အစွမ်းထက်သော ခေါင်းဆောင်တစ်ယောက်အား ရှာနိုင်ခဲ့မည် ဆိုလျှင် ပို၍ စွမ်းဆောင်နိုင်သော သူအား တွေ့ဝေနေခြင်း မရှိပဲ ထပ်ဖန်တစ်ခါ ရွေးချယ်လိမ့်မည် ဖြစ်သည်။

သူမ ဤကဲ့သို့ ပြုလုပ်ရခြင်း အတွက် ကောင်းမွန်သော အကြောင်းပြချက်များ ရှိနေသည်။

သူမ၏ အမြင်အရ လူသား မျိုးနွယ်စု ဆက်လက် တည်တံ့နိုင်ရေးသည် မည်သည့်လူ တစ်ဦးတစ်ယောက်၏ အကျိုးအမြတ်ထက် မဆို များစွာပို၍ အရေးကြီးလေသည်။

+

သို့တိုင်အောင် သူမသည် သူမ၏ ရင်အတွင်းရှိ
နက်ရှိုင်းသော နေရာမှ ထူးဆန်းသော
နောင်တအချို့ကို လက်မလွှတ်နိုင်ခဲ့သေးပေ။
သူမသည် အဘယ်ကြောင့် ဤကဲ့သို့
ခံစားနေရမှန်းကို မြင့်မြတ်သော
မြို့တော်ဟောင်းထံသို့ ပြန်ရောက်လာသည့်
အချိန်မှသာ သဘောပေါက်သွားခဲ့သည်။

သူမသည် ဇီးရိုးအတွက် တစ်ချိန်လုံး
ဝမ်းနည်းနေမိမှန်းကို ယခုမှ တွေ့ရှိသွားခဲ့လေသည်။

ထိုအချိန်က သန့်စင်စုန်းမများသည် သူတို့နှင့်
နှစ်ရာပေါင်းများစွာ နေထိုင်ပြီး ဖြစ်သော ဇီးရိုးတို့
အကြားမှ ကွာဟချက်သည် မယုံနိုင်အောင်

+

ကြီးမားနေသည်ဟု ယုံကြည်နေကြပြီး ဝိညာဉ်
ဝါးမျိုသူ၏ စိတ်ထားက ရုတ်တရက်
ပြောင်းသွားခဲ့သော အခါ တိတ်တဆိတ် မကျေမနပ်
ဖြစ်ခဲ့ကြသည်။

သို့သော်လည်း အစ္စဘယ်လာ အနေဖြင့် ဇီးရိုးနှင့်
တည့်အောင် ပေါင်းနိုင်ခဲ့သည်။ နတ်ဘုရားဆန္ဒ စစ်ပွဲ
တစ်လျှောက် ကိုယ်ပိုင် အကျိုးအမြတ်များ
ရယူလိုနေသော ကျန်သည့် သန့်စင်စုန်းမများနှင့်
စာလျှင် ဇီးရိုးသည် များစွာပို၍ ပွင့်လင်းကာ
ခိုင်မာသော စိတ်ထားရှိသည်ဟု သူမက
မြင်နေခဲ့သည်။

+

သူမသည် လက်ထောက်အဖြစ် နေသားကျနေခဲ့၍ ဇီးရိုးသည် ခေါင်းဆောင်တစ်ယောက် ဖြစ်နေသည်မှ လွဲ၍ သူတို့နှစ်ယောက် အကြားတွင် ခြားနားမှု သိပ်မရှိဟု သူမက ယုံကြည်နေခဲ့သည်။

ထိုအရာသည် ဇီးရိုး၏ သဘာဝ စိတ်ထား မဟုတ်ပဲ နှစ်ပေါင်းနှစ်ရာကျော် နေထိုင်လာသည့် အတွေ့အကြုံ ရင့်ကျက်သော စုန်းမတစ်ယောက်၏ ရှောင်လွှဲ၍ မရသော ဆုံးဖြတ်ချက် တစ်ခုသာ ဖြစ်နေမှန်းကို သူမက သိနေပေသည်။

အကယ်၍ ဇီးရိုးသည် ရိုလန်နှင့် ဆယ်နှစ်ခန့် ပိုစောစော တွေ့ခဲ့လျှင် မြင့်မြတ်သော

+

မြို့တော်သည် ယခုအချိန်နှင့် များစွာ ကွဲပြား ခြားနားနေလိမ့်မည်ဟု သူမက ခန့်မှန်းမိသည်။

ကံမကောင်းစွာဖြင့် အရာအားလုံးက နောက်ကျသွားခဲ့လေပြီ။

ကောင်းကင်ပေါ်တွင် နှစ်ခါ ရစ်ဝဲ ပျံသန်းခဲ့အပြီးတွင် မက်ဂီသည် မြို့ပြင်မှ စခန်းအတွင်းသို့ ဆင်းသက်လာခဲ့လေသည်။

"ငါတို့ရောက်ပြီ... အောက်ဆင်းကြရအောင်" အစ္စဘယ်လာ၏ အနောက်မှ အက်ဂါသာက ပြောလိုက်သည်။

+

အစ္စဘယ်လာက ခေါင်းညိတ်လိုက်ရင်း သားရဲ၏ ကျောပေါ်မှ ခုန်ဆင်းလိုက်ရာ အနီးအနားတွင် စောင့်နေကြသော စစ်သားအချို့က ချက်ချင်း ရောက်လာကြသည်။ "လေဒီ အက်ဒစ်က ခင်ဗျားကို တဲအတွင်းမှာ စောင့်နေပါတယ်… ကျေးဇူးပြုပြီးမှ ကျွန်တော်တို့ အနောက် လိုက်ခဲ့ပါ"

ရိုလန်သည် မက်ဂီအား ရေခဲစုန်းမနှင့် အတူ အစ္စဘယ်လာအား မြင့်မြတ်သော မြို့တော်ဟောင်းသို့ လာခေါ်စေခဲ့ပြီး အစ္စဘယ်လာအား သူမ၏ အပြစ် ဆေးကြောနေရသည့် အချိန်ကာလ အတွင်း အခြား စုန်းမတစ်ယောက်၏ စောင့်ကြည့်မှုအောက်တွင် အလုပ်လုပ်ရမည် ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း

+

ပြောကြားထားခဲ့ရာ သူမကလည်း လိုလိုလားလား လက်ခံခဲ့သည်။

သူမ အတွက်မူ ဤအရာကပင် မမျှော်လင့်ထားသော မျက်နှာသာပေးသည့် ဆက်ဆံခြင်းမျိုး ဖြစ်နေပေပြီ။ သူမသည် သူမ၏ ခြေလက်များ ပေါ်၌ နတ်ဘုရား တံ့ပြန်မှု လည်ဆွဲများ သို့မဟုတ် လက်ထိပ်များကို တပ်ဆင်ထားစရာ မလိုပဲ သူမ၏ အဝတ်များကပင် အသစ်စက်စက် ဖြစ်နေခဲ့သည်။

တဲအတွင်းသို့ ဝင်သွားအပြီးတွင် သူမသည် ခုံတစ်လုံး အနောက်တွင် ရပ်နေ၍ ပြုံးနေသော အမျိုးသမီး တစ်ယောက်အား တွေ့လိုက်ရသည်။

+

"ကျွန်မက ကာကွယ်ရေး ဌာနရဲ့ အဖွဲ့ဝင် တစ်ယောက်ဖြစ်တဲ့ အက်ဒစ်ကန်နဲ့ ဖြစ်ပြီး မြင့်မြတ်သော မြို့တော် စစ်ဆင်ရေးရဲ့ ယာယီ ကွပ်ကဲသူ ဖြစ်ပါတယ်"

အတော်လေးကို ကြည့်ကောင်းတဲ့ သာမန်လူ အမျိုးသမီး တစ်ယောက်ပဲ။ အစ္စဘယ်လာက တွေးလိုက်သည်။ "ရှင်က ဟားမီးစ် ကုန်းပြင်မြင့်ကို အရင် ထိန်းချုပ်ပြီးမှ မြင့်မြတ်သော မြို့တော်ဟောင်းကို သိမ်းပိုက်လိမ့်မယ်လို့ ကျွန်မက ထင်နေခဲ့တယ်"

"အစက ဒီလို စီစဥ်ထားပေမဲ့ အရဏ်ဦး နိုင်ငံက စစ်တပ်က ကျွန်မတို့ ထင်မှတ်ထားတာထက်

+

ပိုမြန်မြန် လှုပ်ရှားခဲ့တယ်" အက်ဒစ်က
အခြေအနေကို အကြမ်းဖျင်း ရှင်းပြလိုက်သည်။
"အရှင်မင်းမြတ်ရဲ့ အမိန့်အရ
ဘုန်းကြီးကျောင်းတွေရဲ့ လုံခြုံမှုကို
စောင့်ရှောက်ရမှာ ဖြစ်ပြီး ဒါက ပြဿနာ
မဟုတ်နိုင်ဘူး... အဓိက ပြဿနာက မိဘမဲ့တွေကို
ဘုန်းကြီးကျောင်းတွေကနေ အစီအစဉ် တကျ
ဖြစ်အောင် ဘယ်လို ခေါ်ထုတ်ရမလဲ ဆိုတာပဲ"

"တကယ်လို့ ကျွန်မ မှတ်ထားတာ မမှားရင်
သူတို့အားလုံးကို ဘုရားကျောင်းက သင်ကြား
စောင့်ရှောက်ထားခဲ့တာ... တကယ်လို့ ကျွန်မတို့က
သူတို့ကို ဖိအားပေးပြီးမှ ခေါ်ဆောင်လာခဲ့ရင်
ကျွန်မတို့ရဲ့ အစီအစဉ်ကို နှောင့်နှေးစေနိုင်တယ်...
ရှင့်မှ ဒီပြဿနာ အတွက် အဖြေရှိနိုင်မယ်လို့
+

ကျွန်မက မျှော်လင့်နေပါတယ်… ဘာပဲပြောပြော အရှင်မင်းမြတ်က စစ်ဆင်ရေး မစကတည်းက ရှင့်ကို ဒီတာဝန် ခန့်အပ်ထားခဲ့တာ"

အစ္စဘယ်လာက မအောင့်နိုင်ပဲ မျက်မှောင်ကြုတ်သွားသည်။ "နေပါဦး… ရှင်တို့က ဒီနေရာကို တိမ်တိုက်လှေကားကနေ တဆင့် လာခဲ့တယ်လို့ ပြောခဲ့တာလား"

"ဟုတ်တယ်လေ… တစ်ခုခု မှားနေလို့လား"

"ဒီနေရာက အမတန်မှ အရေးကြီးတဲ့ နေရာဖြစ်ပြီး ပုံမှန်ဆိုရင် အစောင့်အကြပ် ထူထပ်စွာ

+

ချထားတာ… ဒီလမ်းကြောင်းက ဘယ်လိုလုပ်ပြီးမှ ကာကွယ်နေတဲ့သူ တစ်ယောက်မှ မရှိခဲ့ရတာလဲ"

"ဟုတ်သလား" အက်ဒစ်၏ အသံက လေးနက်သွားသည်။ "ဒါပေမဲ့ ကုန်သည်တွေက ဒါဟာ လူသိနည်းတဲ့ လျှို့ဝှက်လမ်းကြောင်း တစ်ခုလို့ သိထားပြီး ရှယ်ဗီကလည်း သူ့မှာ ဘာထူးခြားတာမှ မတွေ့ခဲ့ဘူး"

"ဘုရားကျောင်းက ဒီနေရာမှာ အခြေချနေတာ နှစ်ရာပေါင်းများစွာ ရှိပြီ ဖြစ်ပြီး ဒီနေရာနဲ့ ပတ်သတ်တဲ့ အရာအားလုံးကို အသေအချာ စူးစမ်းထားတယ်… ဘုရားကျောင်းက လူတွေ အနေနဲ့ မြို့ရိုးကို ဖြတ်သန်းစရာ မလိုပဲ

+

မြို့အတွင်းကို ဝင်နိုင်တဲ့ ဒီလောက်အထိ
အရေးကြီးတဲ့ လမ်းကြောင်းတစ်ခုကို
လျစ်လျူရှုထားဖို့ဆိုတာ မဖြစ်နိုင်ဘူး"
အစ္စဘယ်လာက သူမ၏ခေါင်းကို ခါလိုက်သည်။

"သူတို့က မှောင်ခို ကုန်သည်တွေကို
တမင်သက်သက် လွှတ်ထားပေးတာ ဖြစ်ပြီး
ဒီလမ်းကြောင်းကို မိစ္ဆာမျိုးသောလ အတွင်းမှာ
တိုင်းပြည်လေးခုက ညွှန့်ပေါင်း တပ်ဖွဲ့ကို
တိုက်ခိုက်ဖို့ အတွက် ရည်ရွယ်ထားတာ ဖြစ်တယ်"

"သူ့ရဲ့ ကင်းမျှော်စင်တွေကို တောင်အတွင်းက
သဘာဝ ထုံးကျောက်ဂူတွေ အတွင်းမှာ

+

ကွယ်ဝှက်ထားတာ ဖြစ်လို့ ကုန်သည်တွေက
အစောင့်တွေကို မတွေ့ရတာ ဖြစ်တယ်"

"ဒီလမ်းကြောင်းက အခုအချိန်မှာ ကာကွယ်မှု
မရှိတော့လို့ မြင့်မြတ်သော မြို့တော်ဟောင်းမှာ
အုပ်ချုပ်မှု အာဏာတွေ ပြိုကွဲသွားပြီလို့
ဆိုလိုနေတာလား"

"တိမ်တိုက် လှေကားဟာ မြို့ရိုးပြင်ပက
အင်အားစုတွေရဲ့ စောင့်ကြပ်မှုကို ခံရတာဆိုတော့
သဘောတရား အရ သူ့ရဲ့ ကင်းမျှော်စင်တွေက
မြို့တော်အတွင်းက အခြေအနေတွေရဲ့
အကျိုးသက်ရောက်မှုကို ခံရမှာ မဟုတ်ဘူး...
တကယ်လို့ နင်ခွင့်ပြုမယ် ဆိုရင် ငါက ဟားမီးစ်

+

အတွင်းကို သွားပြီးမှ တစ်ချက်
ကြည့်ကြည့်ချင်တယ်"

စကား ပြောနေရင်း အစ္စဘယ်လာသည် သူမ၏
ရင်အတွင်း၌ ဤအခြေအနေကို အတော်လေး အံ့သြ
မှင်သက်နေခဲ့ကာ သူမကိုယ် သူမ တွေးနေခဲ့သည်။
ဒါက အုပ်ချုပ်မှု အာဏာ ပြိုကွဲတာနဲ့ တူနေလို့လား။
မဟုတ်ဘူး၊ ဒါက မြို့တော်ကို စွန့်လွှတ်ပြီး
ထွက်ပြေးသွားကြတာနဲ့ ပိုတူနေတယ်။

"ဘုန်းကြီးကျောင်းတွေရဲ့ ပြဿနာကို အရင်
ဖြေရှင်းရအောင်" အက်ဂါသာက ပြောလိုက်သည်။
"ငါတို့က သူတို့အတွင်းက အခြေအနေကို
ကောင်းကင်ပေါ်ကနေ စုံစမ်းဖို့ ဖြစ်နိုင်မလား"

+

"ကျွန်မတို့က စုံစမ်းပြီးပါပြီ… လျှပ်စီးက အဓိက ဘုန်းကြီးကျောင်း သုံးခုစလုံးကို စစ်ဆေးခဲ့ပြီး ပြဿနာကြီး တစ်ခုကို တွေ့လိုက်ရတယ်… ကြည့်ရတာ မိဘမဲ့တွေ အားလုံးကို တစ်စုံတစ်ယောက်က စုစည်းထားပြီး သူတို့ရဲ့ အိမ်တွေကို သေတဲ့အထိ ခုခံသွားမယ်လို့ ဆုံးဖြတ်ထားပုံ ပေါက်နေတယ်… ဒါက ကျွန်မတို့ လှုပ်ရှားမှု မလုပ်သေးပဲ စောင့်နေရတဲ့ အကြောင်းရင်းတွေ အနက်က တစ်ခုဖြစ်တယ်"

"အရှေ့ဦး နိုင်ငံရဲ့ စစ်တပ်နဲ့ ရင်ဆိုင်ခဲ့တဲ့ တိုက်ပွဲအတွင်းမှာ ကျွန်မတို့ စစ်သားတွေ အားလုံးက အန္တရာယ် မရှိခဲ့ပဲ မြို့တွင်းကျမှ ထိခိုက်

+

ဆိုးရှိုးမှုတွေ ရှိမှာကို ကျွန်မက မမြင်လိုနေဘူး" အက်ဒစ်က သူမ၏ လက်များကို ဖြန့်၍ ပြောလိုက်သည်။

"တစ်စုံတစ်ယောက်က မိဘမဲ့တွေကို စုစည်းထားတယ်... ဟုတ်လား" အစ္စဘယ်လာက ခေတ္တမျှ တွေးပြီးမှ ပြောလိုက်သည်။ "ကျွန်မက သူတို့နဲ့ စကားသွားပြောကြည့်ချင်တယ်"

"ရှင်တစ်ယောက်တည်းလား"

သူမက "ဟုတ်တယ်"ဟု ပြန်ဖြေတော့မည် အပြုတွင် တစ်စုံတစ်ခုက မှားနေသည်ကို သဘောပေါက်သွားခဲ့ပြီး သူမ၏ စကားလုံးများကို

+

ပြန်လည် မျိုချလိုက်ကာ ပြန်ပြောလိုက်သည်။
"မဟုတ်ဘူး… အက်ဂါသာက ကျွန်မနဲ့အတူ
လိုက်လာလိမ့်မယ်"

………

"လေ.. လေဒီ အစ္စဘယ်လာ" အစ္စဘယ်လာအား
တွေ့ခဲ့သော အခါ မာဂီသည် ရုတ်တရက်
ထရပ်လိုက်ပြီးမှ သူမ၏ ညာလက်အား
ရင်ဘတ်ပေါ်သို့ မသိစိတ်မှနေ၍ တင်လိုက်သည်။

"ငါကနင့်ကို ပြောထားတာ အကြိမ်ပေါင်းများစွာ
ရှိပြီ… နင်က ငါ့ကို ဘွဲ့ထူးတပ်ပြီးမှ ခေါ်စရာ
မလိုတော့ဘူး… ငါ့နာမည်ကိုပဲ ခေါ်ပါ" သူမက

+

ခပ်တည်တည်ဖြင့် ပြောလိုက်သည်။ "ငါတို့က သန့်စင်စုန်းမတွေ မဟုတ်တော့ဘူး"

"ဟုတ်ကဲ့ပါ... သခင်မ" မာဂါက အလေးတကြီးဖြင့် ခေါင်းညိတ်လိုက်လေသည်။

အစ္စဘယ်လာက တိတ်တခိုး သက်ပြင်းချလိုက်သည်။ အရှင်မင်းမြတ်သည် သူမ၏ လှုပ်ရှားမှုကိုသာ ကန့်သတ်ထားခဲ့ပြီး မာဂါနှင့် ဗနီလာတို့ကိုမူ ကန့်သတ်ခဲ့ခြင်း မရှိပေ။

သို့ဖြစ်၍ ယခင်က သန့်စင်စုန်းမများသည် ဘုန်းကြီးကျောင်းမှ အကျင့်ဟောင်းများကို မဖျောက်နိုင်သေးပဲ တခါတရံတွင် နိုင်ငံခြား ရေးရာ

+

အဆောက်အအုံသို့ လာခဲ့ကြကာ စုန်းမ သမဂ္ဂတွင် သူတို့ တွေ့ရှိခဲ့ကြသော စိတ်ဝင်စားစရာ ကောင်းသည့် အရာများကို ပြောလေ့ရှိကြသည်။ ကံကောင်းစွာဖြင့် အက်ဂါသာကလည်း ဘာမှ သဘောမထားခဲ့ပေ။

"ငါတို့ကို မြို့အတွင်း ခေါ်သွားပါ" သူမသည် သိပ်မဝေးလှသော နေရာတွင် ရှိနေသည့် မြို့တော်အား ညွှန်ပြလိုက်သည်။

မာဂရီသည် မော်သဘော်အား ဆင့်ခေါ်လိုက်ကာ သူတို့အား လိုက်ပို့သည့် အက်ဒစ်ထံသို့ လှည့်ကြည့်လိုက်သည်။ "ပထမ စစ်တပ်က ကျွန်မတို့နဲ့ အတူ မလိုက်ဘူးလား"

+

"နင်တို့က မြို့တော်ကို လုံခြုံအောင် ပြုလုပ်နိုင်ခြင်း မရှိသေးသရွေ့ သူတို့က မြင့်မြတ်သော မြို့တော်ပဟောင်း အတွင်းကို ဝင်မှာ မဟုတ်ဘူး"

မှော်သဘော်သည် မြေကြီး အတွင်းသို့ လျင်မြန်စွာ နစ်ဝင်သွား၍ သူတို့ ခေါင်းပေါ်မှ မြေကြီးသည် ထွင်းဖောက် မြင်နေရသော မျက်နှာကြက် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုမျက်နှာကြက်မှ တဆင့် သူတို့သည် ကောင်းကင်ပေါ်တွင် ပျံသန်းနေရင်း သူတို့အား လမ်းပြနေသော လျှပ်စီးကို မြင်နိုင်ခဲ့သည်။

+

မြင့်မြတ်သော မြို့တော်ဟောင်း အတွင်းတွင်
ဘုန်းကြီးကျောင်း လေးခု ရှိနေသော်လည်း
သူတို့အား တစ်ခုတည်းသော အဖွဲ့အစည်း ဟူ၍
သတ်မှတ်၍ ရနိုင်ပေသည်။ သူတို့အား ရောင်ပြန်
ကျောင်းတော် ပတ်ပတ်လည်တွင်
တည်ဆောက်ထားခြင်း ဖြစ်၍ မြေအောက်
လှိုဏ်ခေါင်းများဖြင့် ချိတ်ဆက်ထားကာ
တောင်အတွင်းမှ လျှို့ဝှက် ဘုရားကျောင်းနှင့်
လျှို့ဝှက်လမ်းကြောင်း တစ်ခုဖြင့်
ဆက်သွယ်ထားသည်။

ဤမြေအောက် လမ်းကြောင်းများမှ တဆင့် စုန်းမ
အသစ်များကို ဝင်စားခြင်း အခမ်းအနားသို့
အလွယ်တကူ ခေါ်ဆောင်သွားနိုင်သော်လည်း
အသစ် နိုးထလာသော ထူးကဲစုန်းမ တစ်ယောက်က

+

ဘုန်းကြီးကျောင်း တစ်ကျောင်းအား မီးရှို့
ပြာချခဲ့အပြီးတွင် သူတို့အား ပိတ်ဆို့ထားခဲ့သည်။

မော်သဘော်သည် ငြိမ်သက်စွာဖြင့် အပြင်အကျဆုံး
ဘုန်းကြီးကျောင်း ဖြစ်သည့် အနောက်ပိုင်း ဒေသ
ဘုန်းကြီးကျောင်း အတွင်းသို့ တိတ်တဆိတ်
ဝင်ရောက်လာခဲ့သည်။ လျှပ်စီးပြောထားသကဲ့သို့
ကျယ်ပြန့်လှသည့် ခြံဝင်းအတွင်းတွင်
ပိန်ကပ်နေသည့် မိန်းကလေး နှစ်ယောက်မှ လွဲ၍
မည်သူမှ မရှိနေကြပေ။

သူတို့သည် ခန်းမဝင်ပေါက် အရှေ့တွင် သူတို့ထက်
များစွာပို၍ ရှည်သည့် လှံများကို ကိုင်ထားရင်း
ရပ်နေကြလေသည်။

+

"ငါတို့ရောက်ပြီ… အပေါ်တက်ကြစို့"
အစ္စဘယ်လာက ပြောလိုက်သည်။

"ကျွန်မတို့က အရင် အထဲဝင်သွားပြီး
စစ်ဆေးကြည့်ဖို့ မလိုဘူးလား" မာဂီက
အံ့အားတကြီးဖြင့် မေးလိုက်သည်။

"မလိုဘူး… အတွင်းမှာ ကွယ်ဝှက်ထားတဲ့
နတ်ဘုရား တံ့ပြန်မှု ကျောက်တုံးများစွာ ရှိနေလို့
ငါတို့က မစွန့်စားသင့်ဘူး" အစ္စဘယ်လာသည်
ဘုန်းကြီးကျောင်းကဲ့သို့သော အရေးပါသည့်
နေရာများတွင် ဘုရားကျောင်းသည်
ခြေလှမ်းတစ်ရာ အထိ အကျိုးသက်ရောက်မှု

+

ရှိနိုင်သော ရောမ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးများကို ထားခဲ့မှန်း သိနေပြီး သူမကလည်း သူတို့၏ အစွမ်းကို ချေဖျက်နိုင်စွမ်း မရှိပေ။

မှော်သဘော်သည် လျင်မြန်စွာဖြင့် မြေပေါ်သို့ တက်လာခဲ့၍ အစောင့်များအား တုန်လှုပ် ချောက်ချားစေခဲ့သည်။ သူတို့၏ မျက်လုံး အတွင်း၌ ဤအမျိုးသမီး နှစ်ယောက်တို့သည် မည်သည့်နေရာမှ မသိ ရုတ်တရက် ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။

စူးရှသော လေချွန်သံ တစ်ခု ရုတ်တရက် ပေါ်လာပြီး ပိတ်ထားသော ပြတင်းပေါက်များ အားလုံးတို့က

+

တစ်ခုပြီး တစ်ခု ပွင့်လာ၍ ခေးများ၊ သစ်သားဒိုင်းများ၊ လက်ကိုင် ဒူးလေးများကို ကိုင်ဆောင်ထားကြသော မိဘမဲ့ တစ်အုပ်စုကို ဦးဆောင်၍ သီလရှင် ဆယ်ယောက်ကျော်ခန့် ပြေးထွက်လာကြသည်။

အက်ဂါသာသည် သူမ၏ လက်အတွင်းတွင် ရေခဲများကို ဆင့်ခေါ်ထားပြီး အကယ်၍ သူတို့က မြားများကို စတင် ပစ်ခတ်ခဲ့လျှင် အစ္စဘယ်လာအား ကာကွယ်ပေးရန် အသင့်ပြင်ထားလိုက်သည်။

"နေ.. နေကြပါဦး… ရပ်လိုက်ကြ" ရုတ်တရက်ပင် ရှေ့ဆုံးမှ ဦးဆောင်လာသော သီလရှင်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

+

"ရှင်.. ရှင်က အရှင် ပုပ်ရဟန်းမင်းကြီးရဲ့ ဘေးက သန့်စင်စုန်းမ ဖြစ်သူ လေဒီ အစ္စဘယ်လာ ဟုတ်ပါသလား" နောက်ထပ် သီလရှင် တစ်ယောက်က တုန်ခါနေသော လေသံဖြင့် မေးလေသည်။

ဤစကားကို ကြားခဲ့ရသော အခါ လူအားလုံးက ရပ်တန့်သွားကြသည်။

"ဟုတ်တယ်… ကျွန်မပါပဲ" အစ္စဘယ်လာက တည်ငြိမ်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

+

ဤသီလရှင်များက သူမအား
မှတ်မိနေကြသေးသည်ကို မြင်ခဲ့ရသော အခါ
အရှင်မင်းမြတ် ပေးအပ်ထားသော တာဝန်အား
ချောမွေ့စွာ ထမ်းဆောင်နိုင်တော့မည်ဟု သူမက
တွေးလိုက်လေသည်။

သို့သော်လည်း သူတို့၏ ရုတ်တရက် သဘောထား
ပြောင်းလဲသွားမှုကြောင့် သူမက
အငိုက်မိသွားခဲ့သည်။

"သခင်မက တကယ်ပဲ လေဒီ အစ္စဘယ်လာ
ဖြစ်တယ်... အရမ်းကောင်းတာပဲ… ကျွန်မတို့ကို
ကယ်မယ့်သူ ပေါ်လာပြီ"

+

"လေဒီ... မဟုတ်ဘူး... အရှင် ပုပ်ရဟန်းမင်းကြီး အစ္စဘယ်လာ... အရှင် ပုပ်ရဟန်းမင်းကြီး... ကျေးဇူးပြုပြီးမှ ကျွန်မတို့ကို ကယ်ပါဦး"

"အရှင် ပုပ်ရဟန်းမင်းကြီး... ကျွန်မတို့ကို မထားခဲ့ပါနဲ့"

ပို၍ပို၍ များသော သူများသည် သူတို့၏ လက်နက်များကို အောက်ချလိုက်ကာ ဒူးထောက်လိုက်ပြီး "အရှင် ပုပ်ရဟန်းမင်းကြီး"ဟု ကျယ်လောင်စွာ အော်ဟစ်နေကြလေသည်။

## စာစဥ် ၆၀ : အပိုင်း ၆

+

# အပိုင်း ၈၉၁ : ဘုန်းကြီးကျောင်း၏ ခါးသီးသော ဒုက္ခ

"ငါက ပုပ်မဟုတ်ဘူး... အရှင် ပုပ်ရဟန်းမင်းကြီးက..." အစ္စဘယ်လာက ငြင်းဆန်ရန် ဟန်ပြင်လိုက်သော်လည်း အက်ဂါသာက သူမ၏ ပခုံးအပေါ်တွင် လက်တင်၍ ဟန့်တားလိုက်သည်။

"လက်ရှိတာဝန်က ပိုအရေးကြီးတယ်... အရှင်မင်းမြတ်ကလည်း ဘယ်လိုမှ သဘောထားမှာ မဟုတ်ပါဘူး"

ဤစကားများသည် အကျိုးအကြောင်း ဆီလျှော်နေသည့်ပုံ ပေါက်မနေသော်လည်း

+

အက်ဂါသာ ဆိုလိုသည်ကို အစ္စဘယ်လာက ချက်ချင်း သဘောပေါက်သွားခဲ့သည်။ ဤကဲ့သို့သော လိမ်ညာမှု ပုံစံသည် ရိုးရှင်းသော ဖြေရှင်းမှု တစ်ခု ဖြစ်နေသော်လည်း စွမ်းအားကို တန်ဖိုးထားသည့် သခင်များ အနေဖြင့်မူ မျက်စိ ဆံပင်မွေး စူးစရာ ကိစ္စတစ်ခု ဖြစ်နေပေလိမ့်မည်။

အစ္စဘယ်လာသည် ဆောင်းမဲ့မြို့တော်တွင် သူမ မြင်ခဲ့ရသော အရာများ အားလုံးတို့ကို ပြန်လည် စဉ်းစားမိသော အခါ သူမ၏ စကားလုံးများကို ပြန်လည် မျိုချလိုက်၍ မေးလိုက်သည်။ "နင်တို့ကို ကူညီဖို့ ငါ့ကို လိုအပ်နေတယ် ဆိုတာက ဘာအဓိပ္ပာယ်လဲ… တရားစီရင်သူ စစ်သည်တော်တွေနဲ့ ဘုန်းတော်ကြီးတွေက ဘယ်မှာလဲ"

+

"သူတို့အားလုံးက ထွက်ပြေးသွားကြပါပြီ"

"အားလုံး မဟုတ်ဘူး… တချို့ကို မြင့်မြတ်သော မြို့တော်ကနေ ပြန်ခေါ်သွားတာ" နောက်ထပ် သီလရှင် တစ်ယောက်က ငြင်းဆန်လိုက်သည်။

"ကျွန်မတို့က ပြစ်မှုတွေကို ကျူးလွန်မိပြီး ဘုန်းတော်ကြီးတွေကိုတောင် သတ်ခဲ့မိပါတယ်"

"ဒါက သူမရဲ့ အပြစ် မဟုတ်ပါဘူး"

+

"ကျွန်မတို့မှာ အစားအစာနဲ့ အဝတ်အထည်တို့ မရှိတော့ပဲ ပြီးခဲ့တဲ့ နှစ်လလုံးလုံး ဘာထောက်ပံ့မှုကိုမှ မရရှိခဲ့ဘူး… ကျွန်မတို့က အစွန့်ပစ် ခံခဲ့ရပြီလား"

"အဓိပ္ပာယ် မရှိတာ… အရှင် ပုပ်ရဟန်းမင်းကြီး ရောက်လာတာကို မတွေ့ဘူးလား"

သီလရှင်နှင့် မိဘမဲ့တို့သည် ကတောက်ကဆတ် ဖြစ်ကုန်ကြကာ အချင်းချင်း အော်ဟစ်ကြကုန်သည်။

"တိတ်စမ်း… ငါက အသံ တစ်သံပဲ လိုအပ်တယ်" အစ္စဘယ်လာက စိတ်မရှည်စွာဖြင့်

+

အော်ဟစ်လိုက်သည်။ သူမသည် လူအုပ်ကြီးအား ဝေ့ကြည့်လိုက်ပြီးမှ သူတို့၏ ခေါင်းဆောင် ဖြစ်ဟန်တူသော သီလရှင် တစ်ယောက်အား လက်ညှိုးထိုးလိုက်သည်။ "နင်အရင်ပြော... အရင် ထလာပြီးမှ ငါ့ကို ပြောပြပါ"

"မှန်လှပါ... အရှင် ပုပ်ရဟန်းမင်းကြီး" သီလရှင်သည် ရိုသေစွာဖြင့် သူမ၏ နဖူးကို မြေကြီးနှင့် ဖိလိုက်ပြီးမှ ခက်ခက်ခဲခဲဖြင့် ထရပ်လိုက်သည်။ "ကျွန်မတို့က ဟားမီးစ်ထံက သတင်းဘာမှ မရတာ အချိန် တစ်လကျော် ရှိသွားခဲ့ပါပြီ"

+

ဤနေရာတွင် ဘာဖြစ်ခဲ့သည်ကို ခြုံငုံ၍
နားလည်နိုင်ရန် အစ္စဘယ်လာ အနေဖြင့် တစ်လခန့်
အချိန် ယူလိုက်ရသည်။

လေအေးတောင်တန်း စစ်ပွဲ ပြီးချိန်မှ စ၍
ဘုန်းကြီးကျောင်းမှ ရရှိခဲ့သော ထောက်ပံ့ရေး
ပစ္စည်းများသည် ဆက်တိုက် ကျဆင်းလာခဲ့သည်။
အစ ပထမတွင် အစားအသောက် ပမာဏများ
လျော့ကျလာပြီး နောက်ပိုင်းတွင် ပို့ချိန်များကလည်း
နောက်ကျလာခဲ့သည်။

သူတို့သည် ခက်ခဲသော အချိန် တစ်ခုနှင့်
ရင်ဆိုင်နေခဲ့ရသော်လည်း ဘုန်းကြီးကျောင်း
သုံးခုတို့၏ ကောင်းမွန်သော စီမံ ခန့်ခွဲမှုနှင့်

+

ပြင်ပကမ္ဘာမှ ရရှိသော သတင်း
အချက်အလက်များ၏ အကန့်အသတ်ကြောင့်
အစီအစဥ် ကျနအောင်
ထိန်းသိမ်းထားနိုင်ခဲ့သေးသည်။

ဤနေရာတွင် တာဝန်ကျနေသော
ဘုန်းတော်ကြီးနှင့် တရားစီရင်သူ
စစ်သည်တော်တို့က မိဘမဲ့များနှင့် သီလရှင်များကို
ဘုရားပို၍ ရှိခိုးပြီး ခက်ခဲသော အချိန်များကို မြန်မြန်
ကျော်လွန်သွားအောင် ဆုတောင်းရန်
အားပေးခဲ့ကြသည်။

သို့သော်လည်း ခက်ခဲသော အချိန်များက
ဘယ်တော့မှ ကျော်မလွန်သွားခဲ့ပေ။

+

သီလရှင် ပြောပုံအရ တရားစီရင်မှု
စစ်သည်တော်များနှင့် ဘုန်းတော်ကြီးများ
အားလုံးတို့ကို ဟားမီးစ်ထံသို့ ပြန်လာရန်
ဘုရားကျောင်း၏ နောက်ဆုံးအမိန့်မှာ လွန်ခဲ့သော
ခြောက်ပတ်ခန့်က ဖြစ်သည်။

ထိုအမိန့်ကို သီလရှင်များက အတိအကျ
မသိခဲ့သော်လည်း ထိုအချိန်က ယုံကြည်သူများသည်
မည်မျှအထိ သွေးရူးသွေးတန်း ဖြစ်နေကြသည်ကိုမူ
မှတ်မိနေခဲ့ကြသည်။ ကျန်ရစ်ခဲ့သော သူများသည်
သူတို့၏ ဝိညာဉ်များ ပျောက်ဆုံးသွားသည်နှင့်
တူနေကြပြီး မဟာခန်းမ အတွင်းမှ
ထွက်ခွာသွားခဲ့ကြလေသည်။

+

ထိုအချိန်မှ စ၍ ဘုန်းကြီးကျောင်းများက မတည်မငြိမ် ဖြစ်လာခဲ့သည်။

သူတို့၏ အဖွဲ့အစည်း၏ တည်ဆောက်ပုံ အရ လွတ်လပ်သွားသော ရာထူးများကို ရာထူးပိုနိမ့်သော လက်အောက်ငယ်သားများဖြင့် အလိုအလျောက် အစားထိုးရမည် ဖြစ်သည်။ သို့ဖြစ်၍ ကျန်ရစ်နေကြသော ယုံကြည်သူများက သူတို့ကိုယ် သူတို့ ဘုန်းတော်ကြီး အသစ်များ အဖြစ် ကြေညာခဲ့ကြသည်။

သို့သော်လည်း သူတို့သည် ဘုန်းတော်ကြီး တစ်ယောက် လိုက်နာရမည့် တာဝန်နှင့်

+

ဝတ္တရားများ အားလုံးတို့အား
လျစ်လျူရှုထားခဲ့ကြပြီး အရင်းအမြစ် ပစ္စည်းများကို
ထိန်းသိမ်းရန် မကြိုးစားခဲ့ကြပေ။ ထို့အစား
သူတို့သည် နည်းပါးလှသော လက်ကျန်
ရိက္ခာများကို အလွဲသုံးစား လုပ်ခဲ့ကြကာ
မိဘမဲ့များ၏ ဝေစုများကိုပင်
ဖြုတ်တောက်ခဲ့ကြသည်။

သီလရှင်များက ဘုန်းတော်ကြီး အသစ်များထံ
အစာများကို သွားရောက် တောင်းခံခဲ့သည့်
အချိန်မှသာ ဟားမီးစ် ဘုရားရှိခိုး
ကျောင်းတော်ကြီးက ပြိုကျ ပျက်စီးသွားခဲ့သည့်
သတင်းဆိုးကို ကြားခဲ့ရခြင်း ဖြစ်သည်။

+

ဘုရားကျောင်းသည် သူ၏ တည်ရှိနေမှုကိုပင် အခြိမ်းခြောက်ခံနေရသည့် အခြေအနေ တစ်ခုသို့ ကျရောက်သွားခဲ့လေပြီ။

နောက်ဆုံးတိုက်ပွဲ၌ ရန်သူများကို ရှိသမျှ အင်အားအကုန်ဖြင့် ခုခံ တိုက်ခိုက်နိုင်ရန် ဘုရားကျောင်း၏ တာဝန်ရှိသူများသည် မြင့်မြတ်သော မြို့တော်ဟောင်းအား စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ကြကာ အဖွဲ့ဝင်များ အားလုံးကို ကုန်းမြင့်ပေါ်သို့ ပြန်ခေါ်ခဲ့ကြသည်။

ဘုန်းကြီးကျောင်းတွင် ကျန်နေခဲ့သော သူများအတွက် နောက်ဆုံး ရရှိခဲ့သော အမိန့်မှာ ကျူးကျော် ဝင်ရောက်လာမှုများကို

+

နောက်ဆုံးအချိန်အထိ သူတို့ဘာသာ သူတို့ ခုခံကြရန်သာ ဖြစ်လေသည်။

ဤအဖြစ်အပျက် ပြောင်းလဲမှုများသည် ယုံကြည်ရန် အမတန်မှ ခက်ခဲနေခဲ့သော်လည်း ရောင်ပြန်ကျောင်းတော်နှင့် ဆက်သွယ်ထားသည့် လမ်းကြောင်း အပိတ်ခံခဲ့ရခြင်းသည် ဤသတင်း မှန်ကန်ကြောင်းကို သက်သေပြနေခဲ့သည်။

ဝမ်းနည်းဖွယ်ရာ ဤသတင်းသည် သီလရှင်များအား အဖွဲ့နှစ်ဖွဲ့ ကွဲသွားစေခဲ့သည်။ "ဘုန်းတော်ကြီး အသစ် အဖွဲ့"ဟု ခေါ်သော အဖွဲ့အား ယခင် အုပ်ချုပ်ပုံကို လုံးဝ ကျေနပ်မှု မရှိသော သူများဖြင့်

+

ဖွဲ့စည်းထား၍ ကျန်တစ်ဖွဲ့တွင်မူ စိတ်ရှုပ်ထွေး၍ တွေဝေနေကြသူများ ပါဝင်နေသည်။

ဘုရားကျောင်းသည် ယခင်က အစွမ်းအမတန် ထက်ခဲ့သဖြင့် သူတို့အနေဖြင့် သူတို့၏ ကိုယ်ပိုင် ကံကြမ္မာအား စဥ်းစားနေရန်ပင် မလိုခဲ့ကြောင်းကို ဦးဆောင်သူ သီလရှင်က ရှင်းပြခဲ့သည်။ ထို့ကြောင့်ပင် သူတို့က ဤသတင်းကြောင့် အလွန်အမင်း စိတ်အနှောင့်အယှက် ဖြစ်သွားကြခြင်း ဖြစ်သည်။ ဤအဖြစ်သည် သူတို့၏ ယခင် ရင်းနှီး ကျွမ်းဝင်နေသော ကမ္ဘာတစ်ခုက ရုတ်တရက် ပြိုကွဲသွားခြင်းနှင့် တူနေပေသည်။

+

ဘုန်းတော်ကြီး အသစ်များ၏
တကိုယ်ကောင်းဆန်သည့် လုပ်ရပ်များက
ဤအခြေအနေကို ကျိုးပျက်သွားစေခဲ့သည်။

ဤဘုန်းတော်ကြီး အသစ်များသည် အောက်ခြေမှ
လာခဲ့ကြသူများ ဖြစ်၍ မူလ ရာထူးမှာ
သီလရှင်များထက် အနည်းငယ်သာ မြင့်မားသူများ
ဖြစ်ကြသည်။ သူတို့သည် ရာထူးတိုးရန်
မျှော်လင့်ချက်များ မရှိကြပဲ စီမံ ခန့်ခွဲသူများကို
တောက်တိုမည်ရ လုပ်ပေးရသူများသာ
ဖြစ်ကြသည်။

အမှန်အတိုင်း ပြောရလျှင် လုပ်ရည်ကိုင်ရည် ရှိသော
သူတစ်ယောက်ကမှ ထိုနေရာတွင် ခန့်အပ်ခြင်း

+

ခံခဲ့ရမည် မဟုတ်ပေ။ သို့ဖြစ်၍ အာဏာ၏
အရသာကို သိသွားကြပြီး သူတို့အား
စောင့်ကြည့်နေကြမည့် သူများကလည်း
မရှိတော့သည့် အချိန်တွင် သူတို့သည်
အတင့်ရဲလာကြကာ ထိန်းချုပ်မှုအောက်မှ
ကင်းလွတ်သွားကြလေတော့သည်။

ဥပမာအားဖြင့် ဓမ္မတေးသံစုံကျူး အဖွဲ့၏ ကောင်းချီး
မင်္ဂလာ ပေးမှုနှင့် ဝတ်ပြုမှု သင်တန်းတွင် ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် သူတို့က
လာခွင့်မရှိသော်လည်း မြင့်မြတ်သော မြို့တော်၏
ကြီးကြပ်မှု ပေါ့လျော့နေခြင်းကြောင့်
စိတ်ထားမမှန်သော ရာထူးကြီးသူ အချို့က

+

ဤနေရာသို့ မကြာခဏလာ၍
အပျော်ရှာလေ့ရှိကြကာ ထိုအရာက လျှို့ဝှက်ချက်
တစ်ခု မဟုတ်နေပေ။ ထူးကဲစုန်းမငယ်
တစ်ယောက် လွတ်မြောက်သွားသော အချိန်မှသာ
ဘုရားကျောင်းက စည်းကမ်းပိုမို တင်းကျပ်ခဲ့ခြင်း
ဖြစ်သည်။

သို့သော်လည်း ယခုအချိန်၌ ကြီးကြပ်သူများ
မရှိတော့သဖြင့် ဘုန်းတော်ကြီး အသစ်များသည်
ပြစ်ဒဏ်များကို ဂရုမစိုက်ခဲ့ကြတော့ပေ။

အစ ပထမတွင် ကောင်းချီးပေးသည်ဟူသော
အကြောင်းပြချက်ဖြင့် မိန်းကလေး အချို့ကိုသာ
အတင်းအကျပ် ဖိအားပေးခဲ့ကြသော်လည်း

+

နောက်ဆုံးတွင် အတန်း တစ်တန်းလုံးက
နာခံခဲ့ရသည်။ တဖြည်းဖြည်းနှင့် အခြေအနေက
မကြားဝံ့ မနာသာ ဖြစ်လာခဲ့ပြီး
ကောင်မလေးများသည် သူတို့၏ အပျိုစင် ဘဝကို
အစာနှင့် လဲလှယ်ရသည့် အဖြစ်သို့
ရောက်လာခဲ့သည်။

ဤကဲ့သို့သော အပြုအမူများသည် ဘုရားကျောင်း၏
ဥပဒေများကို ချိုးဖောက်ရုံသာ မကပဲ ချီတုံချတုံ
ဖြစ်နေခဲ့သော သီလရှင်များကို မိဘမဲ့များနှင့်
ပူးပေါင်းသွားအောင် တွန်းပို့ပေးခဲ့သည်။

အသက်အရွယ် မျိုးစုံ ရှိနေသော မိန်းကလေးများကို
တိုင်းပြည်လေးခု နေရာအနှံ့မှ စုဆောင်းခဲ့ခြင်း

+

ဖြစ်သော်လည်း သီလရှင်များသည် သူတို့အား ရေးတတ်ဖတ်တတ် သီချင်းဆိုတတ်အောင် သင်ကြားပေးကာ ကျင့်ဝတ်ထုံးတမ်းများနှင့် ပတ်သတ်သော ဗဟုသုတများကို ဝေမျှပေးခဲ့ရသဖြင့် ကောင်မလေးများနှင့် သံယောဇဉ် ဖြစ်နေကြပြီ ဖြစ်သည်။

ထိုသံယောဇဉ်နှင့် ဘုရားကျောင်းမှ သူတို့အား ပေးအပ်ခဲ့သော အမိန့်ကြောင့် သူတို့က နောက်ဆုံးတွင် ဘုန်းတော်ကြီး အသစ်များကို အာခံခဲ့ကြ၍ အစာသိုလှောင်ရုံမှ အစာများကို ခိုးယူပြီး ဆာလောင် မွတ်သိပ်နေသော ကောင်မလေးများကို ကျွေးမွေးခဲ့ကြသည်။

+

သူတို့သည် အစာကို မည်မျှပင် ကြိုးစားချွေတာ
စုဆောင်းခဲ့ကြသော်လည်း လက်ကျန်
သိုလှောင်မှုများ ပို၍ပို၍ လျော့နည်းလာခြင်းကိုမူ
မတားဆီးနိုင်ခဲ့ပေ။ ဘုန်းတော်ကြီးများက
သီလရှင်များ သစ္စာဖောက်သည်ဟု
သံသယဝင်လာကြသော အခါ သူတို့အကြားတွင်
ပဋိပက္ခများ စတင် ပေါ်ပေါက်လာတော့သည်။

သီလရှင် နှစ်ယောက်တို့က အစာ သိုလှောင်ရုံ
အတွင်းမှ အစာများ ခိုးထုတ်နေသည်ကို
လက်ပူးလက်ကြပ်မိသွားသော အခါ သူတို့၏
လက်အောက်ငယ်သားများကို
ခြိမ်းခြောက်လိုနေသည့် ဘုန်းတော်ကြီး၏
ပြစ်ဒဏ်ပေးမှုကို ခံခဲ့ရသည်။

+

သို့သော်လည်း ဤဖြစ်ရပ်က မျှော်မှန်းထားသည်နှင့် ဆန့်ကျင်သော ရလဒ်ကို ရရှိစေခဲ့ပြီး ကျန်သော သီလရှင်များ၏ ပုန်ကန်မှုကို ဖြစ်ပေါ်စေခဲ့သည်။ သီလရှင် တစ်ယောက်၏ ဦးဆောင်မှု အောက်တွင် ကျန်သော သီလရှင်များနှင့် မိဘမဲ့များက ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။

တစ်ညတွင် ဘုန်းတော်ကြီးများ အပျော်ယစ်မူးနေသည့် အချိန်တွင် သူတို့က ဝင်ရောက် တိုက်ခိုက်ခဲ့ကြပြီး ဘုန်းတော်ကြီးများ အားလုံးကို အပြတ်ရှင်းခဲ့ကြသည်။

+

ထို့အပြင် မြေအောက် လှိုဏ်ခေါင်းများ အတွင်းမှ
တဆင့် ခေါင်းဆောင် သီလရှင်သည် အခြား
ဘုန်းကြီးကျောင်း နှစ်ကျောင်းနှင့်
ဆက်သွယ်ထားခဲ့သည်။ သူတို့သည်
တစ်ချိန်တည်းတွင် ရှုံ့ရှာစက်ဆုပ်ဖွယ်
ထိုယုံကြည်သူများ အားလုံးကို
နှိမ်နင်းခဲ့ကြလေသည်။

သို့သော်လည်း သူတို့သည် ကိုယ်စားလှယ်
တစ်ယောက်ကို ရွေးချယ်ပြီး မြင့်မားသော
မြို့ရိုးအား ကျော်ဖြတ်ကာ ဤနေရာမှ
အကျဉ်းအကျပ် အခြေအနေကို ဟားမီးစ်သို့
တင်ပြရန် ကြိုးစားခဲ့ကြသည့် အချိန်၌ပင် အရဏ်ဦး
နိုင်ငံမှ စစ်တပ်သည် မြင့်မြတ်သော

+

မြို့တော်ဟောင်း၏ နယ်စပ်တွင်
ပေါ်လာခဲ့လေသည်။

သူတို့သည် အစွန့်ပစ်ခံခဲ့ရပြီ ဖြစ်သဖြင့် ဘာမှ ရွေးချယ်မှု မရှိပဲ သူတို့ကိုယ် သူတို့ ခုခံခဲ့ရလေသည်။ ရန်သူတို့က ဘုန်းကြီးကျောင်းအား ဝင်ရောက် သိမ်းပိုက်သော အခါ သူတို့က အညှံ့ခံလိုက်လျှင်ပင် သက်သာရာ ရမည်မဟုတ်ဟု အားလုံးတို့က သိနေကြသည်။ ထို့ကြောင့်ပင် အစ္စဘယ်လာ စတင် ဝင်ရောက်လာသော အခါ သူတို့က အလောတကြီးဖြင့် ခုခံခဲ့ကြခြင်း ဖြစ်သည်။

………

+

ထိုသီလရှင်၏ တင်ပြမှုကို ကြားခဲ့ရ အပြီးတွင် အစ္စဘယ်လာက အတော်ကို စိတ်ရှုပ်ထွေးသွားခဲ့သည်။

ဘုန်းကြီးကျောင်း အတွင်းမှ အကျင့်ပျက် ခြစားမှုများက သူမအတွက် အစိမ်း မဟုတ်နေသလို လုပ်ရည်ကိုင်ရည် မရှိသော ယုံကြည်သူများက စွမ်းအား ရရှိပြီးသည်နှင့် လျင်မြန်စွာ အကျင့် စာရိတ္တ ပျက်ပြားသွားခြင်းကိုလည်း သူမက မအံ့သြနေခဲ့ပေ။ သူမအား အံ့အားသင့်စေခဲ့သည်မှာ ဘုရားကျောင်းထံမှ အမိန့်ပင် ဖြစ်သည်။

ရန်သူများအား နောက်ဆုံးအနေဖြင့် ခုခံတိုက်ခိုက်ရန် ဟူသော အမိန့်ဖြစ်သည်။

+

အကယ်၍ ထိုအမိန့်က မှန်ကန်နေပြီး သူတို့သည် ပြင်ပ မြို့ရိုးများကို စွန့်လွှတ်ရန် ဆုံးဖြတ်ထားခဲ့လျှင်ပင် တောင်ကြားလမ်းအား အစောင့်အကြပ် မရှိပဲ ထားလိမ့်မည် မဟုတ်ချေ။ ထိုအရာက ပထမ ခံစစ်လိုင်းအား ရန်သူများထံသို့ အညံ့ခံ ပေးအပ်ခဲ့သည်နှင့် တူနေပေသည်။

မြင့်မြတ်သော မြို့တော်တွင် လူအင်အားများ လျော့နည်းနေပြီး တိမ်တိုက်လှေကားအား စောင့်ကြည့်နိုင်ခြင်း မရှိလျှင်ပင် "မြင့်မြတ်သော မြို့တော်ဟောင်းကို စွန့်လွှတ်မည်" ဟူသော စကားလုံးများ ထွက်ပေါ်လာရန် မဖြစ်နိုင်ပေ။

+

ဘုရားကျောင်းတွင် ယုံကြည်သူ အများစုထံမှ ကွယ်ဝှက်ထားသော လျှို့ဝှက်နေရာ တစ်ခု ရှိနေသည်ကို အစ္စဘယ်လာက ကောင်းစွာ သိထားသည်။ ကုန်းမြင့်ပေါ်မှ မြင့်မြတ်သော မြို့တော်သစ်နှင့် တောင်ခြေအောက်မှ မြင့်မြတ်သော မြို့တော်ဟောင်း နှစ်ခုစလုံးသည် ဘုရားကျောင်း၏ နှလုံးသည်းပွတ် မဟုတ်ကြပေ။

မြေအောက်တွင် နက်ရှိုင်းစွာ တည်ရှိနေသည့် အချက်အချာ လျှို့ဝှက်နေရာကသာ ဘုရားကျောင်း၏ အဓိက ဗဟိုချက် ဖြစ်သည်။ ထိုနေရာသည် နှစ်ပေါင်း လေးရာကျော် သက်တမ်းရှိပြီ ဖြစ်ကာ သူတို့က နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးများကို တူးဖော်ခြင်း၊ မှော်ကျောက်တုံးများ မှော်အင်းကွက်များကို

+

လေ့လာခြင်းနှင့် နတ်ဘုရား စီရင်ခြင်း စစ်သည်တော်များ၏ ဝင်စားခြင်း အခမ်းအနားကို ကျင်းပသည့် နေရာဖြစ်သည်။

မြင့်မြတ်သော မြို့တော်ဟောင်းတွင် အချက်အချာ လျှို့ဝှက်နေရာသို့ ဝင်ရောက်သည့် လျှို့ဝှက် လမ်းကြောင်းတစ်ခု ရှိနေပြီး လမ်းကြောင်း၏ အဓိက ထွက်ပေါက်ကလည်း ဤနေရာတွင် ရှိနေသည်။ ဤမျှအထိ အရေးပါလှသည့် နေရာတစ်ခုအား သူတို့က အဘယ်ကြောင့် ဤမျှအထိ လွယ်ကူစွာ စွန့်လွှတ်ခဲ့သနည်း။

ဤအမိန့်သည့် ဟာကွက်များစွာ ရှိနေကာ လုံးဝ အလိမ်အညာ သက်သက်သာ ဖြစ်ပေတော့သည်။

+

## စာစဥ် ၆၀ : အပိုင်း ၇

## အပိုင်း ၈၉၂ : တန်ဖိုးထား ခံရခြင်း

ဘုရားကျောင်း သို့မဟုတ် သီလရှင်များ တစ်စုံတစ်ယောက်က လိမ်ညာနေခြင်းပင် ဖြစ်ပေလိမ့်မည်။

သီလရှင်များသည် အစွန့်ပစ်ခံထားရသူများ ဖြစ်နေကြသဖြင့် ဤကဲ့သို့သော အမိန့်တစ်ခုအား လုပ်ကြံဖန်တီးရန် မည်သည့် အကြောင်းရင်းမှ မရှိနေပေ။ သူတို့၏ ပိန်ကပ်ကာ ဖြူဖျော့နေသော အသားအရည်များကို ကြည့်၍ နောက်ထပ်

+

နှစ်ပတ်မျှ ထပ်မံ ဆာလောင် မွတ်သိပ်နေခဲ့လျှင် အားလုံးက အသက်ရှင်နိုင်တော့မည် မဟုတ်ဟု သူမက သိနေခဲ့သည်။

သို့သော်လည်း အကယ်၍ ဘုရားကျောင်းက လိမ်ညာနေခဲ့လျှင် ယခင် အဖွဲ့ဝင်များ အားလုံးကို ဟားမီးစ်သို့ ပြန်ခေါ်၍ တိမ်တိုက် လှေကားနှင့် မြင့်မြတ်သော မြို့တော်ဟောင်းတို့အား စောင့်ကြပ်ခြင်း မရှိပဲ ထားခဲ့ခြင်းဖြင့် သူတို့က ဘာများ လုပ်လိုနေကြသနည်း။

သူမ၏ မှန်းဆ တွေးတောမှုများကို ဘေးဖယ်ထားလိုက်ကာ အစ္စဘယ်လာသည်

+

ဦးဆောင်သူ သီလရှင်အား ကြည့်၍ မေးလိုက်သည်။
"ငါကမင်းကို ဘယ်လို ခေါ်ရမလဲ"

"ကျွန်မကို ချိုးလို့ ခေါ်ပါတယ်… အရှင်
ပုပ်ရဟန်းမင်းကြီး"

"မင်းက ဒီနေရာကနေ ထွက်ခွာသွားဖို့ တစ်ခါမှ
မစဉ်းစားဖူးဘူးလား"

"ဘယ်လို… ဘာဖြစ်လို့လဲ" သီလရှင်က
အံ့အားသင့်သည့်ပုံ ပေါက်သွားသည်။

+

"နံရံတွေက မြင့်မားပြီး တံခါးက ထူထဲနေပေမဲ့ မဖြတ်သန်းနိုင်တာတော့ မဟုတ်ဘူး... ခြောက်ပတ်ဆိုတဲ့ အချိန်ဟာ မင်းတို့အတွက် သစ်သားလှေကား တစ်ခုကို ပြုလုပ်ဖို့ အချိန် လုံလောက်နေတယ်... ဒါမှမဟုတ် တံခါးအောက်မှာ ထင်းတွေကို ပုံပြီး ပျဉ်ပြားတွေ... သော့တွေကို ရှို့ပစ်လို့ ရတာပဲ... မင်းတို့က ဒီနေရာကနေ ထွက်ခွာဖို့ လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ကြတယ်"

အစ္စဘယ်လာက လက်ရှိ အခြေအနေကို သုံးသပ်ရန် ကြိုးစားနေရင်း စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။ "မင်းတို့က ဟားမီးစ်ကို တင်ပြဖို့ ကိုယ်စားလှယ် တစ်ယောက်ကို စေလွှတ်နိုင်ရန် ဘာဖြစ်လို့ ဒီကနေ အတူတကွ မထွက်သွားကြတာလဲ... အစာ

+

ထောက်ပံ့မှုတွေ ပြတ်တောက်သွားရင် အရဏ်ဦး နိုင်ငံ စစ်တပ်က မဝင်လာရင်တောင် မင်းတို့က သေဖို့ သေချာနေပြီ"

ချိုးသည် အချိန်အတန်ကြာ ငြိမ်သက်သွားပြီးမှ အသံတိုးတိုးဖြင့် ပြန်ပြောနိုင်ခဲ့သည်။ "ကျွန်.. ကျွန်မတို့က ဒီနေရာကနေ ထွက်ခွာသွားရင် ဘယ်နေရာကိုများ သွားရပါ့မလဲ"

ဤမေးခွန်းကို ကြားခဲ့ရသော အခါ ဘုန်းကြီးကျောင်းတွင် နေထိုင်နေသူများ အားလုံးတို့က သူတို့၏ ခေါင်းများကို ငုံ့ထားခဲ့ကြလေသည်။

+

"ကျွန်မက ဘုန်းကြီးကျောင်းကနေ တစ်ခါမှ မထွက်ခွာဖူးဘူး"

"ကျွန်မရောပဲ"

"ဒီနေရာမှ ဘာမှ မရှိပေမဲ့ အနည်းဆုံးတော့ ကျွန်မတို့မှာ စားစရာ တစ်စုံတစ်ခု ရှိနေသေးတယ်... ပြင်ပကမ္ဘာက ဒီထက် ပိုကောင်းလိမ့်မယ်လို့ ကျွန်မက မထင်နေဘူး" မိဘမဲ့ အချို့ထံမှလည်း အသံများ ထွက်လာလေသည်။

+

"တကယ်လို့ ကျွန်မတို့က အစာတွေကို တောင်းစားနေရရင် အရင်က ဘ၀မျိုးကို ပြန်ရောက်သွားခဲ့မှာပဲ"

"ကျမ်းစာတွေ အရ ကျွန်မတို့ဟာ တောင်းရမ်းစားသောက်ခြင်းကို မပြုလုပ်သင့်ဘူး"

"ကျွန်.. ကျွန်မက ဒီလိုဘ၀မျိုးကို လုံး၀ ပြန်မနေချင်တော့ဘူး"

သူတို့၏ စိတ်ရှုပ်ထွေးနေသော အကြည့်များကို ကြည့်ရင်း သူတို့အား ချုပ်နှောင်ထားသည့် အရာမှာ ဘုရားကျောင်း၏ အမိန့် မဟုတ်မှန်းကို အစ္စဘယ်လာက နောက်ဆုံးတွင်

+

သဘောပေါက်သွားခဲ့သည်။ သူတို့သည် သူတို့၏ မိုးခိုရာ ဘဝမှ လွဲ၍ အခြား မည်သည့်အရာကိုမှ မသိနေကြပေ။

အခြေအနေက မကောင်းမဆိုး ဖြစ်နေသည်။ သီလရှင်များကို ကိုင်တွယ်ရန် လွယ်ကူပေသည်။ မြင့်မြတ်သော မြို့တော်အား သစ္စာရှိနေသေးသည့် တစ်ယောက်ကို သတ်ဖြတ်လိုက်လျှင် ကျန်သောသူများက အာခံရဲတော့မည် မဟုတ်ပေ။

သို့သော်လည်း အကယ်၍ ဤနေရာမှ မိဘမဲ့များ အားလုံးက တယူသန် ခေါင်းမာစွာ သစ္စာရှိနေကြပါက အရှင်မင်းမြတ် အတွက် ခလုတ်ဆူးညှောင့်များ ဖြစ်လာနိုင်သည်။

+

"ငါ့မှာ မေးခွန်းတစ်ခု ရှိတယ်" အစ္စဘယ်လာက အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီးမှ အသံတိုးတိုးဖြင့် မေးလိုက်သည်။ "မင်းတို့က ငါ့ကို အရှင် ပုပ်ရဟန်းမင်းကြီးလို့ ဘာဖြစ်လို့ ခေါ်ခဲ့တာလဲ"

"အင်း…" ချိုးသည် တုန်လှုပ် ချောက်ချားနေသည့်ပုံ ပေါက်သွားခဲ့ကာ ခေတ္တမျှ ချီတုံချတုံ ဖြစ်ခဲ့ပြီးမှ ပြောလိုက်သည်။ "ပုပ်ရဟန်းမင်းကြီး မိန်းက သေဆုံးသွားသလို ဂိုဏ်းအုပ် ဘုန်းတော်ကြီး သုံးပါးစလုံးကလည်း မရှိကြတော့ဘူး… ဟားမီးစ်မှာ နာမည်အသစ် တင်သွင်းမှုကို မကြေညာခဲ့လို့ ဖွဲ့စည်း တည်ဆောက်ပုံ အရ

+

လက်အောက်ငယ်သားတွေကို ရာထူး တိုးပေးရမှာ ဖြစ်ပြီး သခင်မက မြင့်မြတ်သော ကျောင်းတော်နဲ့ အနီးစပ်ဆုံးသူ ဖြစ်နေတယ်"

"ပုပ်ရဟန်းမင်းကြီး အစ္စဘယ်လာ… ကျေးဇူးပြုပြီးမှ ကျွန်မတို့ကို ကူညီပါ"

"ကျေးဇူးပြုပြီးမှ ကျွန်မတို့ကို ချန်မထားခဲ့ပါနဲ့… ကျွန်မတို့က ဘယ်လို ပြစ်ဒဏ်မျိုးမဆို ခံယူပါ့မယ်"

"ကျွန်မတို့ကို ကျေးဇူးပြုပြီးမှ ဟားမီးစ်ထံ ခေါ်သွားပေးပါ"

+

သီလရှင်များက ထပ်ဖန်တစ်ခါ
အသနားခံလိုက်ကြလေသည်။

ကြည့်ရတာ သူတို့က ငါ့ကို အရှင်
ပုပ်ရဟန်းမင်းကြီးလို့ ခေါ်ခဲ့တာဟာ ဘာမှ မဟုတ်ပဲ
ဘုရားကျောင်းရဲ့ အာရုံကို ပြန်လည်
ရလိုနေခြင်းကြောင့်သာ ဖြစ်တယ်။ အစ္စဘယ်လာက
တွေးလိုက်သည်။ ဘုရားကျောင်းရဲ့ အဆင့်မြင့်
အရာရှိတွေက ထိပ်ဆုံးမှာ ရောက်နေပြီးသား
ဖြစ်နေလို့ ဒီဖွဲ့စည်းပုံဟာ သူတို့အတွက်
သင့်တော်ခြင်း မရှိနေဘူး။

ဒါပေမဲ့ အောက်ဆုံးအဆင့်မှာ နစ်မြှုပ်နေတဲ့
သူတွေအတွက်တော့ ဘာမှ ဂရုစိုက်နိုင်ခြင်း

+

မရှိတော့ဘူး။ သူတို့က သူတို့ရဲ့ အသက်ကို ကယ်တင်ပေးနိုင်မယ့် အရာမှန်သမျှကို ကောက်ရိုးမျှင်လေး တစ်ခု ဖြစ်နေပါစေ ဆုပ်ကိုင်ထားမှာပဲ။

ဤအထိ တွေးပြီးသွားသော အခါ အစ္စဘယ်လာ၏ ခေါင်းအတွင်းတွင် အကြံတစ်ခု ပေါ်လာခဲ့သည်။ "ငါက ဒီနေရာကို လာခဲ့တာဟာ မင်းတို့ကို အရေးကြီးတဲ့ သတင်းတစ်ခု ပြောပြမလို့ပဲ… အသေအချာ နားထောင်ထားကြပါ"

သူတို့အားလုံးက အသက်ရှူများ အောင့်ထားခဲ့ကြလေသည်။

+

"ဘုရားကျောင်းက ပြောင်းလဲသွားပြီ" အစ္စဘယ်လာက ကျယ်လောင်စွာဖြင့် ပြောလိုက်သည်။ "မိန်းက ပုပ်အစစ် မဟုတ်ဘူး… သူက သခင် အိုဘရိုင်ယန်ကို သစ္စာ ဖောက်ခဲ့ရုံသာ မကပဲ ထီးနန်းကိုပါ ခိုးယူခဲ့သေးတယ်… အမှန်ပြောရရင် သခင် အိုဘရိုင်ယန်က သူ့ရဲ့ နေရာကို လွှဲပြောင်းပေးလိုနေတဲ့ နောက်ထပ် ဆက်ခံသူ တစ်ယောက် ရှိနေတယ်"

ဤစကားလုံးများသည် ရေအတွင်းသို့ ပစ်ချခဲ့သည့် ကျောက်တုံးတစ်တုံး ပမာ လှိုင်းလုံးများစွာကို ဖြစ်ပေါ်စေခဲ့၍ နားထောင်နေကြသူများက ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

+

"ဆက်ခံသူက သူ့ရဲ့ ပထမ သန့်စင်စုန်းမ ဇီးရိုး ဖြစ်တယ်" အစ္စဘယ်လာက ပြောလိုက်သည်။ ဤစကားများကို အရှင်မင်းမြတ်က မည်သို့ ထင်နေမည်ကို သူမက မသိနေသော်လည်း စတင် ပြောကြားခဲ့ပြီး ဖြစ်သဖြင့် အကောင်းဆုံး ပြောရပေတော့မည်။

"မီးခိုးရောင် ရဲတိုက်ဟာ ငါတို့ရဲ့ ရန်သူ မဟုတ်ပဲ တကယ့် ရန်သူတွေကို အတူတကွ ကာကွယ်ပေးမယ့် မဟာမိတ်သာ ဖြစ်တယ်... သခင် အိုဘရိုင်ယန်က ဘုရားကျောင်းနဲ့ မီးခိုးရောင် ရဲတိုက်တို့ကို မဟာမိတ် ဖွဲ့ဖို့ အမှန်တကယ် မျှော်လင့်နေခဲ့တယ်"

+

"သခင်မက… မိစ္ဆာ သားရဲတွေကို ပြောနေတာလား" တစ်စုံတစ်ယောက်က မအောင့်နိုင်ပဲ မေးလိုက်သည်။

"သူတို့က မိစ္ဆာသားရဲတွေထက် အများကြီး ကြောက်စရာ ကောင်းတယ်" အစ္စဘယ်လာက သူမ၏ ခေါင်းကိုခါ၍ ပြောလိုက်သည်။ "သူတို့ကို ဘုရားကျောင်းရဲ့ ကျမ်းစာတွေ အတွင်းမှာ မှတ်တမ်းတင်ထားပြီး လူအနည်းငယ်ကသာ ဒီအကြောင်းကို သိကြတယ်… မိန်းက သန့်စင်စုန်းမ စွမ်းအား ချုပ်ကိုင်တာကို လက်မခံနိုင်ပဲ မီးခိုးရောင် ရဲတိုက်ကို သံတမန် အဖြစ် သွားတော့မယ့် ဇီးရိုးကို မကောင်းကြံခဲ့လို့ လေအေးတောင်တန်း တိုက်ပွဲ ဖြစ်လာခဲ့တာပဲ"

+

"ကံကောင်းစွာနဲ့ မိန်းရဲ့ လှည့်ကွက်တွေဟာ အလုပ်မဖြစ်ခဲ့ပဲ ငါက ဒီတိုက်ပွဲကနေ အသက်ရှင် ကျန်ရစ်ခဲ့တယ်... ဒါပေမဲ့ ပုန်ကန်မှုကို စတင်ခဲ့သူတွေက တစ်လအတွင်းမှ သေဆုံးသွားခဲ့ကြတယ်... ဒါက နတ်ဒေဝါတွေရဲ့ ပြစ်ဒဏ်ခတ်မှုကို ခံခဲ့ရတာ ဆိုတာကို သံသယဖြစ်ဖွယ် မရှိဘူး"

"နောက်ဆုံးတိုက်ပွဲ ဆိုတာ မရှိသလို မင်းတို့က ဘုန်းကြီးကျောင်းကို နောက်ဆုံးအချိန်အထိ မင်းတို့ဘာသာ ခုခံနေဖို့လည်း မလိုပါဘူး" သူမက ခေတ္တမျှ ရပ်တန့်ပြီးမှ ဆက်ပြောလိုက်သည်။ "မင်းတို့က အခုအချိန်မှာ လုံခြုံသွားပါပြီ"

+

သီလရှင်များရော မိဘမဲ့များကပါ သူတို့၏ နားကို မယုံနိုင်သည့်ပုံ ဖြစ်နေကြလေသည်။

"ဒီလိုဆိုရင်... ဘုန်းတော်ကြီးတွေကို သတ်ဖြတ်ခဲ့တဲ့ အတွက်... ပြစ်ဒဏ်ကရော"

"သူတို့က ဂုဏ်သိက္ခာနဲ့ မလျှော်မကန် ပြုလုပ်ခဲ့ကြတဲ့ အတွက် သူတို့ရာထူးနဲ့ မထိုက်တန်ကြတော့ဘူး... ဒါကြောင့်မို့ ငါကမင်းတို့ အားလုံးကို ခွင့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တယ်"

ခေတ္တမျှ တိတ်ဆိတ် ငြိမ်သက်သွားခဲ့သော်လည်း ပြီးတာနှင့် သူတို့က ရှင်မြူးအားရစွာဖြင့်

+

ကောင်းချီးသြဘာ ပေးလိုက်ကြသည်။
"ကျေးဇူးတင်ပါတယ်… ကရုဏာ ကြီးမားလှတဲ့
အရှင် ပုပ်ရဟန်းမင်းကြီး"

"ပုပ်အစ္စဘယ်လာ သက်တော်ရာကျော် ရှည်ပါစေ"

"အရှင် ပုပ်ရဟန်းမင်းကြီး…. သက်တော်ရာကျော်
ရှည်ပါစေ"

အစ္စဘယ်လာသည် သူမ၏ လက်ဝါးများကို ဖိချ၍
သူတို့အား ငြိမ်သက်သွားစေခဲ့ပြီးမှ
ဆက်ပြောလိုက်သည်။ "ငါပြောထားတဲ့ အတိုင်းပဲ
ငါက ပုပ်မဟုတ်ဘူး… စည်းမျဉ်းတွေအရ ငါက
ဒီရာထူးကို ရမှာ မဟုတ်ဘူး… ငါက အရင်အတိုင်းပဲ

+

အရှင် ပုပ်ရဟန်းမင်းကြီးရဲ့ လက်ထောက်
ဖြစ်နေဆဲပါပဲ"

"ဒါပေမဲ့ သခင်မက ဟားမီးစ်ရဲ့ ဘုရားကျောင်းကို
ကိုယ်စားပြုနေသေးတာပဲ" ချိုးက
စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"ငါ့မှာ မင်းတို့ကို ပေးဖို့ တာဝန်တစ်ခု ရှိနေတယ်"
အစ္စဘယ်လာက ကြည်လင် ပြတ်သားစွာဖြင့်
ပြောလိုက်သည်။ "ဒါပေမဲ့ မင်းတို့ အရင်
ဗိုက်ဝအောင် စားပြီးမှ ဆက်ပြောမယ်"

သီလရှင်နှင့် မိဘမဲ့များသည် ထပ်ဖန်တစ်ခါ
ဒူးထောက်ခဲ့လိုက်ပြီးမှ  ကတုန်ကရင်ဖြင့်

+

ပြန်ထလိုက်ကြ၍ လေသံတစ်ခုတည်းဖြင့် ပြောလိုက်ကြလေသည်။ "သခင်မရဲ့ အမိန့်အတိုင်းပါ"

ဤလူများသည် သူမ ပြောခဲ့သည်ကို လက်ခံခဲ့၍ သူမ၏ စကားကို နားထောင်ခဲ့ကြမှန်း မဟုတ်သည်ကို အစ္စဘယ်လာက ကောင်းကောင်း သိနေခဲ့သည်။ သူတို့သည် အစွန့်ပစ် ခံခဲ့ရ၍ လမ်းဆုံးသို့ ရောက်နေခဲ့ပြီး ယခုအချိန်၌ ဘုရားကျောင်းသို့ ပြန်လာရန် မျှော်လင့်ချက်များ ပြန်ပေါ်လာခဲ့သဖြင့် သူတို့ ယခု သိခဲ့သော ဘုရားကျောင်းသည် အစစ်အမှန် မဟုတ်လျှင်ပင် ခြွင်းချက်မရှိ လက်ခံကြမည် ဖြစ်ပေသည်။

+

ဘုရားကျောင်း၏ တကယ့်ရန်သူက
ရှိနေသေးသည်ကို သိခဲ့ကြအပြီးတွင် သူတို့သည်
အကျပ်အတည်း အတွင်းမှ လွတ်မြောက်လာကြပြီး
ပြန်လည် တည်ငြိမ်သွားသည့် အခါ သူတို့က
မှန်ကန်သော ဆုံးဖြတ်ချက် တစ်ခုကို ချခဲ့မှန်း
ဖြစ်ကြောင်းကို သိလာကြပေလိမ့်မည်။

သို့သော်လည်း ယခုအချိန်၌ မဖြစ်နိုင်သေးပေ။
ပထမ စစ်တပ် ရောက်ရှိလာသော အချိန်မှသာ သူမ
ပြောခဲ့သော အရာများက အမှန်အတိုင်း
ဖြစ်လာလိမ့်မည် ဖြစ်သည်။

ဘုရားကျောင်း ရိုက်သွင်းထားသည့် သူတို့၏
ယုံကြည်မှု အဟောင်းများကို ချိုးဖျက်ပြီး၍ သူမ

+

လုပ်ကြံ ဖန်တီးထားသည့် တစ်ဝက်တစ်ပျက် မှန်ကန်သည့် ဇာတ်လမ်းအသစ်အား ယုံကြည်စေခဲ့ပြီးမှသာ ဘုရင်ရိုလန်သည် ဤနယ်မြေကို အမှန်စစ်စစ် ထိန်းချုပ်နိုင်မည် ဖြစ်လေသည်။

"တာဝန်က အမတန်မှ ရိုးရှင်းပါတယ်… ငါက မင်းတို့ကို မြင့်မြတ်သော မြို့တော်ဟောင်းကို အစီအစဥ် တကျ ပြန်ဖြစ်အောင် လုပ်ဆောင်လိုနေတယ်" အစ္စဘယ်လာက နည်းလမ်းကျစွာ ပြောလိုက်သည်။ "ချိုး… ပထမဆုံး တခြား ဘုန်းကြီးကျောင်း နှစ်ခုက လူတွေကို အရင် စုဆောင်းလိုက်ပြီးမှ ငါ့စကားတွေကို ပြန်ပြောပြလိုက်ပါ"

+

"ညအချိန် မတိုင်ခင် ကလေးတိုင်းက အစာဝလင်အောင် စားရအောင်လည်း ဂရုစိုက်လိုက်ပါ... မီးခိုးရောင် ရဲတိုက်ရဲ့ ပထမ စစ်တပ်ဟာ မင်းတို့ကို ကူညီပေးပါလိမ့်မယ်... သစ္စာဖောက်ခဲ့တဲ့ သူတွေက မိန်းနဲ့ အပေါင်းပါတွေ ဖြစ်တယ်ဆိုတာကို သူတို့က သိသွားကြလို့ မင်းတို့ကို ဒုက္ခပေးတော့မှာ မဟုတ်ပါဘူး"

"ပြီးတာနဲ့ မင်းတို့က အပြင် ထွက်လာကြပြီး အိမ်တိုင်းကို ဒီသတင်း ဖြန့်ပေးပြီး ထွက်သွားကြတဲ့ လူတွေ၊ ကျန်နေကြတဲ့ လူတွေရဲ့ နာမည်စာရင်းကို အသီးသီး ပြုစုရလိမ့်မယ်... တကယ်လို့ မင်းတို့က သစ္စာဖောက် ဘုန်းတော်ကြီးတွေ ဒါမှမဟုတ်

+

ယုံကြည်သူတွေနဲ့ တွေ့ဆုံခဲ့ရင် ငါ့ကို ချက်ချင်း ပြန်လည် တင်ပြပါ"

အမိန့်များကို ရရှိခဲ့အပြီးတွင် သီလရှင်များက "ဟုတ်ကဲ့"ဟု ပြောခဲ့ကာ ချက်ချင်း စတင်လှုပ်ရှားကြတော့သည်။ သူတို့၏ အခြေအနေသည် မော်ဆန်စွာ ချက်ချင်း တိုးတက်လာခြင်း မရှိသော်လည်း သူတို့၏ မျက်လုံးများ အတွင်းတွင် မျှော်လင့်ချက် အသစ်များဖြင့် တောက်ပလာခဲ့လေသည်။

မကြာမီပင် သူတို့သည် တံခါးကို ဖွင့်ချပြီး၍ သီလရှင် တစ်ယောက်က ကောင်မလေးများကို ဘုန်းကြီးကျောင်း အတွင်းမှ စနစ်တကျ

+

ခေါ်ထုတ်သွားတော့မည် ပြုသောအခါ
ကောင်မလေး တစ်ယောက်က အစ္စဘယ်လာအား
ရုတ်တရက် ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်... လေဒီ အစ္စဘယ်လာ"

ကျန်သော ကောင်မလေးများကလည်း
တစ်ယောက်ပြီး တစ်ယောက် သူမအတိုင်း
လိုက်လုပ်ခဲ့ကြလေသည်။

"သခင်မက အရမ်း သဘောကောင်းတာပဲ"

"ကျွန်မက သခင်မကို အမြဲတမ်း သတိရနေမှာပါ"

+

တန်းစီနေကြသော ကောင်မလေးတိုင်းက
ဤကဲ့သို့သော စကားမျိုးကို ပြောခဲ့ကြသည်။

ငါ့ကို ကျေးဇူးတင်နေကြတာလား...
အစ္စဘယ်လာသည် သူမ၏ မျက်လုံးများကို အသာ
မှိတ်လိုက်ကာ အတွေးအတွင်းတွင်
နစ်မျောသွားခဲ့သည်။ သူမသည် သန့်စင်စုန်းမ
ဖြစ်ခဲ့ကတည်းက အမုန်းတရားနှင့် ကျိန်ဆဲမှု
များစွာတို့ကိုသာ ရရှိခဲ့ပြီး
ကျေးဇူးအတင်ခံရသည်မှာ ဤအကြိမ်က ပထမဆုံး
ဖြစ်လေသည်။

+

သို့သော်လည်း သူမ ပြုလုပ်ခဲ့သည်မှာ ကျေးဇူး အတင်ခံရရန် မဟုတ်ပဲ သူမ၏ ရည်မှန်းချက် အတွက်သာ ဖြစ်သည်။ သူမ၏ ရည်မှန်းချက် ပြည့်မြောက်ရန် အတွက် ဤလူများကို သေတွင်းသို့ ပို့ရမည် ဆိုလျှင်လည်း သူမသည် လုံးဝ တွေဝေနေခြင်း မရှိပဲ ပြုလုပ်ခဲ့မည် ဖြစ်သည်။ သို့ဖြစ်၍ ဤကဲ့သို့သော ကျေးဇူးတရားများသည် သူမအတွက် မလိုအပ်သကဲ့သို့ ဖြစ်နေခဲ့သည်။

ဤကဲ့သို့သာ တွေးနေသော်လည်း သူမ၏ ရင်အတွင်း၌ သူမ တစ်ခါမှ မခံစားဖူးခဲ့သော ခံစားချက် တစ်ရပ်က ပေါ်လာသည်ကို အစ္စဘယ်လာက သတိပြုမိခဲ့သည်။ သူမ၏ ရင်အတွင်းတွင် မီးတောက် တစ်ခုကဲ့သို့ နွေးထွေး နူးညံ့သည့် ခံစားချက် တစ်ခုကို  ခံစားခဲ့ရပြီး

+

ဤခံစားချက်ကို ခုခံရန် သူမက
စဉ်းစားခဲ့သော်လည်း သူသည် သူမ
ထင်ထားသကဲ့သို့ စိတ်အနှောင့်အယှက် ဖြစ်ဖွယ်
မကောင်းမှန်းကို သူမက သိလိုက်ရသည်။

ဤအရာက ဘုရင် ရိုလန်၏ ရည်ရွယ်ချက်ပင်
ဖြစ်လေသလော။

အစ္စဘယ်လာသည် သက်ပြင်းတစ်ချက်ကို ဖွဖွလေး
ချလိုက်ကာ လူတန်းရှည်၏ အနောက်မှ
စခန်းအတွင်းသို့ ဖြည်းဖြည်းချင်း
လိုက်သွားပေတော့သည်။

စာစဉ် ၆၀ : အပိုင်း ၈

+

# အပိုင်း ၈၉၃ : ဆက်လက် လက်ဆင့်ကမ်းလာသည့် ကံကြမ္မာ

နှစ်ပတ်အကြာ နွေရာသီက အဆုံးသတ်သို့ ရောက်လာခါနီးတွင် ရှိလန်သည် နောက်ဆုံး၌ ဟားမီးစ်သို့ ရောက်လာခဲ့လေသည်။

သူ့အား မြင့်မြတ်သော မြို့တော်၏ တံခါးတွင် စုန်းမများနှင့် မြောက်ပိုင်းဒေသမှ ပထမ စစ်တပ် မြို့စောင့်တပ်ဖွဲ့က ကြိုဆိုခဲ့ကြသည်။ လူအုပ်ကြီး အတွင်းတွင် ဘုရားကျောင်းမှ အနက်ရောင် ဝတ်စုံများကို ဝတ်ဆင်ထားသည့် သီလရှင် များစွာတို့ကိုလည်း သူက တွေ့ခဲ့ရသည်။

+

လျှပ်စီးထံမှ ဘုရားကျောင်း၏ ထိပ်တန်းပုဂ္ဂိုလ်များ ပျောက်ကွယ်သွားကြပြီဟု ကြားထားရသော်လည်း ယခုအချိန်၌ ဗလာဖြစ်နေသော ခံတပ်အတွင်းသို့ ဝင်လာခဲ့ချိန်တွင် သူသည် ဖြစ်ခဲ့သည့် အရာများကို မယုံနိုင် ဖြစ်နေခဲ့သေးသည်။

သူတို့အား စောင့်ကြိုနေမည်ဟု မျှော်မှန်းထားခဲ့သည့် ခက်ထန်သည့် တိုက်ပွဲတစ်ခု မဖြစ်လာခဲ့ပဲ နတ်ဘုရား စီရင်ခြင်း စုန်းမများနှင့် စိန်ပြောင်း အသစ်များကိုလည်း အသုံးမပြုခဲ့ရပေ။ ဤထက် ပိုကောင်းသော အဖြစ်များ မရှိနိုင်တော့သော်လည်း  အဖြစ်အပျက်

+

အပြောင်းအလဲများသည် ရိုလန် အတွက်
အဖျားရှူးသွားသကဲ့သို့ ခံစားနေရသည်။

သူသည် ဤစစ်ဆင်ရေးတွင် ပထမ စစ်တပ်နှင့်
အတူ အစ္စဘယ်လာအား စေလွှတ်ခဲ့သည့်
ဆုံးဖြတ်ချက်က မှန်ကန်သွားသည်။

လင်းယုန်မျက်နှာနှင့် အက်ဂါသာတို့ထံမှ
တင်ပြချက်များ အရ ယခင် သန့်စင်စုန်းမသည်
ဘုရားကျောင်း အတွင်းတွင် ဖြစ်ပေါ်နေသော
ထူးခြားသည့် အဖြစ်အပျက်များကို လျင်မြန်စွာ
သတိပြုမိပြီး ဘုန်းကြီးကျောင်း အတွင်းမှ
မိဘမဲ့များကို ဖြေရှင်းခဲ့အပြီးတွင် ပထမ
စစ်တပ်အား ဟားမီးစ်မှ မြင့်မြတ်သော မြို့တော်

+

အတွင်းသို့ ချက်ချင်း သွားရောက် စုံစမ်းရန် အကြံပေးခဲ့သည်။

ဘေးပတ်ဝန်းကျင်တွင် နေထိုင်ကြသော သူများမှ လွဲ၍ မြို့တစ်မြို့လုံးက လူသူ ကင်းမဲ့နေသည်ကို မြင်ခဲ့ရသော အခါ သူတို့က အံ့အားသင့်သွားကြသည်။ ထိုလူများက အချိန်မီ ထွက်ခွာနိုင်ခဲ့ခြင်း မရှိသည့် အတွက် ဘုရားကျောင်းသည် စစ်ဆင်ရေး အတွက် လှုပ်ရှားနေသေးသည်ဟု အပြင်ပန်းတွင် ထင်နေရခြင်း ဖြစ်သည်။

အမှန်တွင်မူ ထိုလူများသည် အတွင်းမြို့ အထဲ၌ ဘာဖြစ်နေသည်ကို လုံးဝ မသိနေကြပဲ

+

ဘုရားကျောင်းသည် နောက်ဆုံး တိုက်ပွဲအတွက် ပြင်ဆင်နေသည်ဟုသာ သိနေကြသည်။

ပြီးတာနှင့် အစ္စဘယ်လာ စုစည်းထားသည့် သီလရှင်များသည် ဟားမီးစ်သို့ ဝင်ရောက်ကာ အိမ်များထံသို့ တတ်နိုင်သမျှ သွားရောက်ခဲ့ပြီး အခြေအနေကို ရှင်းပြခဲ့ကြသည်။ သို့ဖြစ်၍ စွန့်ခွာ ထွက်ပြေးသူ အရေအတွက်မှာ စတင်၍ လျော့ကျသွားခဲ့ပြီး အနည်းဆုံးတော့ ဝံပုလွေ နှလုံးသားနှင့် ထာဝရဆောင်း နိုင်ငံသို့ အုပ်စုလိုက်ကြီး ထွက်ခွာသွားသော သူများကို မတွေ့ရတော့ပေ။

+

ဘုရားကျောင်း၏ မြင့်မြတ်သော မြို့တော်အား စွန့်ခွာသွားခြင်းသည် လူအများအတွက် ထိတ်လန့် တုန်လှုပ်ဖွယ်ရာ သတင်းတစ်ခု ဖြစ်သွားခဲ့ပြီး ဘုရားကျောင်း၏ ဂုဏ်သတင်းကိုလည်း အကြီးအကျယ် ထိခိုက်စေခဲ့သည်။

အန္တရာယ် တွေ့သည်နှင့် ပထမဆုံး ထွက်ပြေးကြသော သူရဲဘောကြောင်သူများနှင့် စာလျှင် ရှေ့ထွက်လာ၍ အစီအစဉ် တကျ ပြန်ဖြစ်ရန် ကြိုးစားခဲ့ကြသော သီလရှင်များကပင် ဘုရားကျောင်း၏ အစစ်အမှန် ဆက်ခံသူများနှင့် ပိုတူနေခဲ့သည်။

+

"သူတို့က ဘယ်လို ထွက်ပြေးသွားကြတာလဲ"
ရိုလန်က မအောင့်နိုင်ပဲ မေးလိုက်သည်။
သူရရှိခဲ့သော သတင်းက ပြည့်စုံခြင်း မရှိနေသဖြင့်
ဘုရားကျောင်း၏ လက်ကျန်လူများ
ဘယ်ရောက်သွားသည်ကို သူက သိချင်နေခဲ့သည်။
"အတွင်းမြို့မှာ လူထောင်နဲ့ချီပြီးမှာ ရှိနေမှာပဲ…
မြို့ရိုးကို မဖြတ်ပဲနဲ့ သူတို့က ကုန်းပြင်မြင့်ကနေ
ဘယ်လိုလုပ် ထွက်သွားနိုင်မှာလဲ"

"ဟားမီးစ်ရဲ့ အောက်ဘက်မှာ ဥမင်လှိုဏ်ခေါင်းတွေ
အများကြီး ရှိနေပြီး အချို့က မြို့ရိုးအောက်ကနေ
ဖောက်ထားတာ… တကယ်လို့ သူတို့က
အသုတ်လိုက် ထွက်သွားခဲ့ရင် အပြင်မြို့က
လူတွေကို သတိမထားမိစေပဲ ထွက်သွားလို့ရတယ်"
အစ္စဘယ်လာက ရှင်းပြလိုက်သည်။

+

"ဥမင် လှိုဏ်ခေါင်းတွေက တစ်ဘက်သာ သွားလို့ရလို့ ကျူးကျော် ဝင်ရောက်လာသူတွေက အသုံးပြုလို့ မရနိုင်ဘူး... ဒါ့အပြင် သူတို့က တစ်ခါသုံးတွေသာ ဖြစ်ကြပြီး ကျွန်မက ဥမင် အပေါက်ဝတွေကို စစ်ဆေးကြည့်လိုက်တော့ အများစုက အဖျက်ဆီးခံထားရပြီးပြီ"

"ဒီလှိုဏ်ခေါင်းတွေက ဘယ်နေရာတွေနဲ့ ဆက်သွယ်ထားတာလဲ"

"သူတို့ကို အသုံးပြုခဲ့တဲ့ သူတွေကပဲ သိနိုင်ကြမှာပဲ" အစ္စဘယ်လာက သူမ၏ ခေါင်းကို ခါလိုက်သည်။ "တကယ်လို့ သူတို့ဟာ အစကတည်းက ထွက်ပြေးဖို့

+

ကြံ့ရွယ်ထားခဲ့ရင် အခုအချိန်မှာ အချိန်ခြောက်ပတ်
ကြာသွားပြီ ဖြစ်တဲ့အတွက် ခြေရာခံဖို့
မဖြစ်နိုင်တော့ဘူး"

ဒီလိုဆိုတော့ ဘုရားကျောင်းဟာ ချောင်ပိတ်မိနေတဲ့
အိမ်မြောင် တစ်ကောင်လို သူ့ရဲ့ အမြီးကို ဖြတ်ပြီးမှ
ထွက်ပြေးသွားကာ အနာဂတ်မှာ ပြန်လာဖို့
အခွင့်အရေး တစ်ခုကို မျှော်လင့်နေခဲ့တာလား။
ရိုလန်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

ဒါပေမဲ့ မြင့်မြတ်သော မြို့တော်ကို
စွန့်လွှတ်ခဲ့တာက သူတို့ရဲ့ အခြေခံ ဌာနချုပ်ကို
စွန့်လွှတ်လိုက်တာနဲ့ တူနေပြီး အရာအားလုံးကို
ဆုံးရှုံးသွားခဲ့တဲ့အတွက် အမြီးတစ်ဘက်

+

ပြုတ်သွားတာထက် အများကြီး ပိုဆိုးနေတယ်။
မီးခိုးရောင် ရဲတိုက်ကို ယှဉ်နိုင်တဲ့ ဌာနချုပ် တစ်ခုကို
သူတို့က ဘယ်နေရာမှာ သွားရှာနိုင်မှာလဲ။
ဒါမှမဟုတ် သူတို့က နေရာဒေသ အသီးသီးမှာ
ဖြန့်ကျက်ပြီးမှ ငါ့နယ်မြေကို လာရောက်
ထိပါးနေကြမှာလား။

ဤအထိ တွေးခဲ့အပြီးတွင် လာမည့် နှစ်အတွင်းတွင်
ဘာသာရေး အယူသည်းသော ယုံကြည်သူများကို
စောင့်ကြည့်ရမည့် အလုပ်တစ်ခု တိုးလာမည်ကို
တွေးနေရင်း ရိုလန်က ခေါင်းကိုက်သွားလေသည်။

"ဘာမှ စိတ်ပူနေစရာ မလိုပါဘူး…
အရှင်မင်းမြတ်… သူတို့က ပြန်လာကြတော့မှာ

+

မဟုတ်ပါဘူး" ရိုလန်၏ စိတ်ကို ဖတ်နိုင်သကဲ့သို့ အစ္စဘယ်လာက ပြုံးနေရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ" ရိုလန်က အံ့အားသင့်သွားသည်။

အစ္စဘယ်လာက ပြန်ပြောလိုက်သည်။ "သူတို့က သတင်းပေးတဲ့သူ တစ်ယောက်ကို ချန်ထားခဲ့တယ်"

.........

မြင့်မြတ်သော မြို့တော်၏ မြောက်ပိုင်းမှ ဘုရားကျောင်းငယ်လေး တစ်ခုအတွင်းတွင်

+

ရှိလန်သည် အစ္စဘယ်လာ ဖော်ပြထားသည့်
သတင်းပေးပို့သူနှင့် တွေ့ဆုံခဲ့သည်။

သူသည် ရွှေများဖြင့် အနားကွပ်ထားသော
အနီရောင် ဘုန်းတော်ကြီး ဝတ်စုံ အသစ်စက်စက်
တစ်ခုကို ဝတ်ဆင်ထားသော မွဲပြာရောင်
ပေါက်နေသည့် အဘိုးအို တစ်ယောက် ဖြစ်သည်။
အစောင့်နှစ်ယောက်၏ ချုပ်ကိုင်မှုကို ခံနေရင်း သူ၏
လက်အတွင်းတွင် စာအုပ်ထူကြီး တစ်အုပ်ကို
ကိုင်ထားကာ အတွင်းသို့ လျှောက်ဝင်လာခဲ့သည်။

အဘိုးအိုသည် သူတို့အရှေ့သို့ ကတုန်ကရင်ဖြင့်
လျှောက်လာခဲ့သော်လည်း ရင်ကော့
ခေါင်းမော့ထား၍ တည်ကြည်ခန့်ညားသည့်

+

ဟန်ပန်ကို ဖမ်းနေရန် ကြိုးစားခဲ့သေးသည်။ သူသည် အစ္စဘယ်လာအား အေးစက်စက် တစ်ချက်ကြည့်ပြီးမှ ရိုလန်အား ကြည့်လိုက်သည်။ "ခင်ဗျားက မီးခိုးရောင် ရဲတိုက် ဘုရင် ရိုလန် ဝင်ဘယ်ဒန် ဖြစ်ပါသလား"

"ဟုတ်ပါတယ်"

"ခင်ဗျားက ခင်ဗျား ဖခင်ရဲ့ မီးခိုးရောင် ဆံပင်နဲ့ မီးခိုးရောင် မျက်လုံးတွေကို အမွေဆက်ခံရထားခဲ့တယ်" အဘိုးအိုက ဖြည်းညင်းစွာ ပြောလိုက်သည်။ "ကျုပ်နာမည်က ဂျက်ကော့ဖြစ်ပြီး မြင့်မြတ်သော မြို့တော်ရဲ့ အဆင့်မြင့် ဘုန်းတော်ကြီး ဖြစ်ပါတယ်…

+

ခင်ဗျားတို့ရဲ့ အခေါ်အဝေါ် အရ ကျုပ်ရဲ့ ရာထူးဟာ မြို့စားတစ်ယောက်နဲ့ တူညီနေပေမဲ့ ကျုပ်မှာ ကိုယ်ပိုင်နယ်မြေ မရှိသလို အစေခံ များစွာလည်း မရှိပါဘူး"

"ခင်ဗျားက ကျုပ်နဲ့တွေ့ဖို့ ဒီနေရာမှာ ချန်နေရစ်တယ်လို့ ကြားခဲ့တယ်" ရိုလန်က ပခုံးတွန့်လိုက်သည်။ "ဘာဖြစ်လို့လဲ… သူတို့ အမြီးကုပ်ပြီး ထွက်ပြေးသွားတဲ့ အချိန်မှာ ခင်ဗျားကို ခေါ်မသွားကြဘူးလား"

"ကျုပ်က နေခဲ့ချင်နေလို့ပါ" ထိုစကားလုံးများက သူ၏ နောက်ဆုံးစကားလုံးများ ဖြစ်နေသည့် အတိုင်း အဘိုးအိုက လေးနက်စွာဖြင့်

+

ပြောလိုက်သည်။ "ကျုပ်က ထွက်ပြေးဖို့ အသက် သိပ်ကြီးလွန်းနေပြီ... တကယ်လို့ ကျုပ်က သူတို့က ထွက်သွားနိုင်တဲ့ တိုင်အောင် ကျုပ်အတွက် အချိန် သိပ်မကျန်တော့ဘူး... တိုတောင်းတဲ့ ဘဝအသစ် တစ်ခုကို စတင်မယ့် အစား ကျုပ်က ဒီမြို့တော် အတွင်းမှာပဲ အမြှုပ်နှံခံတော့မယ်"

"ဘဝအသစ် တစ်ခု... ဟုတ်လား" ရိုလန်က အဓိက စကားလုံးများကို လျင်မြန်စွာ ဖမ်းဆုပ်မိသွားသည်။

"ဟုတ်တယ်... ကျုပ်တို့က တာဝန်တွေ အားလုံးကို စွန့်လွှတ်လိုက်ပြီး ကျန်နေတဲ့ ရက်တွေအားလုံးကို အေးချမ်းတဲ့ ဘဝအသစ်မှာပဲ နေထိုင်ကြတော့မယ်"

+

ဂျက်ကော့၏ အသံသည် ပြက်ရယ်ပြုသကဲ့သို့ ဖြစ်နေသည်။

"ခင်ဗျားက အနိုင်ရသွားပါပြီ… အရှင်မင်းမြတ်… ဘုရားကျောင်းက ခင်ဗျားနဲ့ ဆက်လက် တိုက်ခိုက်နေမှာ မဟုတ်တော့ပါဘူး… ဒီမြို့တော်ကိုလည်း ကျုပ်တို့ရဲ့ အိမ်မက်ဆိုးတွေနဲ့ အတူ အကောင်းပကတိ အတိုင်း ခင်ဗျားအတွက် ချန်ထားပေးခဲ့ပါတယ်… ခင်ဗျားက ဆန္ဒရှိခဲ့ရင်ပေါ့"

"အိုး" ရိုလန်က မယုတ်မလွန် ပြန်ပြောလိုက်သည်။

"လူသူ ခေါင်းပါးတဲ့ ဒီကုန်းပြင်မြင့်ကို ကျုပ်တို့က စောင့်ကြပ်နေရတဲ့ တခြား အကြောင်းရင်းတွေကို

+

ခင်ဗျားသိသလား" အဘိုးအို၏ အသံက ကျယ်လောင်လာခဲ့သည်။ "ခင်ဗျား လုပ်ခဲ့တာကို ကြည့်စမ်းပါဦး... လူသားတွေက ခင်ဗျားကြောင့် ပျက်စီးဆုံးပါးကြတော့မယ်"

"တကယ်လား... ဘယ်လောက်အထိ ပြင်းထန်လှတဲ့ စွပ်စွဲချက်လဲ... ဒါပေမဲ့ ကျုပ်က တာဝန်ခံရမယ်လို့တော့ မမြင်နေပါဘူး" စကားပြောနေရင်း ရိုလန်သည် ထိုဘုန်းတော်ကြီး၏ ရည်ရွယ်ချက်အား အကြမ်းဖျင်း သဘောပေါက်သွားခဲ့သည်။

မှန်သည်၊ ဘုရားကျောင်းက သူ့အား ဤမြို့တော်ကို အလွယ်တကူ သိမ်းပိုက်ခွင့် ပြုနိုင်မည် မဟုတ်ချေ။

+

သူတို့သည် ပြန်လည် တိုက်ခိုက်ရန် အင်အား
မရှိတော့သော်လည်း စိတ်ပိုင်းဆိုင်ရာ အားဖြင့်
နှောင့်ယှက်ရန် ကြိုးစားခဲ့သေးသည်။

သူတို့၏ ရည်ရွယ်ချက်များက မတူနေသော်လည်း
ဇီးရိုးသည် သူတို့အကြားမှ နောက်ဆုံးတိုက်ပွဲ
အတွင်းတွင် တူညီသော လှည့်ကွက်များကို
အသုံးပြုခဲ့သေးသည်။ အကယ်၍ ရိုလန်သည်
နတ်ဘုရားဆန္ဒ စစ်ပွဲ အကြောင်းကို ဘာမှ
မသိခဲ့ပါက မိစ္ဆာများက လူသား မျိုးနွယ်စုအား
မကြာခင် မျိုးသုဉ်း သတ်ဖြတ်တော့မည်ဟူသော
သတင်းသည် သူ့အား သေချာပေါက် အံ့အားတကြီး
ဖြစ်စေခဲ့ပေလိမ့်မည်။

+

ထို့အပြင် ဘုရားကျောင်းသည် အမှန်တရားကို
လက်တလုံးခြား လုပ်ကာ လူသား မျိုးနွယ်စု၏
ကျရောက်လာလတ္တံ့သော ပျက်စီးမှုသည်
သူ့အမှားကြောင့် ဖြစ်သည်ဟု ယုံကြည်စေခဲ့ပါက
သူ၏ စိတ်ဆန္ဒကို ချိုးဖျက်သည့် နေရာ၌
အောင်မြင်သွားကြမည် ဖြစ်သည်။

"စွပ်စွဲတယ်... ဟုတ်လား... ဟင်း... ဘယ်လောက်
အဓိပ္ပာယ် မရှိတဲ့ စကားလဲ... ငါက နောက်နေတာနဲ့
တူနေလို့လား... အိုး... ငယ်ရွယ်ပြီး အတွေ့အကြုံ
မရှိတဲ့ ဘုရင်လေး... ကြည့်ရတာ အရှင်
ပုပ်ရဟန်းမင်းကြီး သန့်စင်စုန်းမက ခင်ဗျားကို
အမှန်တရားတွေ မပြောပြခဲ့ဘူးနဲ့ တူနေတယ်"
ဂျက်ကော့က အစွဘယ်လာအား အဓိပ္ပာယ် ပါသော

+

အကြည့်တစ်ချက်ဖြင့် ကြည့်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"ဘုရားကျောင်းဟာ ခင်ဗျား မှန်းဆနိုင်စွမ်း မရှိတဲ့ ကြီးမားတဲ့ တာဝန် ဝတ္တရား တစ်ခုကို ထမ်းထားရပြီး ဒါတွေကို ဘုရားကျောင်းရဲ့ အဆင့်မြင့် အရာရှိတွေကလွဲလို့ ကျန်တဲ့သူတွေ မသိကြဘူး… ပြီးခဲ့တဲ့ ရာစုနှစ် အနည်းငယ် အတွင်းမှာ ကျုပ်တို့က ဘယ်လိုမျိုး ရန်သူတွေနဲ့ ရင်ဆိုင်ဖို့ ပြင်ဆင်နေခဲ့သလဲ ဆိုတာကို ခင်ဗျားက မသိပါဘူး"

"အခုအချိန်မှာ ခင်ဗျားက ဘုရားကျောင်းကို ဖျက်ဆီးခဲ့ပြီ ဖြစ်တဲ့အတွက် ခင်ဗျား နှစ်သက်သည်

+

ဖြစ်စေ မဖြစ်စေ ဖြစ်လာမယ့် အရာတွေကို
တာဝန်အပြည့် ယူရတော့မယ်… ကျုပ်တို့အတွက်
အဆုံးသတ် အချိန် ရောက်လာတဲ့ အချိန်ကျရင်
ခင်ဗျားက ခင်ဗျားရဲ့ တိုင်းပြည် မီးလောင်
ပြာကျသွားတာကို ကူရာမဲ့စွာနဲ့
ကြည့်နေရလိမ့်မယ်"

"ကြည့်ရတာ ဒီလူက ငါ့ကို စိတ်ပိုင်းဆိုင်ရာ
တိုက်ခိုက်ချင်နေရုံတင် မကပဲ ငါနဲ့ အစ္စဘယ်လာ
အကြားမှာ စိတ်ဝမ်းကွဲအောင် အခွင့်အရေး ရှာပြီး
သွေးထိုးပေးနေခဲ့တာပဲ… ဝမ်းနည်းစရာ
ကောင်းတာဟာ သူကငါ့ကို မှားယွင်း
တွက်ချက်ခဲ့ပြီး လွဲမှားစွာ အချက်ပြမိခဲ့တာပဲ"

+

ရိုလန်သည် ကိုယ့်ကိုယ်ကိုယ် တရားမျှတသည့်ပုံ ဖမ်းထားသော ဘုန်းတော်ကြီးအိုအား ကြည့်နေရင်း သူ၏ စိတ်အတွင်းတွင် ဆိုရိုးစကား တစ်ခု ပေါ်လာခဲ့သည်။ "ကမ္ဘာကြီးဟာ စင်မြင့်တစ်ခု ဖြစ်ခဲ့ရင် လူတွေအားလုံးက သရုပ်ဆောင်တွေ သက်သက်ပါပဲ"

"ခင်ဗျားက ကျုပ်ကို ယုံချင်မှ ယုံမှာ ဖြစ်ပေမဲ့ အမှန်တရား တစ်ခုကတော့ အမှန်တရား တစ်ခုပါပဲ" ဘုန်းတော်ကြီး ဆက်ပြောခဲ့သော အခါ ရိုလန်၏ ခေါင်းအတွင်း၌ နောက်ထပ် စာကြောင်းတစ်ခု ပေါ်လာခဲ့သည်။ "လူတွေက အသတ်ခံရမှ သေကြတယ်"

+

ဤစကားများကို ပြောအပြီးတွင် ဂျက်ကော့က သက်ပြင်းရှည်ကြီး ချလိုက်ကာ သူ့လက်အတွင်းမှ စာအုပ်ကို လှန်ပြီးမှ ရိုလန်ထံသို့ လှမ်းပေးလိုက်သည်။ "ဒါက ဘုရားကျောင်းရဲ့ ကျမ်းစာ ဖြစ်ပါတယ်... သူ့ကို ဖတ်ပြီးသွားရင် ခင်ဗျားက ဘယ်လောက်အထိ ရူးမိုက်တဲ့ အရာတွေကို ပြုလုပ်မိတယ် ဆိုတာကို သဘောပေါက်သွားလိမ့်မယ်... ကျုပ်တို့ရဲ့... မဟုတ်ဘူး... လူသားတွေရဲ့ တကယ့် ရန်သူတွေ ဆိုတာက..."

"မိစ္ဆာတွေ... မဟုတ်လား" ရိုလန်က သာမန်အတိုင်းသာ ဖြတ်ပြောလိုက်သည်။ "ခင်ဗျားတို့က ဒီနေရာမှာ မြင့်မြတ်သော မြို့တော်ကို တည်ဆောက်ထားတာက

+

မိစ္ဆာသားရဲတွေကို တိုက်ခိုက်ဖို့ မဟုတ်ပဲ
တောင်အောက်က နတ်ဘုရား တံ့ပြန်မှု ကျောက်တုံး
သတ္တုတွင်းကြောင့်သာ ဖြစ်တယ်"

"ဘုရားရှိခိုး ကျောင်းတော်ကြီးအောက်မှာ
အချက်အချာ လျှို့ဝှက်ကျောင်းတော် ရှိပြီး အဲ့ဒီမှာ
ခင်ဗျားတို့က နတ်ဘုရား တံ့ပြန်မှု
ကျောက်တုံးတွေကို တူးဖော်ပြီး နတ်ဘုရား
စီရင်ခြင်း စစ်တပ်ကို တည်ဆောက်ခဲ့တယ်… ဒါက
ဘုရားကျောင်းရဲ့ အစစ်အမှန် ပုံစံဖြစ်တယ်"

"ဒါပေမဲ့ ပုပ်ကသာ နတ်ဘုရား စီရင်ခြင်း စစ်တပ်ရဲ့
ဝင်စားခြင်း အခမ်းအနား အကြောင်းကို သိနိုင်တာ
ဆိုတော့ ခင်ဗျားက ဒီအကြောင်းကို သိထားသလား

+

ဆိုတာကိုတော့ ကျုပ်မသိဘူး… အိုး… ခင်ဗျားက ကျုပ်ကို နတ်ဘုရားဆန္ဒ စစ်ပွဲ ဒါမှမဟုတ် နတ်ဒေဝါတွေရဲ့ အပြုံး အကြောင်းကို ပြောပြမလို့လား"

"နှစ်ပေါင်း လေးရာလောက် ကြာတိုင်း ဖြစ်ပွားတဲ့ ဒီစစ်ပွဲဟာ ကျုပ်အတွက် သတင်း အသစ်တစ်ပုဒ် မဟုတ်ဘူး… ဒါ့အပြင် မိစ္ဆာတွေက မမြင်နိုင်တဲ့ တစ္ဆေ သရဲတွေလည်း မဟုတ်ဘူး… အမှန်အတိုင်း ပြောရရင် ကျုပ်ဟာ အရင်က သူတို့အချို့နဲ့ တိုက်ခိုက်ခဲ့ဖူးတယ်… ဒီလိုဆိုတော့ ခင်ဗျားမှာ ကျုပ်ကို ပြောပြဖို့ ဘာသတင်းတွေ ရှိသေးလဲ"

+

"ခင်ဗျား… ကျုပ်…" ဤအချိန်တွင် ဂျက်ကော့သည် အံ့ဩ တုန်လှုပ်လွန်းနေသဖြင့် သူ၏ ပါးစပ်ကို ဟလိုက်သော်လည်း ဘာစကားမှ မပြောနိုင်တော့ပဲ အချိန်မရွေး ပြိုလဲကျသွားတော့မည့်ပုံ ပေါက်နေခဲ့သည်။ ခဏအကြာမှ သူသည် တုန်ခါနေသော လက်ညှိုးဖြင့် အစ္စဘယ်လာအား ညွှန်ပြလိုက်ပြီးမှ ပြောလိုက်သည်။ "မင်း… မင်း…"

သို့သော်လည်း အစ္စဘယ်လာက သူမ၏ ခေါင်းကို ညင်သာစွာ ခါလိုက်သည်။ "ကျွန်မက သူ့ကို ဒီအကြောင်းတွေ မပြောခဲ့ပါဘူး… သူဟာ အစကတည်းက ကျွန်မတို့ ထင်ထားတာထက် အများကြီး ပိုသိနေခဲ့ပြီ… ရှင်က သူ့ကို လျှော့တွက်ခဲ့မိတယ်… ဒါမှမဟုတ် ကျွန်မတို့ အားလုံးက သူ့ကို လျှော့တွက်ခဲ့မိတယ်"

+

"အခုအချိန်မှာ ခင်ဗျားက ခင်ဗျားရဲ့ ဇာတ်လမ်းကို ပြောပြီးသွားပြီ ဆိုတော့ အခု ကျုပ်အလှည့် ရောက်ပြီ" ရိုလန်က အေးစက်စွာ ရယ်လိုက်ရင်း ပြောလိုက်လေသည်။

## စာစဥ် ၆၇ : အပိုင်း ၉

## အပိုင်း ၈၉၄ : ကမ္ဘာကြီးကို ကယ်ဖို့ ထိုက်တန်ပါတယ်

ဤနေရာတွင် ပထမ စစ်တပ်မှ စစ်သားအချို့ ရှိနေခဲ့သဖြင့် ရိုလန်သည် သူ၏ ဇာတ်လမ်း အတွင်းတွင် နတ်ဘုရားဆန္ဒ စစ်ပွဲ၏ မူလရင်းမြစ်ကို

+

ချန်ထားခဲ့ကာ အဘိုးအိုအား အတိတ်က စုန်းမ အင်ပါယာက ဘုရားကျောင်း အဖြစ်သို့ မည်သို့ ပြောင်းလဲလာသည့် သမိုင်း အစိတ်အပိုင်း တစ်ခုကိုသာ အတိုချုံး၍ ပြောပြခဲ့သည်။

ရိုလန်သည် သူသိထားသော ဇာတ်လမ်းအား အကျဉ်းချုံး၍သာ ပြောပြခဲ့ခြင်း ဖြစ်သော်လည်း ဂျက်ကော့က ရိုလန်သည် လူသားတို့၏ အတိတ်အကြောင်းကို မည်မျှအထိ သိထားကြောင်း သဘောပေါက်သွားသော အခါ အလွန်အမင်း အံ့သြ တုန်လှုပ်သွားခဲ့သေးသည်။

ဘုရားကျောင်း၏ ထိပ်တန်း လျှို့ဝှက်ချက်များသည် ဘာမှ တန်ဖိုးမရှိသကဲ့သို့ ရိုလန်၏ ပါးစပ်ဖျားမှ

+

ဒီအတိုင်း ထွက်လာသော အခါတိုင်း သူ၏
မျက်လုံးများက ပြူးလာခဲ့ပြီး နောက်ဆုံးတွင်
သူတို့က အလွန်အမင်း ကြီးမားလာခဲ့သဖြင့်
မီးအိမ်တစ်စုံနှင့်ပင် တူလာခဲ့သည်။

အဘိုးအိုသည် ရိုလန် ပြောခဲ့သည့် အရာများကို
ချေပမည်ဟု ကြံလိုက်သည့် အခါတိုင်း သူ၏
စကားလုံးများက နှုတ်ဖျားတွင် ရပ်တန့်သွားခဲ့သည်။
ရိုလန် ပြောခဲ့သော အရာတိုင်းသည် သူ၏
နားလည်မှုထက် ကျော်လွန်နေခဲ့သော်လည်း
ဘုရားကျောင်း အတွင်းတွင် ပျံ့နှံ့နေသော
ကောလာဟလများနှင့် ပြီးပြည့်စုံစွာ
ကိုက်ညီနေပေသည်။

+

ဘုန်းတော်ကြီးအိုက အသက်ကို ခဲခဲယဉ်းယဉ်း ရှူနေရသည်ကို မြင်ခဲ့ရသော အခါ ရိုလန်က ရပ်တန့်လိုက်သည်။ သူသည် စကား ဆက်ပြောစရာ မကျန်တော့၍ ရပ်လိုက်ခြင်း မဟုတ်ပဲ အချိန်မရွေး ပြိုလဲကျသွားတော့မည့်ပုံ ပေါက်နေသော အဘိုးအိုအား စာနာ၍ ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် ထိုအဘိုးကြီးက မေ့လဲသွားမည်ကို သူက အမှန်တကယ် ဂရုစိုက်နေခြင်း မရှိပဲ သူ၏ တုန်လှုပ်နေသော မျက်နှာကို အချိန်အနည်းငယ် ပိုကြည့်နေလို၍သာ ဖြစ်လေသည်။

+

ဂျက်ကော့က အသက် ပုံမှန် ပြန်ရှူနိုင်သော
အချိန်မှသာ သူက ဆက်ပြောလိုက်သည်။
"ကြည့်ရတာ ခင်ဗျားက ဘုရားကျောင်းရဲ့
အတွင်းကိစ္စတွေကို သိပ်မသိဘူးနဲ့ တူတယ်...
မဟုတ်ရင် ဒီအချက်အလက်လေးတွေကြောင့်
ဒီလောက်အထိ တုန်ခါနေမှာ မဟုတ်ဘူး"

"ကျုပ်အခု ပြောခဲ့တာဟာ ခင်ဗျားကိုယ်တိုင်
အတိတ်က တွေ့ရှိခဲ့တဲ့ သဲလွန်စတွေနဲ့
ကိုက်ညီနေတဲ့ အတွက်
ကျုပ်လျှောက်ပြောနေတယ်လို့ ခင်ဗျားက စွပ်စွဲ
ချင်နေရင်တောင် စွပ်စွဲလို့ ရမှာ မဟုတ်ဘူး... မိစ္ဆာနဲ့
နတ်ဘုရားဆန္ဒ စစ်ပွဲနဲ့ ပတ်သတ်တဲ့
ဗဟုသုတတွေကို ခင်ဗျားတို့ရဲ့ ရည်မှန်းချက်
ဒါမှမဟုတ် ယုံကြည်ချက်တွေ မမေ့သွားအောင်

+

ပုပ်တွေကနေပြီး မျိုးဆက် အဆင့်ဆင့်
လက်ဆင့်ကမ်းလာခဲ့တာ ဖြစ်တယ်"

"ဒါပေမဲ့ သူတို့ကိုယ် သူတို့ ဘုရားကျောင်းရဲ့
ဆက်ခံသူတွေကို ပြောခဲ့ကြတဲ့ လက်ရှိ ဆက်ခံသူ
အရှုးတွေဟာ စုန်းမတွေကို ထိတ်လန့်
ကြောက်ရွံ့လွန်းကြတဲ့ အတွက် အတိတ်က
အမှန်တရားကို မဖော်ပြရဲကြဘူး... ပထမဆုံး ပုပ်ရဲ့
သေတမ်းစာကိုတော့ ပြောမနေနဲ့တော့"

"ခင်ဗျားတို့က လူသား မျိုးနွယ်စု အတွက်
တိုက်ခိုက်နေတယ်လို့ ဆိုနေကြပေမဲ့ ဟားမီးစ်က
မြင့်မြတ်သော မြို့တော် တစ်ခုလုံးမှာ ယုံကြည်သူ

+

ဘယ်နှစ်ယောက်ကများ မိစ္ဆာတွေနဲ့ လာတော့မယ့် စစ်ပွဲ အကြောင်းကို သိထားကြသလဲ"

"ဒါပေမဲ့ မီးခိုးရောင် ရဲတိုက်မှာတော့ ဒီလိုမဟုတ်ဘူး... နတ်ဘုရားဆန္ဒ စစ်ပွဲနဲ့ ပတ်သတ်တဲ့ သတင်း အချက်အလက်တွေဟာ ဆောင်းမဲ့မြို့တော်မှာ လျှို့ဝှက်ချက် တစ်ခု မဟုတ်နေဘူး... ကျူပ်လက်အောက်မှာ အလုပ်လုပ်တဲ့ ဝန်ကြီးတွေ အားလုံးက မိစ္ဆာတွေ အကြောင်းကို သိထားကြတယ်"

"လာတော့မယ့် နတ်ဘုရားဆန္ဒ စစ်ပွဲအတွက် စီမံ ပြင်ဆင်မှုတွေဟာ ဆောင်းမဲ့မြို့တော်ရဲ့ အခြေခံ ရည်မှန်းချက် တစ်ခုပဲ... လယ်သမားတွေပဲ

+

ဖြစ်ဖြစ်… ပန်းပဲဆရာတွေပဲ ဖြစ်ဖြစ… ကျုပ်ရဲ့ လက်အောက်ငယ်သားတွေ အားလုံးဟာ မကောင်းဆိုးဝါးတွေနဲ့ မဖြစ်မနေ တိုက်ခိုက်ရမယ့် စစ်ပွဲအတွက် ပြင်ဆင်နေကြတယ်… ဒါက ကျုပ်တို့အကြားက အကြီးမားဆုံး ကွဲပြားမှုပဲ… ရန်သူတွေကို တိုက်ခိုက်ဖို့ ကျုပ်က မီးခိုးရောင် ရဲတိုက်ကို ပြင်ဆင်နေတာ နှစ်နဲ့ချီနေပြီ"

ရိုလန်က အကြံအိုက်ကာ စိတ်နောက်ကျိနေသည့်ပုံ ပေါက်နေသော အဘိုးအို၏ မျက်နှာအား အရသာခံ၍ ကြည့်နေရင်း ဆက်ပြောလိုက်သည်။ "ဘုရားကျောင်းဟာ လူသား မျိုးနွယ်စု အတွက် တစ်ဦးတည်းသော ကယ်တင်ရှင် ဖြစ်နေတယ်လို့ ခင်ဗျားက ထင်နေသေးသလား… ခင်ဗျားတို့က

+

ကိုယ့်ကိုယ်ကိုယ် အထင် သိပ်ကြီးလွန်းနေတယ်လို့
မထင်ဘူးလား"

"ကျုပ်က အစွမ်းထက်တဲ့ ဒီရန်သူတွေကို
အနိုင်ယူနိုင်မလား ဆိုတဲ့ အချက်ကို
ဘေးဖယ်ထားခဲ့ရင်တောင် အချက်တစ်ခုက
သေချာနေသေးတယ်"

သူသည် ဘုန်းတော်ကြီးအို အနားသို့
လျှောက်သွား၍ သူ၏ နောက်ထပ် စကားများကို
ဖြည်းဖြည်းချင်း ပြောလိုက်လေသည်။
"ဘုရားကျောင်းက ကျုပ်ကိုတောင် နိုင်အောင်
မတိုက်နိုင်ပဲနဲ့ ကမ္ဘာကြီးကို ကယ်တင်ဖို့

+

မျှော်လင့်နေသေးတာလား... အိမ်မက်
မက်မနေပါနဲ့တော့"

"ကျုပ်တို့..." ရိုလန်၏ နောက်ဆုံး စကားသည်
သူ၏ ရင်အား ထိုးဖောက်သွားခဲ့သကဲ့သို့
ဂျက်ကော့၏ မျက်နှာက ဖြူဖျော့သွားခဲ့သည်။
သူသည် ယခင်က သူ၏ စိတ်အတွင်းတွင်
ဘုရားကျောင်း၏ စွမ်းအားကို
မေးခွန်းထုတ်ခဲ့ဖူးသော်လည်း သူ၏ သံသယများကို
အမြဲတမ်း ဖုံးကွယ်ထားခဲ့သည်။

ယခုအချိန်၌ အမှန်တရားသည် သူ၏
မျက်နှာအရှေ့တွင် ပြင်းထန်စွာ
အဖော်ထုတ်ခံခဲ့ရသော အခါ သူ၏

+

နောက်ဆုံးလက်ကျန် စိတ်ဓာတ် ကြံ့ခိုင်မှုများကပင် ဆုံးရှုံးသွားခဲ့လေသည်။

ဘုန်းတော်ကြီးအိုသည် သူ၏ ခြေထောက်များက အားမရှိတော့ဟု ခံစားခဲ့ရပြီး ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားကာ အစက တည်ကြည် ခန့်ညားသည့် ပုံစံ ဖမ်းထားခဲ့မှုကလည်း အစရှာမရအောင် ပျောက်ကွယ်သွားတော့သည်။

"သူ့ကို အကျဉ်းထောင်တွေဆီ ခေါ်သွားလိုက်ပါ" ရိုလန်က လက်တစ်ဖက် ဝှေ့ယမ်းနေရင်း အမိန့်ပေးလိုက်သည်။ "သူက သတ္တုတွင်းတွေမှာ အလုပ်လုပ်ဖို့ အသက် ကြီးလွန်းနေပြီ... သွေးလဝန်း ကျရောက်လာတဲ့ အထိ သူ့ကို

+

အရှင်ထားပြီး ငါတို့လူတွေက မိစ္ဆာတွေနဲ့ ဘယ်လို တိုက်ခိုက်သလဲ ဆိုတာကို ပြသရမယ်... အဲ့ဒီအချိန်မှာ ဘုရားသခင်ကို နောင်တရကြောင်း ဘယ်လို ပြောရမလဲ ဆိုတာကို သူက မှတ်မိနေဦးမယ်လို့ ငါမျှော်လင့်နေပါတယ်"

"မှန်လှပါ... အရှင်မင်းမြတ်" စစ်သားများသည် ဂျက်ကော့အား သူ့လက်မောင်းမှ နေ၍ ဆွဲမလိုက်ကြကာ ဆွဲခေါ်သွားခဲ့ကြသည်။

ရိုလန်က အစ္စဘယ်လာဘက်သို့ လှည့်၍ ပြောလိုက်သည်။ "အရမ်းကောင်းတယ်... မင်းမရှိခဲ့ရင် ငါတို့က မြင့်မြတ်သော မြို့တော်ကို

+

ဒီလောက်မြန်မြန် အစီအစဉ် ကျအောင်
ထိန်းသိမ်းနိုင်ခဲ့မှာ မဟုတ်ဘူး"

အစ္စဘယ်လာသည် ခါတိုင်းနှင့် မတူပဲ ဘုရင်ထံမှ
အကြည့်လွှဲကာ အနည်းငယ် တုန်ခါနေသော
လေသံဖြင့် ပြောလိုက်သည်။ "ဒါက တကယ်ပဲ
အဆင်ပြေပါ့မလား... ကျွန်မကို ပုပ်ရဲ့
ကိုယ်စားလှယ် အနေနဲ့ အမိန့်ပေးပြီး
အစွန့်ပစ်ခံခဲ့ရတဲ့ သူတွေကို
စုဆောင်းလိုနေတာလား"

သမိုင်းကို အသစ်တစ်ဖန် ပြန်ရေးကာ
ဘုရားကျောင်းအား တစ်ခါတည်း အပြီးအပိုင်
ခွဲခြမ်းပစ်ရန် အက်ဒစ်၊ လင်းယုန်မျက်နှာနှင့်

+

အစ္စဘယ်လာ ကိုယ်တိုင်ထံမှ အကြံပြုချက်များကို သူက ရရှိခဲ့သည်။

ဤရွှေ့ကွက်သည် မီးခိုးရောင် ရဲတိုက်အား မြင့်မြတ်သော မြို့တော်သစ်နှင့် မြို့တော်ဟောင်း နှစ်ခုစလုံးကို သိမ်းပိုက်နိုင်ပြီး ဘုရားကျောင်း ရာစုနှစ်များစွာ စုဆောင်းထားသည့် လွှမ်းမိုးမှုများကို ရနိုင်မည် ဖြစ်သဖြင့် မြောက်ပိုင်းဒေသမှ ပုလဲက ဤအကွက်အား ချီးကျူးခဲ့သည်။

ပြန့်ကျဲနေသော ယုံကြည်သူများသည် အဖွဲ့အစည်း အသစ် တစ်ခုအား ထူထောင်ရန် အခွင့်အရေး ရခဲ့လျှင်ပင် ဟားမီးစ်အား အမှန်တကယ်ထိန်းချုပ်နိုင်သော ရိုလန်နှင့် စာလျှင်

+

တရားမဝင်သော သူပုန်များသဖွယ်
ဖြစ်သွားခဲ့ပေလိမ့်မည်။

အခြားတစ်ဘက်တွင်မူ ရိုလန်က ဤရွေ့ကွက်အား
ပို၍ လက်တွေ့ဆန်ဆန် မြင်နေခဲ့သည်။
ဖြတ်သန်း၍ မရနိုင်သော တောင်တန်း၏
အလယ်တွင် တည်ရှိနေပြီး ချောက်ကမ်းပါးကြီးအား
မျက်နှာမူထားသဖြင့် ဤကုန်းပြင်မြင့် နေရာသည်
နတ်ဘုရားဆန္ဒ စစ်ပွဲတွင် ခုခံကာကွယ်မည့် အဓိက
နည်းဗျူဟာ ကျသော နေရာတစ်ခု
ဖြစ်လာပေလိမ့်မည်။

ရိုလန်သည် ဟားမီးစ်နှင့် စစ်ကြေညာခဲ့သည့်
နေ့ကတည်းက ဤနေရာအား သိမ်းပိုက်ရန်

+

ရည်ရွယ်ထားခြင်း ဖြစ်သည်။ ယခုအချိန်တွင် သူသည် ဒေသခံ အင်အားစုများနှင့် အရင်းအမြစ်များကို အသုံးချနိုင်ပြီး ဆောင်းမဲ့မြို့တော်၏ အသုံးစရိတ်များကို ချွေတာနိုင်သည့် အတွက် ဤအစီအစဥ် အတိုင်း မလုပ်ရန် အကြောင်းမရှိနေပေ။

"မင်းလုပ်ခဲ့တဲ့ အရာတွေက အကျိုးသက်ရောက်မှု ရှိနေတော့ ငါက ဘာဖြစ်လို့ အပြစ်တင်ရမှာလဲ" ရိုလန်က ပြုံးနေရင်း ပြောလိုက်သည်။ "ဒါပေမဲ့ မင်းရဲ့ ပြစ်ဒဏ်က တည်ရှိနေဆဲပဲ"

+

"ကျွန်မက ဒီလို ရည်ရွယ်ချက်မျိုး တစ်ခါမှ မရှိပါဘူး..." အစ္စဘယ်လာက အလောတကြီးဖြင့် ပြောလေသည်။

"ဒါပေမဲ့ ငါက မင်းရဲ့ အကူအညီ အတွက် ဆုမချလို့လည်း မရဘူး" ရိုလန်က သူ၏ လက်များကို ဝှေ့ယမ်းနေရင်း ပြောလိုက်သည်။ "မင်းက တစ်နေ့မှာ ကိုယ်စားလှယ် တစ်ယောက် အနေနဲ့ လုပ်ဆောင်ဖို့ လိုအပ်လာခဲ့ရင် အဲ့ဒီနေ့မှာ မင်းကို ကိုယ်စားလှယ် တစ်ယောက်နဲ့ ကိုက်ညီတဲ့ နည်းလမ်းတစ်ခု အတိုင်း သင့်တော်စွာ လုပ်ဆောင်ခွင့်ပေးမယ်... ဘယ်လို သဘောရသလဲ"

+

"ကိုယ်စားလှယ် တစ်ယောက်နဲ့ ကိုက်ညီတဲ့ နည်းလမ်းတစ်ခု အတိုင်း… ဟုတ်လား"

"ကိုယ်စားလှယ်ဟာ ဝန်ကြီးချုပ် ဒါမှမဟုတ် ဘုရင်ရဲ့ ညာလက်ရုံးနဲ့ တူညီတဲ့ အဆင့်အတန်း ရှိတယ်" ရိုလန်က ပြုံးလိုက်သည်။ "ဒါကမင်းကို တူညီတဲ့ အာဏာ ဒါမှမဟုတ် စွမ်းအားကို ပေးမှာ မဟုတ်ပေမဲ့ ကျယ်ဝန်းပြီး အဆင့်မြင့်တဲ့ အခန်း၊ တော်ဝင် စားဖိုမှူးတွေ ချက်ပြုတ်တဲ့ အစားအစာ၊ မင်းသောက်ချင်သလောက် ခေးရော့ ဖျော်ရည်တွေ အစရှိတာတွေကို ရရှိနိုင်မှာ ဖြစ်တယ်"

"တကယ်လို့ မင်းက သူတို့ကို မလိုချင်ဘူး ဆိုရင် တူညီတဲ့ ရွှေပြား ပမာဏတွေကို ရနိုင်…"

+

"မလိုပါဘူး... အရှင်မင်းမြတ်" အစ္စဘယ်လာက သူမ၏ ခေါင်းကို ခါလိုက်သည်။ "ဒီအတိုင်းပဲ ကောင်းပါတယ်... ကျွန်မ ဆိုလိုနေတာက အရှင့်ရဲ့ သဘောအတိုင်း ပါပဲ"

"ကောင်းပြီလေ... ဒါဆိုရင် ဒီအတိုင်းပဲ လုပ်ကြတာပေါ့" ရိုလန်က ရှင်ပြစွာဖြင့် ပြောလိုက်သည်။

.........

မြို့အတွင်းမှ စုံစမ်း စစ်ဆေးရေး ကိစ္စများကို ပထမ စစ်တပ်၏ အဓိက တပ်ဖွဲ့ လာရောက်

+

ပူးပေါင်းခဲ့သော အခါ တိုင်းတပါးမြို့၏ လုပ်ပုံကိုင်ပုံ အသေးစိတ်များသည် ရိုလန်၏ အရှေ့တွင် ကြည်လင် ပြတ်သားစွာ ပုံပေါ်လာခဲ့သည်။

သူ့အား အံ့အားသင့်စေခဲ့သည်မှာ ဘုန်းတော်ကြီးအိုက 'အကောင်း ပကတိ အတိုင်း ချန်ထားခဲ့သည်' ဆိုသည့် စကားမှာ ချဲ့ကား ပြောဆိုထားမှု မဟုတ်ခြင်းပင်တည်း။ ပြိုကျသွားသော ဘုရားရှိခိုး ကျောင်းတော်ကြီးမှ လွဲ၍ ကျန်သော အဆောက်အအုံများသည် အကောင်းအတိုင်း ရှိနေကြသေးသည်။

+

မြို့ရိုး၏ ပြိုကျသွားသော အစိတ်အပိုင်းများကိုပင် ပြန်လည် တည်ဆောက်ထားခဲ့ပြီး မြို့ရိုးပေါ်မှ လောက်လွှဲများကလည်း ဒီအတိုင်း ရှိနေကြသည်။

ထို့အပြင် အစ္စဘယ်လာက သူမ၏ တင်ပြချက် အတွင်း ဖော်ပြထားခဲ့သော ရှူးသွပ်ဆေးလုံး များစွာတို့ကလည်း မြေအောက်ခန်း အတွင်း၌ ငြိမ်သက်စွာ ရှိနေကြပြီး သူတို့၏ ရေတွက်မှု အရ ဆေးလုံးပေါင်း နှစ်သိန်းလေးသောင်းခန့် ရှိနေခဲ့သည်။

မိစ္ဆာများအား တိုက်ခိုက်ရန် ရှူးသွပ်စစ်သားပေါင်း သန်းနှင့်ချီ၍ အသုံးပြုမည်ဟု စီစဉ်ထားသော

+

ဖိုးရိုး၏ အကြံက အမှန်တကယ် မဖြစ်လာသဖြင့် ရိုလန်က စိတ်သက်သာရာ ရသွားခဲ့လေသည်။

ဆေးလုံးများအား ရေတွက်ခဲ့အပြီးတွင် သူတို့အား ကြီးမားသော မီးပုံတစ်ခုဖြင့် မြို့ရိုးပေါ်တွင် မီးရှို့ခဲ့သည်။ နောက်ဆုံးတွင် သူ့အား တစ်ချိန်လုံး စိတ်အနှောင့်အယှက် ပေးနေခဲ့သည့် ရှုးသွပ်စစ်တပ် တစ်ခု၏ ခြိမ်းခြောက်မှုသည် အဆုံးသတ်သို့ ရောက်သွားလေတော့သည်။

သို့သော်လည်း စုံစမ်း စစ်ဆေးမှု ရလဒ်များတွင် ပို၍ပင် စိတ်ဝင်စားစရာ ကောင်းသော အချက်များ ပါနေခဲ့သည်။

+

ဥပမာအားဖြင့် အစာများ ဖြစ်သည်။

ပြီးတော့ လက်နက်များ။

စုံစမ်း စစ်ဆေးမှု စတင်သည့် ရက်ကတည်းက
ပထမ စစ်တပ်သည် ကြောက်မက်ဖွယ်
ကောင်းလောက်သည့် ပမာဏ အထိ
အမြောက်အမြား သိုလှောင်ထားသည့် ကုန်ပစ္စည်း
အသစ်များကို တွေ့ရှိခဲ့ကြသည်။

သူတို့ တွေ့ရှိခဲ့သည့် အရင်းအမြစ်များသည်
နိုက်သူရဲကောင်း များစွာတို့အား
ထောက်ပံ့ပေးနိုင်ရန် လုံလောက်နေသည်။

+

အရှေ့ဆုံး ဘုရင် အေပန် မိုရာနှင့် သူ၏ ကံကြွေးချ အမတ်များသည် ဤမြို့တော်အား လုယက်တိုက်ခိုက်ရန် မိုင်ထောင်ပေါင်းများစွာ ချီတက်လာခြင်းမှာ အဆန်းတော့ မဟုတ်ချေ။ ဘုရားကျောင်းမှ အဆင့်မြင့် အရာရှိများသည် ရွှေပြားနှင့် ကျောက်မျက်များကိုသာ ယူသွားကြ၍ စစ်ထောက်ပံ့ရေး ပစ္စည်း အများစုကို ဒီအတိုင်း ထားခဲ့ကြသည်။

သို့ဖြစ်၍ သူတို့သည် ပြန်လာရန် စိတ်ကူးမရှိပဲ လွတ်လပ်သော ဘဝအသစ် တစ်ခုအား ထူထောင်ရန် ထွက်ပြေးသွားကြမှာ သေချာသလောက် ရှိနေသည်။

+

မီးခိုးရောင် ရဲတိုက် အနောက်မြောက်ဘက်၌
အသိုက်ဖွဲ့နေသော ကြောက်မက်ဖွယ်ရာ ရောမ
သတ္တဝါ တစ်ကောင်သည် နောက်ဆုံးတွင်
အချေမှုန်းခံလိုက်ရပေပြီ။

ရိုလန်တွင် ယခုအချိန်၌ အချိန်ပို များစွာ
ရှိသွားခဲ့သည်။ သူလုပ်ရန် လိုသည်မှာ သံပုဆိန်က
အရှေ့ပိုင်း ဒေသအား ပေါင်းစည်းနေသည်ကို
စောင့်နေ၍ အိမ်နီးချင်း နိုင်ငံ၏ နယ်စပ်သို့
စစ်ချီသွားကာ စစ်တပ်နှစ်ခု ပူးပေါင်းမည် ဖြစ်သည်။
ပြီးတာနှင့် သူတို့သည် အတူတကွ စုစည်းကာ
အရဏ်ဦး နိုင်ငံအား ညှပ်ပူးညှပ်ပိတ်
တိုက်ခိုက်ရပေလိမ့်မည်။

+

ရလေ့ မရှိသည့် အချိန်ပိုများ ရနေသဖြင့် ရိုလန်သည် ဘုရားကျောင်း နှစ်ပေါင်းများစွာ လည်ပတ်ခဲ့သည့် မြို့ပတ်ဝန်းကျင်အား လှည့်လည် ကြည့်ရှုရန် ဆုံးဖြတ်ခဲ့သည်။ ဘာပဲပြောပြော သူ့မှတ်ဉာဏ် အတွင်းမှ ဟားမီးစ်၏ မြင့်မြတ်သော မြို့တော်သည် ပြည့်စုံနေခြင်း မရှိပေ။

သူအလည်ပတ်လိုဆုံးသော နေရာမှာ အစ္စဘယ်လာ သူ့အား ယခင်က ပြောဖူးသည့် ပုံရိပ်ယောင် နေရာ ဖြစ်သော ရောင်ပြန် ကျောင်းတော်ပင် ဖြစ်သည်။ ထိုပုံရိပ်ယောင်သည် ကြယ်ကြွေမြို့တော် ဘုရင်မ အဲလစ်က သူမ၏ ယုံကြည်မှုများကို နှစ်ရာပေါင်းများစွာ လက်ဆင့်ကမ်းခဲ့ခြင်း ဖြစ်သည်ဟု အဆိုရှိသည်။ ထိုနေရာသည် ဇီးရိုးက သန့်စင်စုန်းမ တစ်ယောက်မှ ပုပ်ရဟန်းမင်းကြီး

+

အဖြစ်သို့ အသွင်ပြောင်းခဲ့သည့် နေရာလည်း ဖြစ်လေသည်။

## စာစဥ် ၆၇ : အပိုင်း ၁၇

## အပိုင်း ၈၉၅ : အတိတ်မှ ရုပ်ပုံများ

တစ်နည်းအားဖြင့် ဆိုရလျှင် ရောင်ပြန်ကျောင်းတော်သည် ပုပ်များ အကြားမှ ရာထူး အပြောင်းအလဲ လုပ်သည့် နေရာတစ်ခု အပြင် ပြတိုက် တစ်ခုလည်း ဖြစ်နေပေသည်။

+

ဘုရားကျောင်း၏ အတိတ်မှ ခေါင်းဆောင်
ပုဂ္ဂိုလ်များသည် သမိုင်းကြောင်း အရ
အရေးပါရုံတင် မကပဲ မှော်ကျောက်တုံး
မှော်အင်းကွက်များသည် အတိတ်မှ အဓိက
အဖြစ်အပျက်များကို ပုံရိပ်ယောင် ရုပ်ပုံများ
အနေဖြင့် ပြန်လည် ဖော်ပြနေပေသည်။

အကယ်၍ အနာဂတ် မျိုးဆက်များ အတွက်
ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်မှု
နေရာတစ်ခု ဖြစ်လာခဲ့လျှင် ထိုအရာက အမှန်ပင်
အကျိုးအမြတ် ရှိသည့် နေရာတစ်ခု
ဖြစ်လာနိုင်သည်။

+

သို့သော်လည်း ရိုလန် အနေဖြင့် ယခုအချိန်၌ အတွင်းသို့ ဝင်ရောက်လိုနေခဲ့လျှင် အတော်လေး လှုံ့လထုတ်ရပေလိမ့်မည်။ ရောင်ပြန် ကျောင်းတော်သည် မြင့်မြတ်သော မြို့တော် ဘုရားကျောင်း၏ အောက်ဘက်တွင် ကြေးမုံကဲ့သို့ တည်ရှိနေခဲ့သော်လည်း ဘုရားကျောင်း နှစ်ကျောင်းတို့သည် ဆက်သွယ်နေခြင်း မရှိပေ။

သူတို့ အကြားမှ ကျောက်ပြားများသည် ဆယ်မီတာခန့် ထူထဲပြီး နံရံများ အတွင်းတွင် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးများကိုလည်း မြှုပ်နှံထားကြသဖြင့် လူအင်အားသုံး၍ တူးဖော်ခြင်း သို့မဟုတ် မှော်သဘော်ဖြင့် ထိုးဖောက် ဝင်ရောက်ခြင်းသည် အမတန်မှ ဒုက္ခရောက်လိမ့်မည် ဖြစ်သည်။

+

အစ္စဘယ်လာအား အသေးစိတ် မေးမြန်းခဲ့ အပြီးတွင် ရိုလန်သည် ဘုန်းကြီးကျောင်း အောက်ရှိ ဥမင် လှိုဏ်ခေါင်းများ ထံမှ တဆင့်သာ ရောင်ပြန်ကျောင်းတော် အတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့လေသည်။

ဘာပဲပြောပြော ဤဥမင်များသည် ယခင်က ပိတ်ဆို့နေခြင်း မရှိပဲ ယခုအချိန်၌ အခြားသူများက ဖြိုချသွားခဲ့လျှင်ပင် မှော်သဘော်ာဖြင့် အလွယ်တကူ ဖြတ်သန်း သွားလာနိုင်သေးသည်။ ပို၍ အရေးကြီးသည့် အချက်မှာ အစွန့်ပစ်ခံ ဥမင်များသည် နတ်ဘုရား တုံ့ပြန်မှု

+

ကျောက်တုံးများ၏ လွှမ်းမိုးမှုအောက်တွင် ရှိမနေခြင်းပင် ဖြစ်သည်။

နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံး သတ္တုကြော၏ လွှမ်းမိုးမှုအောက်တွင် ရှိနေသော ဂူတစ်ခုလုံးနှင့် စာလျှင် ဥမင် လှိုဏ်ခေါင်းများသည် များစွာပို၍ လုံခြုံ စိတ်ချရကာ ပိုမို ကောင်းမွန်သော ရွေးချယ်မှု တစ်ခု ဖြစ်နေသည်။

လမ်းပျောက်ခြင်း မရှိစေရန် ရိုလန်သည် ရှယ်ဗီအား ဤအလည်အပတ် ခရီးအတွက် အကောင်းဆုံး လမ်းကြောင်းကို ရှာဖွေရန် မြေအောက် အဆောက်အအုံ တစ်ခုလုံးကို ကြည့်ရှု စစ်ဆေးစေခဲ့သည်။

+

စုန်းမများသည် ရုတ်ရုတ်သဲသဲ ပြင်ဆင်နေမှုများကို သတိထားမိသွားကြပြီး ရိုလန်၏ ခရီးအကြောင်းကို သိသွားကြသည်။ ထွက်ခွာမည့်နေ့တွင် ရိုလန်သည်သူ၏ တဲအပြင်တွင် လူတစ်အုပ်စု စုစည်း စောင့်မျှော်နေသည်ကို တွေ့ခဲ့ရသည်။ သူတို့အတွင်းတွင် ကောင်မလေး လျှပ်စီးက အလှူပ်ရှား အတက်ကြွဆုံး ဖြစ်နေခဲ့သည်။

"အရှင်မင်းမြတ်... ဒီလောက် အရေးကြီးတဲ့ စူးစမ်းရှာဖွေရေး ခရီးမှာ ကျွန်မကို ဘယ်လို ချန်ထားလို့ ဖြစ်မှာလဲ" သူမသည် မှားယွင်းစွာ အဆက်ဆံခံခဲ့ရသကဲ့သို့ နှုတ်ခမ်းစူနေရင်း

+

ပြောလိုက်သည်။ "ကျွန်မက အရှင့်ရဲ့ စူးစမ်းရှာဖွေသူ ခေါင်းဆောင် မဟုတ်ဘူးလား"

"ကူး...ကူး... စွန့်စားခန်း ခရီး... ကူး" မက်ဂီက သဘောတူလိုက်သည်။

"အမ်... ဒါက အလည်အပတ် ခရီး သက်သက်ပါပဲ... ပုပ်တွေ အာဏာ လွှဲပြောင်းတဲ့ နေရာမှာ အန္တရာယ် မပြောနဲ့ စိတ်လှုပ်ရှားဖွယ်ရာ ဘာအရာမှ ရှိမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ကျွန်မက အရှင်နဲ့ အတူ သွားလိုနေတယ်... ရမလားဟင်" ကောင်မလေးသည် တောက်ပ

+

ရွှန်းလဲ့နေသော မျက်လုံးအစုံဖြင့် သနားစဖွယ်
မေးလိုက်လေသည်။

ရိုလန်ကလည်း သူမအား အဘယ်မှာ
ငြင်းဆန်နိုင်တော့အံ့နည်း။

ရေကာတာ တံခါးတစ်ချပ် ပွင့်သွားပြီးသော အခါ
ကျန်သော စုန်းမများ၏
တောင်းဆိုချက်များကလည်း တစ်ခုပြီး တစ်ခု
ဝင်လာလေသည်။

"အရှင်မင်းမြတ်... ကျွန်မကိုလည်း ခေါ်သွားပါ"
ပိတုန်းငှက်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

+

"ကျွန်မက အရှင့်ကို အထုပ်အပိုးတွေ ကူသယ်ပေးနိုင်တယ်"

"စူးစမ်း လေ့လာရေး အသင်းအဖွဲ့ဝင် တစ်ယောက် အနေနဲ့ ကျွန်မက ဒီလိုမျိုး အရေးပါတဲ့ အချိန်တစ်ခုကို လွတ်သွားလို့ ဘယ်ဖြစ်မလဲ... ဟုတ်တယ်မလား... အရှင်မင်းမြတ်" အက်ဂါသာက မေးလိုက်သည်။

"ကျွန်မကတော့ အစ်မအန်နာ သွားတဲ့အနောက်ကို လိုက်မှာပဲ" နာနာက ကြည်လင်သော လေသံတစ်ခုဖြင့် ပြောလိုက်သည်။

+

"မြေအောက် အဆောက်အအုံမှာ မိစ္ဆာပလိပ် ရောဂါတွေ ရှိနေရင် ဘယ်လိုလုပ်မလဲ… လေဝင်လေထွက် မကောင်းတဲ့ နေရာတွေက ဘက်တီးရီးယားတွေ ပေါက်ဖွားဖို့ အကောင်းဆုံး ပတ်ဝန်းကျင် ဖြစ်တယ်လို့ အရှင်က ပြောထားတယ် မဟုတ်လား" လီလီက လေးနက်စွာဖြင့် မေးလိုက်သည်။

"ကြယ်ကြွေမြို့တော် ဘုရင်မက အဲ့ဒီမှာ ရှိနေတဲ့ အတွက် ကျွန်မကလည်း သူမကို ပြန်တွေ့ချင်နေတယ်…" စုန်းမများ အပြင် နံပါတ် ၇၆ ဖိုင်းလစ်ကလည်း လိုက်ပါလိုသည့် ဆန္ဒများကို ဖော်ပြခဲ့သည်။

+

"နေပါဦး... သူမက တက်ကီလာရဲ့ ရန်သူ မဟုတ်ဘူးလား" ရိုလန်က သိလိုစိတ်ဖြင့် မေးလိုက်သည်။

"ဒါပေမဲ့ သူမက လေးစားဖွယ်ရာ ခေါင်းဆောင်တစ်ယောက် ဖြစ်နေသေးတယ်... လေဒီ အဲလစ်ကြောင့်သာ မဟုတ်ရင် ကျွန်မတို့က တက်ကီလာနဲ့ ကြယ်ကြွေမြို့တော်နှစ်ခု အငြင်းပွားတဲ့ အချိန်အထိတောင် အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

နောက်ဆုံးတွင် ရောင်ပြန်ကျောင်းတော်သို့ အလည်အပတ် ခရီးအား လူတိုင်းလိုလိုက လိုက်ပါခွင့် ရခဲ့လေသည်။

+

အစက ရိုလန်သည် အန်နာ၊ နိုက်တင်ဂေး၊ ရှယ်ဗီနှင့် အစ္စဘယ်လာတို့ကိုသာ သူနှင့်အတူ ခေါ်သွားရန် စီစဉ်ထားခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် ပါဝင်သူများက များလာသဖြင့် မာဂီသည် အစွန့်ပစ်ခံ ဥမင်အတွင်းသို့ လူအားလုံးကို သယ်ပို့နိုင်ရန် အခေါက်ပေါင်းများစွာ အကြိုအပို့ လုပ်ခဲ့ရသည်။

ရှုပ်ထွေးလှသော ဤဥမင်များသည် အပိတ်ခံခဲ့ရသည်မှာ အချိန်ကြာနေပြီ ဖြစ်သော်လည်း အတိုက်စားခံရသည့် လက္ခဏာများ မရှိပဲ အခြေအနေ အတော်ကောင်းနေကြသေးသည်။ ထိုနေရာတွင်

+

အတော်လေး ဖုန်ထူထပ်နေကြသော်လည်း
သူတို့သည် အခက်အခဲ များစွာ မတွေ့ပဲ
ခရီးဆက်နိုင်ခဲ့ကြသည်။

ဆယ့်ငါးမိနစ်ခန့် လျှောက်သွားပြီးသော အခါ
သူတို့သည် ရောင်ပြန်ကျောင်းတော်၏ အပေါ်ပိုင်းသို့
ရောက်လာကြကာ အစ္စဘယ်လာ၏ လမ်းပြမှု
အောက်တွင် မကြာမီပင် ခမ်းနားသော ခန်းမ တစ်ခု
အတွင်းသို့ ရောက်လာကြသည်။

ထိုခန်းမ၏ အကျယ်သည် ဧည့်မျှ အထင်ကြီးစရာ
မကောင်းသော်လည်း မျက်နှာကြက်သည် အဆုံးမဲ့
ဆန့်တန်းနေသဖြင့် ရိုလန်သည် အပေါ်ရှိ

+

အမှောင်ထု အတွင်းတွင် ဆန့်တန်းနေသော
တိုင်လုံးများကိုသာ မြင်နိုင်ခဲ့သည်။

အခြား စကားလုံးဖြင့် ပြောရလျှင် သူ၏
အမြင့်သည် အကျယ်ထက် များစွာပို၍
ကြီးမားနေသည်။

ထိုခန်းမသည် ကြီးကျယ် ခမ်းနားလှသော်လည်း
ရိုလန်သည် ဤအချိန်၌ အလုံပိတ် အခန်းအား
ကြောက်ရွံ့သည့် ခံစားချက် တစ်မျိုးကို ရရှိခဲ့ပြီး
အလွန်အမင်း နက်ရှိုင်းသော လှိုဏ်မြောင်း အတွင်းတွင်
လမ်းလျှောက်နေခဲ့ရသကဲ့သို့ ခံစားခဲ့ရသည်။

+

အလင်းရောင် ကျောက်တုံးများသည် ဘေးတစ်ဘက်တစ်ချက်အား အလင်းပေးထားသော်လည်း သူတို့၏ ခပ်မှိန်မှိန် အဝါရောင် အလင်းတန်းများသည် ခန်းမ၏ အစိတ်အပိုင်း တစ်ခုကိုသာ ထိန်လင်းစေခဲ့သည်။

"ဒါက ဘုရားရှိခိုးခန်း ဖြစ်ပြီး အရင် ပုပ်တွေရဲ့ ပုံတူ ကားချပ်တွေကို ဒီခန်းမရဲ့ နံရံအပေါ်မှာ ချိတ်ဆွဲထားပါတယ်" အစ္စဘယ်လာက လမ်းလျှောက်နေရင်း ရှင်းပြလိုက်သည်။ "အာဏာ လွှဲပြောင်းတဲ့ နေ့မှာ အိုဘရိုင်ယန်က မိန်းကို ဒီနေရာ ခေါ်လာခဲ့ပေမဲ့ ဂိုဏ်းအုပ် ဘုန်းတော်ကြီးဟာ သူနဲ့အတူ အခြား တစ်ယောက်ကို ပုပ်က ခေါ်လာသေးမှန်းကို မသိခဲ့ဘူး"

+

"သူမက ဇီးရိုး ဖြစ်တယ်မလား" ရိုလန်က အသံတိုးတိုးဖြင့် မေးလိုက်သည်။

"ဟုတ်တယ်... ပုံမှန်ဆိုရင် သန့်စင်စုန်းမ တစ်ယောက်ကို ဒီနေရာ ပေးမဝင်ပဲ တင်းကျပ်စွာ တားမြစ်ထားတယ်... မှော်အင်းကွက်တွေကို မှော်စွမ်းအား ဖြည့်ပေးတဲ့ စုန်းမတွေကိုတောင် မကြာခင် အနစ်နာခံရမယ့် စုန်းမတွေထံကနေ ရွေးချယ်ထားတယ်... သူတို့က ပုံရိပ်ယောင်တွေကို တွေ့ခဲ့ပြီးတာနဲ့ နတ်ဘုရား စီရင်ခြင်း စစ်တပ်ရဲ့ ဝင်စားခြင်း အခမ်းအနား အတွင်းကို သွားခဲ့ရတယ်"

+

အစ္စဘယ်လာက ခေါင်းညိတ်လိုက်သည်။ "ဇီးရိုးက ဒီနေရာကို ရောက်ခဲ့ပြီးတာနဲ့ ပုပ်ရာထူး အတွက် အရွေးချယ်ခံမယ့်သူ တစ်ယောက် ဖြစ်သွားခဲ့ပြီ"

"ရှုံစရာပဲ" နိုက်တင်ဂေးက မာန်ဖီလိုက်သည်။ သူမသည် ဝင်စားခြင်း အခမ်းအနားကို ပြောနေသလား သို့မဟုတ် ဇီးရိုးကို ပြောနေသလား ဆိုသည်ကိုမူ မည်သူမှ မသိကြပေ။

အစ္စဘယ်လာကလည်း သူမ၏ ပါးစပ်ကို အလိုလို ပိတ်လိုက်လေသည်။

အားလုံးတို့က ခန်းမအဆုံးသို့ ရောက်လာသော အခါ ခန်းမ တစ်ခုလုံး အပြည့် ခင်းကျင်းထားသော

+

ပုံတူကားချပ် တစ်ခုက သူတို့၏ အရှေ့တွင် ပေါ်လာခဲ့သည်။ ခပ်မှိန်မှိန် အဝါရောင် အလင်းတန်း အောက်မှ လမ်းကြောင်းနှင့် မတူပဲ ဤပုံတူကားချပ်၏ ဘောင်ကို အလင်းရောင် ကျောက်တုံးများဖြင့် ဝန်းရံထားကာ ပုံတူ၏ အသေးစိတ်ကို နူးညံ့သော အလင်းရောင် အောက်တွင် ပြတ်သားစွာ မြင်နိုင်ပေသည်။

ရိုလန်သည် စုန်းမ ဘုရင်မ၏ ပုံသဏ္ဍာန်ကို အက်ဂါသာနှင့် ကျန်သော စုန်းမများထံမှ အကြိမ်ပေါင်းများစွာ ကြားခဲ့ဖူးသော်လည်း သူမ၏ ပုံတူကားချပ်အား သူမ၏ ကိုယ်ပိုင် မျက်လုံးများနှင့် မြင်ခဲ့ရသော အခါ စကားဖြင့် မဖော်ပြနိုင်သည့် ခံစားချက် တစ်ခုသည် သူ၏ ရင်အတွင်းမှ ပေါ်လာခဲ့လေသည်။

+

ဤရုပ်ပုံ အတွင်း၌ အဲလစ်သည် ဓားတစ်ချောင်းကို လက်နှစ်ဖက်စလုံးဖြင့် ကိုင်ထားပြီး အရှေ့သို့ စိုက်ကြည့်နေခဲ့သည်။ သူမသည် ခန့်မှန်း၍ မရသော အနာဂတ်အား ကြည့်နေခဲ့သည်နှင့် တူနေခဲ့သလို တစ်ချိန်တည်းတွင် ရိုလန်အား စစ်ဆေးနေသည့်ပုံလည်း ပေါက်နေခဲ့သည်။

သူမအား တိကျစွာ ဖော်ပြနိုင်မည့် စကားလုံး တစ်လုံးမှ မရှိခဲ့ပေ။ သူမသည် နူးညံ့သော်လည်း သန်မာကာ အေးစက်သော်လည်း တောက်လောင်နေခဲ့သည်။ သူမ အပေါ်သို့ မျက်လုံးများ ကျရောက်ခဲ့အပြီးတွင် တစ်ယောက်မှ သူမအား မေ့ပျောက်နိုင်တော့မည် မဟုတ်ချေ။

+

သို့သော်လည်း အကယ်၍ သူမတွင် လှပသော မျက်နှာ တစ်ခုသာ ရှိနေမည် ဆိုပါက ရိုလန်က သိပ်ပြီးမှ အံ့ဩလိမ့်မည် မဟုတ်ပေ။ အဲလစ် အပေါ်တွင် သဘာဝ ခေါင်းဆောင် တစ်ယောက်၏ လွှမ်းမိုးနိုင်သော အရှိန်အဝါ တစ်ခု ရှိနေခဲ့သည်။ သူမသည် ဘုရားသခင်၏ ဂုဏ်ကျက်သရေဖြင့် မွေးဖွားလာ၍ သူမ၏ နောက်လိုက်များကို အချိန် အဆုံးထိတိုင် အောင်ပွဲထံသို့ ဦးဆောင်ပေးနိုင်မည့်ပုံ ပေါက်နေပေသည်။

"ဘယ်လောက်အထိ လှပတဲ့ အမျိုးသမီး တစ်ယောက်လဲ" အန်နာက ရှုပ်ထွေးနေသော

+

ခံစားချက် တစ်ခုဖြင့် ပြောလိုက်သည်။
"ကံကောင်းတာက သူမ မရှိတော့ဘူး"

"ဟေး... မင်းက ဘာကို ဆိုလိုနေတာလဲ" ရိုလန်က သူမ၏ ခေါင်းအား အသာပုတ်လိုက်သည်။
"တကယ်လို့ အဲလစ်က အသက်ရှင်နေခဲ့ရင်တောင် ငါကသူမကို ချစ်ခင် နှစ်သက်မိမှာမို့လား"

သို့သော်လည်း နိုက်တင်ဂေးက သူ့ဘေးတွင် ရှိနေသဖြင့် သူက သူ့အတွေးများကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိခဲ့ပေ။

ငါ့မှာ ဖုံးကွယ်စရာ ဘာမှ မရှိနေပေမဲ့ သူမက ငါပြောတာက အမှန်လုံးလုံး မဟုတ်ဘူး ဒါမှမဟုတ်

+

အမှားတစ်ဝက် အမှန်တစ်ဝက်လို့ သတ်မှတ်ခဲ့ရင်
ငါက ဘယ်လို လုပ်ရပါ့မလဲ။

ကြယ်ကြွေမြို့တော် ဘုရင်မ၏ ရုပ်ပုံကို
ကြည့်ရှုခံစားခဲ့အပြီးတွင် သူတို့သည် ဧရာမ
ပန်းချီကားချပ် အနောက်တွင် ဖုံးကွယ်ထားသည့်
ပုံရိပ်ယောင် အခန်းအတွင်းသို့
လျှောက်ဝင်လာခဲ့ကြသည်။

"မှော်အင်းကွက် ကိုးခုတို့ကို ဒီနေရာမှာ
သိမ်းဆည်းထားပြီး ကျွန်မက သူတို့အားလုံးကို
အကုန် မကြည့်ဖူးပါဘူး... အချို့
မှော်အင်းကွက်တွေက အရင်မျိုးဆက်တွေက
လက်ဆင့်ကမ်းလာတာနဲ့ တူနေပါတယ်"

+

အစ္စဘယ်လာက မှော်ကျောက်တုံး တစ်တုံးအား ဖိလိုက်သည်။ "တကယ်လို့ အရှင်က သူတို့အားလုံးကို ကြည့်လိုနေရင် ကျွန်မက တစ်ခုပြီး တစ်ခုကို အသက်သွင်းပေးပါမယ်"

"ဒီလိုဆိုရင် စလိုက်ကြရအောင်" ရိုလန်က ခေါင်းညိတ်လိုက်သည်။

သူတို့၏ ပတ်ဝန်းကျင်သည် ရုတ်ခြည်းပင် မည်းမှောင်သွားလေတော့သည်။

## စာစဥ် ၆၇ : အပိုင်း ၁၁

+

# အပိုင်း ၈၉၆ : ဖုန်များဖြင့် လွှမ်းခြုံထားသော လျှို့ဝှက်ချက်များ

အမှောင်အတွင်းတွင် ရိုလန်သည် လက်နှစ်ဖက်က သူ့အား တစ်ပြိုင်နက်တည်း ဆုပ်ကိုင်ခဲ့သည်ကို ခံစားမိလိုက်သည်။ နိုက်တင်ဂေးက သတိတကြီးဖြင့် မေးလိုက်သည်။ "ဘာဖြစ်သွားတာလဲ"

"ဒီမှော်အင်းကွက် ဖန်တီးထားတဲ့ ပုံရိပ်ယောင်ဟာ အားလုံးတို့ရဲ့ ဦးနှောက်အတွင်းမှာ တိုက်ရိုက် ဖော်ပြမှာ ဖြစ်ပါတယ်" အက်ဂါသာက ရှင်းပြလိုက်သည်။ "ရှင်တို့ အခြားကမ္ဘာ တစ်ခုကို တစ်ယောက်တည်း ပို့ဆောင်ခြင်း ခံလိုက်ရတယ်လို့ ထင်နေရပေမဲ့ အမှန်တရား အပေါ်မှာ

+

အကျိုးသက်ရောက်မှု ရှိမှာ မဟုတ်ပဲ ကျွန်မတို့က ခန်းမ အတွင်းမှာ ရပ်နေဆဲ ရှိပါသေးတယ်"

"တကယ်လို့ ရှင်တို့က ဆက်မကြည့်ချင်တော့ဘူး ဆိုရင် မှော်အင်းကွက် အကျိုးသက်ရောက်တဲ့ နေရာ ပြင်ပကို လျှောက်ထွက်သွားရုံပါပဲ" အစ္စဘယ်လာက ဆက်ပြောလိုက်သည်။

သိပ်မကြာမီပင် အမှောင်ထုသည် ဖြည်းဖြည်းချင်း မှေးမှိန် ပျောက်ကွယ်သွားပြီး ထွင်းဖောက် မြင်နေရသည့် မှန်အမိုးခုံး၊ စကျင်ကြမ်းပြင်နှင့် ကျယ်ဝန်းသော စားပွဲဝိုင်း တစ်ခုတို့က အားလုံး၏ အရှေ့တွင် ပေါ်လာခဲ့သည်။

+

စားပွဲဝိုင်းတွင် ထိုင်နေကြသူများမှာ ဖက်ဒရေးရှင်း ဝတ်ရုံများကို ဝတ်ဆင်ထားကြသော စုန်းမများ ဖြစ်ကြပြီး သူတို့အတွင်းတွင် မီးတောက်ကဲ့သို့ အနီရောင် ဆံပင်များ ရှိနေသော အထင်ကြီးဖွယ် ကြယ်ကြွေမြို့တော်ဘုရင်မလည်း ပါနေခဲ့သည်။

ထိုအရာသည် လွန်ခဲ့သော နှစ်ပေါင်း လေးရာကျော်မှ မြင်ကွင်းတစ်ခု ဖြစ်နေခဲ့သော်လည်း ပုံရိပ်ယောင် အတွင်းမှ အရာ အားလုံးတို့သည် အမှန်အတိုင်း ထင်နေရပြီး စားပွဲခုံပေါ်မှ လက်ဖက်ရည်ကပင် အငွေ့တထောင်းထောင်း ထနေခဲ့သေးသည်။

+

အတိတ်တွင် အမြုပ်နှံခံခဲ့ရသော အချိန်ကာလ
တစ်ခုသည် ပစ္စုပ္ပန်တွင် ထပ်ဖန်တစ်ခါ ပြန်လည်
ရှင်သန်လာသည်ဟုပင် ခံစားနေရသည်။

အကယ်၍ ထိုကဲ့သို့သော နည်းစနစ် တစ်ခုသည်
ရိုလန် လာခဲ့သော ကမ္ဘာ အတွင်းတွင်
တည်ရှိနေခဲ့ပါက ဖုန်မှုန့်များ အကြားတွင် စကားလုံး
အပိုင်းအစ အချို့ကို ပင်ပန်းခက်ခဲစွာ
တီထွင်ခဲ့ရသော သမိုင်း ပညာရှင်များသည်
မျက်ရည်ပေါက်ပေါက် ကျသွားခဲ့နိုင်သည်။

အန္တရာယ် မရှိမှန်း သိသွားသော အခါ
လက်တစ်ဖက်က ရိုလန်အား
လွှတ်လိုက်သော်လည်း အခြား လက်တစ်ဖက်ကမူ

+

မလွှတ်ခဲ့သည့် အပြင် အောက်သို့ ဆင်းလာခဲ့ကာ
လက်ချောင်းများ အချင်းချင်း တင်းကျပ်စွာ
သွယ်ယှက် ဆုပ်ကိုင်ခဲ့ကြလေသည်။

သူမက မည်သူ ဆိုသည်ကို ရိုလန်က ချက်ချင်း
သိလိုက်လေသည်။

သူသည် ပြုံးလိုက်ပြီးမှ အခြားသူ၏
လက်ချောင်းများကို ဖွဖွလေး ဖျစ်ညှစ်ခဲ့ပြီးမှ
ပုံရိပ်ယောင်များထံသို့ အာရုံ
ပြန်စိုက်လိုက်လေသည်။

အစ္စဘယ်လာသည် မှော်ကျောက်တုံးများကို
တစ်ခုပြီး တစ်ခု အသက်သွင်းလိုက်သည်။

+

ပုံရိပ်ယောင် အတွင်းမှ နေရာများသည် စုန်းမများ၏ ထွက်ပြေးရာ လမ်းကြောင်းများမှ တက်ကီလာ ထို့နောက် ကြယ်ကြွေမြို့တော်ထံသို့ ပြောင်းလဲသွားခဲ့သည်။

အဲလစ်သည် ပို၍ပို၍ ငယ်ရွယ်လာပြီး ပေါ်ပေါက်လာသည့် စုန်းမများသည်လည်း အဆက်မပြတ် ပြောင်းလဲသွားကြရာ နောက်ဆုံးတွင် ရင်းနှီး ကျွမ်းဝင်သော မျက်နှာအချို့ကိုသာ မြင်နိုင်ခဲ့သည်။ ရှည်လျား ကြမ်းတမ်းသော စစ်ပွဲ အတွင်းတွင် ဖက်ဒရေးရှင်းသည် အကြီးအကျယ် ဆုံးရှုံးခဲ့ပြီး ထွက်ပြေးခဲ့ချိန်တွင် အကြီးတန်း စုန်းမ အနည်းငယ်တို့သာ အသက်ရှင်နိုင်ခဲ့မှန်း သိသာနေသည်။

+

ထိုအရာသည် စုန်းမများ၏ အစွမ်းထက်လေလေ ရာထူးကြီးလေလေ ဖြစ်သော စနစ်၏ အားနည်းချက်ကြောင့် ဖြစ်သည်။ ဤအရာသည် အကျိုးအကြောင်း ဆီလျော်သည်ဟု ထင်နေရသော်လည်း စစ်ပွဲ ဖြစ်ပွားလာသော အခါ ရာထူးကြီး စုန်းမများသည် လုံခြုံသော တစ်နေရာရာတွင် စစ်ပွဲအား စီမံ ကွပ်ကဲနေရမည့် အစား ရှေ့တန်းတွင် ကိုယ်တိုင် တိုက်ခိုက်ခဲ့ရသည်။

အဲလစ် ကိုယ်တိုင်က အလွန်အမင်း အန္တရာယ် ကြီးမားသော တိုက်ပွဲတစ်ခု အတွင်းတွင် သာလွန်စုန်းမ တစ်ယောက်အဖြစ် ဆင့်ကဲတိုးတက်ခဲ့ခြင်း ဖြစ်သည်ဟု အက်ဂါသာ

+

ထံမှ ရိုလန်က ကြားခဲ့ဖူးသည်။ သူမ၏ အုပ်ချုပ်မှု အတွင်းတွင် သူမသည် ထိုတိုက်ပွဲကဲ့သို့သော ရောမ တိုက်ပွဲများစွာကို ဆင်နွှဲခဲ့ရသည်။

အခြား စကားလုံးဖြင့် ပြောရလျှင် အကယ်၍ သူမသည် အမှားတစ်ခုလေးသာ ပြုလုပ်မိခဲ့ပါက ဖက်ဒရေးရှင်း သို့မဟုတ် လူသား မျိုးနွယ်စု တစ်ခုလုံး၏ သမိုင်းသည် ကွဲပြား ခြားနားသွားနိုင်သည်။

ခေါင်းဆောင် သုံးယောက်တို့ကပင် ဤကဲ့သို့ ဖြစ်နေပါက အခြား အဆင့်မြင့် စုန်းမများကမူ ပြောဖွယ်ရာ မရှိတော့ပြီ။

+

အမှန်အတိုင်း ပြောရလျှင် ထိုစနစ်သည်
ခေါင်းဆောင်များ တိုးတက်လာစေရန်
သင့်တော်သော စနစ်တစ်ခု မဟုတ်ပေ။ လူသစ်
တစ်ယောက်သည် တိုက်ပွဲ တစ်ပွဲနှစ်ပွဲ
အောင်မြင်ကာ သွေးအချို့ သောက်သုံးပြီးလျှင်
ဝါရင့်စစ်သား တစ်ယောက် ဖြစ်လာနိုင်သော်လည်း
အဆင့်မြင့် အရာရှိ တစ်ယောက် အနေဖြင့်
အစစ်အမှန် ရင့်ကျက်လာစေရန်
တိုက်ပွဲများစွာတို့အား ဆင်နွှဲကာ သေခြင်း
ထောင်ပေါင်းများစွာတို့အား ကြည့်ရှုခံစားရန်
လိုအပ်နေပေသည်။

ခေါင်းဆောင်ကိုယ်တိုင်က ဦးဆောင်
တိုက်ခိုက်ခြင်းသည် စစ်တပ်၏ စိတ်ဓာတ်ကို
တက်ကြွအောင် နှိုးဆော်ပေးနိုင်သည့် အကောင်းဆုံး

+

နည်းလမ်း ဖြစ်သော်လည်း သူ့အား နောက်ဆုံး အခြေအနေမှသာ အသုံးပြုသင့်ပေသည်။

အကယ်၍ အရာအားလုံးက အဆင်ပြေခဲ့ပါက တပ်ဖွဲ့များသည် ခေါင်းဆောင်က ကိုယ်ထင်ပြရန် မလိုပဲ တိုက်ပွဲ တစ်လျှောက်လုံး စိတ်ဓာတ် တက်ကြွစွာဖြင့် ဆက်လက် တိုက်ခိုက်နိုင်မည် ဖြစ်လေသည်။

ခေါင်းဆောင်နှင့် သာမန် တပ်သားများသည် တူညီသော တန်ဖိုး မရှိနေပေ။ ပျက်စီး ဆုံးရှုံးမှုများစွာ တို့ကို မရှောင်လွှဲနိုင်သည့် ရောမ စစ်ပွဲတစ်ခုနှင့် ရင်ဆိုင်ရသည့် အချိန်တွင် ဤကဲ့သို့ ကျင့်သုံးခြင်းသည် ဉာဏ်နည်းရာ ကျနေပေသည်။

+

ရှိလန်သည် မှော်အင်းကွက်များထံမှ မည်သည့်
အံ့အားသင့်ဖွယ် လျှို့ဝှက်ချက်များကို ရှာတွေ့ရန်
မမျှော်လင့်ထားခဲ့ပေ။ ပြီးခဲ့သော ပုပ်များသည်
ဤပုံရိပ်ယောင်များကို ထပ်ခါထပ်ခါ ကြည့်ပြီးသား
ဖြစ်နေမည် ဖြစ်ပြီး အကယ်၍ သူတို့အတွင်းတွင်
နတ်ဘုရားဆန္ဒ စစ်ပွဲ၏ အစမူလ သို့မဟုတ်
နတ်ဘုရား ဓာတ်တော်များ၏ သဘာဝ အကြောင်း
မှတ်တမ်းများ ရှိနေခဲ့ပါက ဘုရားကျောင်းသည်
ဤမျှအထိ ဝမ်းနည်းဖွယ်ရာ အခြေအနေသို့
ကျရောက်သွားလိမ့်မည် မဟုတ်ချေ။

ဤစူးစမ်းလေ့လာမှု ခရီး၏ ရည်ရွယ်ချက်သည်
သူ၏ သိလိုစိတ်များကို ကျေနပ်အောင် လုပ်ရန်သာ

+

မက သူကိုယ်တိုင် အတွက် အတွေ့အကြုံ အချို့ ပို၍ ရရှိနိုင်ရန် ဖြစ်လေသည်။

ဖြစ်ပျက်ခဲ့သည့် အရာများသည် သူမှန်းဆထားသည်နှင့် အနည်းနှင့် အများ တူညီနေခဲ့သည်ကို တွေ့လိုက်ရသည်။ ပုံရိပ်ယောင်များတွင် သူတို့ အုပ်စုသည် အရေးကြီးသော အစည်းအဝေးများ၊ ပွဲတော်များနှင့် စစ်ပွဲ လှုပ်ရှားမှုများကို အများဆုံး မြင်ခဲ့ရပြီး မှော်အင်းကွက်များကို ဤကဲ့သို့သော အချိန်အခါများတွင်သာ အသုံးပြုခဲ့သည်ကို နားလည်နိုင်ပေသည်။

+

အက်ဂါသာ၏ အဆိုအရ ဤမျှအထိ အချိန်ကြာမြင့်စွာ ခံနိုင်သော မှော်အင်းကွက်များသည် အတော်လေး တန်ဖိုး ကြီးမားလှပေသည်။

မကြာမီတွင် သူတို့သည် နောက်ဆုံး ပုံရိပ်ယောင်သို့ ရောက်လာခဲ့သည်။ အဲလစ်နှင့် ကျန်သော ခေါင်းဆောင် နှစ်ယောက်တို့အား မတွေ့ရတော့ပဲ စုတ်ပြတ်နေသည့် အဝတ်အစားများနှင့် အကြီးတန်းစုန်းမ တစ်အုပ်စုကိုသာ တွေ့ခဲ့ရပြီး ရုပ်ပုံ အရည်အသွေးကလည်း ပြီးခဲ့သော ပုံရိပ်ယောင်များနှင့် စာလျှင် သိသိသာသာ ဆိုးဝါးနေခဲ့သည်။

+

အက်ဂါသာက အံ့အားတကြီးဖြင့် မေးလိုက်သည်။
"ဒီလူတွေက..."

"ဖက်ဒရေးရှင်းကို အစောပိုင်းမှာ တည်ထောင်ခဲ့ကြသူတွေလား" ဖိုင်းလစ်က မေးလိုက်သည်။

"သူတို့က ဘယ်သူတွေလဲ' ရိုလန်က မျက်ခုံးများ ပင့်၍ မေးလိုက်သည်။

"ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲမှာ အသက်ရှင် ကျန်ရစ်ခဲ့ကြတဲ့ ထူးကဲ စုန်းမတွေ ဖြစ်ကြပြီး ဖက်ဒရေးရှင်းကို တည်ထောင်ခဲ့ကြတဲ့ သူတွေ ဖြစ်ကြတယ်... စားပွဲပေါ်က မှတ်တမ်းတွေကို

+

ကြည့်လိုက်ပါ... မဟုတ်မှ လွဲရော..." ဖိုင်းလစ်က အံ့အားသင့်ကြီးဖြင့် မေးလိုက်သည်။

"အမှန်ပဲ" အက်ဂါသာ၏ အသံသည် ပျော်ရွှင်မှုများဖြင့် ပြည့်နေခဲ့သည်။ "ဘုရင်မ သုံးပါးရဲ့ နာမည်ကျော် ကတိသစ္စာကို ကိုယ်ပိုင် မျက်လုံးနဲ့ တွေ့ရလိမ့်မယ်လို့ ကျွန်မက လုံးဝ မမျှော်လင့်ထားခဲ့ဘူး"

ရိုလန်က စိတ်ရှုပ်ထွေးသွားသည်။ သူသည် ခေါင်းကိုမော့၍ အသေအချာ လှမ်းကြည့်လိုက်သော်လည်း စုန်းမများသာ ဖတ်နိုင်စွမ်း ရှိသည့် မှော်စွမ်းအားဖြင့်

+

ရေးသားထားသော စာသားများကို တွေ့လိုက်ရလေသည်။

"ဒီကတိသစ္စာတွေက ဘာအကြောင်းလဲ ဆိုတာကို တစ်စုံတစ်ယောက်က ကျေးဇူးပြုပြီးမှ ရှင်းပြပေးနိုင်မလား"

"ကျွန်မကို ခွင့်ပြုပါ" အက်ဂါသာ၏ အသံသည် သူ့အရှေ့တွင် ပေါ်လာခဲ့သည်။ "သူ့ကို ဖက်ဒရေးရှင်းရဲ့ သမိုင်းမှာ အထိမ်းအမှတ် အခမ်းအနား တစ်ခုလို့ သတ်မှတ်ထားပြီး အဲ့ဒီအချိန်မှာ သာမန် အဖွဲ့အစည်း တစ်ခုက စွမ်းအားတွေကို စုစည်းထားတဲ့ အဖွဲ့အစည်း တစ်ခုအဖြစ် ပေါင်းစည်းသွားခဲ့တယ်"

+

"ဒီအထိမ်းအမှတ်ဟာ နိုးထလာတဲ့ စုန်းမတိုင်း လေ့လာခဲ့ရတဲ့ အရာတစ်ခု ဖြစ်ပြီး ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲ အပြီးမှာ စုန်းမတွေရဲ့ အုပ်ချုပ်မှု အောက်မှာ လုံးလုံးလျားလျား ရှိနေတဲ့ ဖက်ဒရေးရှင်းကို တည်ထောင်နိုင်ခဲ့တယ်"

"အဲ့ဒီ အချိန်မှာ နုနယ်သေးတဲ့ အဖွဲ့အစည်းနဲ့ ပတ်သတ်ပြီး အမြင်အမျိုးမျိုး ရှိနေခဲ့ပြီး သာမန်လူတွေကို အုပ်စိုးမှု ဒါမှမဟုတ် မိစ္ဆာတွေကို တိုက်ခိုက်ဖို့ နည်းလမ်းတွေနဲ့ ပတ်သတ်ပြီး ငြင်းခုန်ခဲ့ကြတယ်... ဒီငြင်းခုန်မှုတွေဟာ အင်အားစုကြီး သုံးခု ပေါ်လာတဲ့ အချိန်အထိ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့တယ်"

+

"အချိန်နဲ့အမျှ ဒီအင်အားစု သုံးခုတို့ဟာ ကြီးထွားလာခဲ့ပြီး ကျန်တဲ့ သခင်နဲ့ မြို့တော်တွေကို လွှမ်းမိုးနိုင်ခဲ့တယ်... ပြီးမှသာ ကျွန်မတို့ အားလုံး သိနေကြတဲ့ လူနည်းစုက အာဏာ ချုပ်ကိုင်ထားတဲ့ ဖက်ဒရေးရှင်းရဲ့ အုပ်ချုပ်မှု ပုံစံ ဖြစ်လာခဲ့တာပဲ"

"ဒီစွမ်းအားစု သုံးခုတို့က ကြယ်ကြွေမြို့တော်၊ တက်ကီလာနဲ့ အရီတာ မြို့တော်တို့ မဟုတ်လား" နိုက်တင်ဂေးက မေးလိုက်သည်။

"ဟုတ်တယ်... ဒီမြင့်မြတ်သော မြို့တော်တွေရဲ့ အထူး နေရာတွေကြောင့် သူတို့ရဲ့ သခင်တွေကို ဘုရင်မလို့ ခေါ်လေ့ရှိကြတယ်" အက်ဂါသာက

+

ပြန်ဖြေလိုက်သည်။ "ဖက်ဒရေးရှင်းရဲ့ နောက်ဆုံး ခေါင်းဆောင် သုံးယောက်တို့ဟာ ကြယ်ကြွေမြို့တော် ဘုရင်မ အဲလစ်၊ နေမင်းဖမ်းသူ ဘုရင်မ နာတာလီယာနဲ့ လရောင်ဖြာကျ ဘုရင်မ အဲလီနောတို့ ဖြစ်ကြတယ်"

ဘာမှ အံ့သြစရာ မရှိပါဘူး။ ရိုလန်က တွေးလိုက်သည်။ အဲ့ဒီခေတ်က စုန်းမတွေ အတွက် ဘုရင်မ သုံးပါးရဲ့ ကတိသစ္စာတွေက နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွေနဲ့ တူနေခဲ့တယ်။ ဒီဖြစ်ရပ် အပြီးမှာ ဖက်ဒရေးရှင်းဟာ တရားဝင် မဟုတ်တဲ့ မဟာမိတ် အဖွဲ့ကနေပြီး တညီတညွတ်တည်း ဖြစ်တဲ့ နိုင်ငံရေး ဖြစ်တည်မှု တစ်ရပ် ဖြစ်လာခဲ့တယ်။

+

အက်ဂါသာနဲ့ ဖိုင်းလစ်တို့လိုမျိုး စုန်းမတွေက
ဒီကတိသစ္စာနဲ့ ပတ်သတ်ပြီး ဒီလောက်အထိ
စိတ်လှုပ်ရှားနေတာက အဆန်းတော့ မဟုတ်ပါဘူး။
အမှန်အတိုင်း ပြောရရင် သူ့မှာ သမိုင်းဆိုင်ရာ
အရေးပါမှု တစ်ရပ် ရှိနေတယ်။

ဖက်ဒရေးရှင်းဟာ ကပ်ဘေးဆိုက်သွားခဲ့ပေမဲ့
ခေါင်းဆောင်သုံးယောက် စနစ်သာ မရှိခဲ့ရင်
မိစ္ဆာတွေကို ဆက်လက်ခုခံ တိုက်ခိုက်ပြီး
တက်ကီလာကို ပြန်လည် သိမ်းပိုက်ဖို့
ရည်မှန်းချက်တွေ ရှိနေတဲ့ စုန်းမများစွာတို့ကို
ချန်ထားနိုင်ဖို့ မပြောနဲ့ ဒုတိယ နတ်ဘုရားဆန္ဒ
စစ်ပွဲမှာ စောစောစီးစီး ရှုံးနိမ့်သွားခဲ့မှာပဲ။

+

သို့သော်လည်း ထိုအချက်အလက်သည် သူ့အတွက် ထူးထူးခြားခြား စိတ်ဝင်စားစရာ မရှိခဲ့ပေ။ သူ၏စိတ်က ဟိုရောက်ဒီရောက် ရောက်နေရင်း သူသည် အရေးမကြီးသည့် အချက်အလက်များ ဖြစ်သည့် စုန်းမများ၏ အဝတ်အစား၊ သူတို့ အသုံးပြုသည့် ခွက်များနှင့် စာရေး ကိရိယာများ၊ ပရိဘောဂများနှင့် ခန်းမ အတွင်းမှ မွမ်းမံ ပြင်ဆင်ထားမှုများကို ကြည့်နေခဲ့သည်။

အဲလစ်သည် လွန်ခဲ့သော ရာစုနှစ် များစွာမှ လာခဲ့သဖြင့် သူမခေတ်မှ အိမ်ထောင် ပရိဘောဂများသည် သားသားနားနား မရှိလှပေ။ ပထမ နတ်ဘုရားဆန္ဒ စစ်ပွဲအား ရှုံးနိမ့်ခဲ့အပြီးတွင်

+

စုန်းမများ ဆုတ်ခွာလာခဲ့ရသည့် နေရာသည် အမတန်မှ ဖွံ့ဖြိုးခြင်း မရှိနေသည်မှာ သိသာနေသည်။

အစည်းအဝေး ခန်းမ၏ နံရံများ အပေါ်တွင် ရှိလန်သည် ရုပ်ပုံကားချပ် ဆယ်ချပ်ခန့် တွေ့လိုက်ရပြီး အံ့အားသင့်ဖွယ် ကောင်းလှစွာ သူတို့အနက်မှ နှစ်ယောက်က ယောကျ်ားများ ဖြစ်နေခဲ့သည်။ သူတို့သည် စစ်ပွဲအတွင်းမှ ထူးချွန် ထက်မြက်သော သူရဲကောင်းများ ဖြစ်ကြလိမ့်မည်ဟု သူက ယူဆနေမိသည်။

ထိုအချိန်က အမျိုးသားများသည် ဤကဲ့သို့သော အရေးကြီးသည့် အစည်းအဝေးများကို

+

တက်နိုင်ခဲ့သေးသည့် အတွက် ဖက်ဒရေးရှင်းသည် သာမန်လူများကို နိမ့်ကျသော ဖြစ်တည်မှုများဟု သတ်မှတ်ခဲ့ခြင်း မရှိသေးသည်မှာ သိသာနေသည်။

ရိုလန်သည် အက်ဂါသာအား သူတို့က မည်သူများ ဖြစ်သည်ကို သူမ သိသလားဟု မေးမည်ပြုခဲ့သည့် အချိန်၌ပင် သူ၏ ခန္ဓာကိုယ် အတွင်းမှ သွေးများအားလုံးက ရုတ်တရက် အေးခဲသွားခဲ့သည်ဟု ခံစားခဲ့ရလေသည်။

သူ၏ ခြေအောက်မှ ဖော်ပြ၍ မရသော အေးစက်မှု တစ်ခုက ထိုးတက်လာ၍ သူ၏ ကျောရိုးတစ်လျှောက် စိမ့်တက်သွားသည်။ တုန်လှုပ် ချောက်ချားမှုသည် ပြင်းထန်လွန်းသဖြင့် သူ၏

+

လက်မောင်းတစ်လျှောက် ကြက်သီး မွေးညင်းများ ထသွားခဲ့ကာ သူ၏ လက်ချောင်းထိပ်များက အနည်းငယ် တုန်ခါသွားခဲ့သည်။

"ဘာဖြစ်လို့လဲ" သူ၏ မသက်မသာ ဖြစ်မှုကို သတိပြုမိခဲ့သဖြင့် အန်နာက စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

"ဟို.. ဟိုပန်းချီကား..." တံတွေးများကို မျိုချနေရင်း ရှိလန်သည် သူ၏ စကားလုံးများကို ထစ်ငေါ့ထစ်ငေါ့သာ ပြောနိုင်ခဲ့သည်။

"ပန်းချီကား... ဟုတ်လား"

+

"ပန်းချီကားထဲက ဟိုလူ... ငါက သူမကို အရင်က တွေ့ခဲ့ဖူးတယ်"

သူ့အနေဖြင့် ဤစကားလုံးများကို ပြောဆိုရန် အတော်လေး အားစိုက်လိုက်ရသည်။ ဤပုံရိပ်ယောင်သည် ယခင် ပုံရိပ်ယောင်များကဲ့သို့ ကြည်လင် ပြတ်သားနေခြင်း မရှိသော်လည်း နောက်ဆုံး ရုပ်ပုံကားချပ်၏ အရှေ့မှ လူပုံကို ကောင်းစွာ ခွဲခြားနိုင်ခဲ့သေးသည်။

ထိုသူသည် သက်လတ်ပိုင်း အမျိုးသမီး တစ်ယောက် ဖြစ်ပြီး ရုပ်ရည်သွင်ပြင်က ထူးထူးခြားခြား မရှိပဲ အနက်ရောင် ဆံပင်များကို ခေါင်းပေါ်တွင် ဆံထုံးထုံးထားကာ သူမ၏ မျက်လုံးတစ်ဖက်အား

+

သားရေတစ်ချပ်ဖြင့် အုပ်ထား၍ ထိုင်ခုံမြင့်ပေါ်တွင် ထိုင်နေပြီး သူမ၏ လက်များကို ရင်ဘတ်ရှေ့တွင် ပိုက်ထားခဲ့သည်။

သူမ၏ ရုပ်ရည်သွင်ပြင်သည် သူ၏ အိမ်မက်ကမ္ဘာ အတွင်းမှ ဂါစီယာ၏ ဆရာဖြစ်သူ လန်နှင့် တထေရာတည်း တူနေခဲ့လေသည်။

စာစဥ် ၆၀ : အပိုင်း ၁၂

အပိုင်း ၈၉၇ : တောရိုင်း အတွင်းမှ ပွဲတော်

+

တောရိုင်း အတွင်းမှ သည်းထန်သော မိုးကြီးသည် အလောင်းများ၏ သွေးစွန်းသော ရနံ့ အများစုကို ဆေးကြောပေးခဲ့သည်။

သာမန် မုဆိုးတစ်ယောက် အနေဖြင့် ဤကဲ့သို့သော အခြေအနေမျိုး အောက်တွင် သူ၏ ပစ်မှတ်ကို ရှာဖွေရန် ခက်ခဲကောင်း ခက်ခဲလိမ့်မည် ဖြစ်သော်လည်း လော်ဂျာ အနေဖြင့် မိုးရေများနှင့် ရောနေသော အနံ့ ရေးရေးလေးကပင် သူမအတွက် အမဲလိုက်ရန် လိုသည်ထက် ပိုနေပေပြီ။

ဥပမာအားဖြင့် တိရစ္ဆာန် အတော်များများက နေရာ တစ်ခုတည်းတွင် သေဆုံးခဲ့မှန်းကို သူမက သိနေပေသည်။ သွေးများ၏ မတူညီသော ရနံ့

+

အမျိုးမျိုး အတွင်းတွင် အချို့မှာ လတ်ဆတ်နေသေးပြီး အချို့မှာ ချဉ်စော်နံနေပြီ ဖြစ်သည်ကို သူမက အာရုံခံနိုင်ခဲ့သည်။ ထိုအရာက တိရစ္ဆာန် များစွာတို့သည် နေရာ တစ်ခုတည်း၌ သေဆုံးခဲ့ကြသည်မှာ အချိန်အတန်ကြာ ရှိနေသည်ဟု ဆိုလိုနေခြင်း ဖြစ်လေသည်။

သေးငယ်သော တိရစ္ဆာန်များ ဖြစ်ကြသည့် ယုန်များ၊ ကြွက်များ၊ မြေခွေးများ၏ ရနံ့သည် ဤအထိ ပျံ့နှံ့ရန် မဖြစ်နိုင်ပေ။ အကယ်၍ ပျံ့နှံ့ခဲ့လျှင်ပင် ရနံ့က ဤမျှအထိ သိသာနေမည် မဟုတ်ချေ။ အခြား စကားလုံးများဖြင့် ပြောရသော် ဤရနံ့သည် နွားသိုးများ မြင်းများထက် ပိုမငယ်သော ကြီးမားသည့် တိရစ္ဆာန် အသေကောင်များထံမှ လာခဲ့ခြင်း ဖြစ်နိုင်ပေသည်။

+

ဤကဲ့သို့သော ကြီးမားသည့် တိရစ္ဆာန် အသေကောင်များကို ဆွဲခေါ်လာနိုင်သော သတ္တဝါသည် ကြီးမားသော စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားသည်မှာ သေချာနေသည်။ အစာများကို ဤကဲ့သို့ အမြောက်အမြား သိုလှောင်ထားခြင်းသည် အသားစား သားရဲများ၏ လုပ်နေကျ အကျင့်တစ်ခု ဖြစ်နေသည်။

ဤကဲ့သို့သော နေရာများသည် ဤသားရဲများ၏ အသိုက် ဖြစ်လေ့ရှိသည်။

အရေး အကြီးဆုံးမှာ လေ်ဂျာသည် ဤသွေးရနံ့များ အတွင်းတွင် ဖော်ပြ၍ မရနိုင်အောင် ဆိုးဝါးသည့်

+

အနံ့တစ်ခုကို ရခဲ့ခြင်းပင်တည်း။ ဤအရာသည် သွေးနှော သားရဲများ၏ ထူးခြားသော ရနံ့ဖြစ်သည်။ သူမသည် ဝံပုလွေ တစ်ကောင်အဖြစ် ပြောင်းလဲခဲ့ခြင်း မရှိပါက ဤကဲ့သို့သော ရနံ့မျိုးကိုသာ အနံ့ခံနိုင်စွမ်း ရှိသည်။

သူမ၏ စွမ်းရည်ကို အသုံးပြု၍ အသွင်ပြောင်းလဲခဲ့မှသာ စိုထိုင်းသော လေထုအတွင်းမှ အနည်းငယ်သော ပြောင်းလဲမှုကို အာရုံခံနိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုရနံ့ အတွင်းတွင် မှော်စွမ်းအား အငွေ့အသက်များ ရှိနေခဲ့သည်။

+

သွေးနှော မိစ္ဆာသားရဲတိုင်းက မှော်စွမ်းအားများကို စုပ်ယူနိုင်စွမ်း မရှိသော်လည်း ဤသတ္တဝါ၏ သွေးတွင် မှော်စွမ်းအား အငွေ့အသက်များ ပါနေခဲ့သဖြင့် သူက သွေးနှောသားရဲ တစ်ကောင် ဖြစ်ရပေလိမ့်မည်။ သို့ဖြစ်၍ သူသည် သာမန် မိစ္ဆာသားရဲများထက် များစွာပို၍ ကြံ့ခိုင် သန်မာပေသည်။

ဤအရာသည် သူမက ဤတောအုပ် အတွင်းတွင် ပြီးခဲ့သော လအနည်းငယ်က အမဲလိုက်နေရင်း ရရှိခဲ့သော တိုးတက်မှုများ အနက်မှ တစ်ခုဖြစ်သည်။

+

အကယ်၍ သူမသည် ဤနည်းစနစ်အား မြင့်မြတ်သော ယှဉ်ပြိုင်ပွဲ မတိုင်မီ တတ်မြောက်နိုင်ခဲ့ပါက သူမအား လေပေါ်မှ တိုက်ခိုက်ခဲ့သော တောင်ပံလေးခု လင်းယုန်သည် သူမအား ထိပင် ထိနိုင်လိမ့်မည် မဟုတ်ချေ။

မြေရိုင်းဒေသ အတွင်းမှ ရာသီဥတု၊ ပတ်ဝန်းကျင်နှင့် သားကောင်တို့သည် သဲကန္တာရ အတွင်းမှ အရာများနှင့် များစွာ ကွဲပြားခြားနားနေသော်လည်း အမဲလိုက်မှု နည်းစနစ်များက သိပ်မကွာခြားနေပေ။ မည်သည့် နေရာတွင် ဖြစ်စေကာမူ အခြေခံအားဖြင့် အမဲလိုက်ခြင်းနှင့် ပတ်သတ်လျှင် သတိထား၍ အသေအချာ လုပ်ဆောင်ကာ စိတ်ရှည်ခြင်းတို့က အဓိကပင် ဖြစ်ပေတော့သည်။

+

လော်ဂျာ၏ လက်ရှိ ပစ်မှတ်သည် ရောမ
သွေးနှောဝက်ဝံ တစ်ကောင်ပင် ဖြစ်သည်။

သူထရပ်လိုက်သော အခါ သူ၏ အမြင့်သည်
လူသုံးယောက် တစ်ယောက်ပေါ် တစ်ယောက်
ထပ်၍ ရပ်နေသည်နှင့် တူညီနေပြီး
ရွှေ့လျားနိုင်သော သံမျှော်စင် တစ်ခုနှင့် တူနေကာ
မည်သည့် မိစ္ဆာသားရဲများဖြင့် ပေါင်းစည်းထားခြင်း
ဖြစ်သည်ကို လော်ဂျာက မသိနေခဲ့ပေ။

ဤမကောင်းဆိုးဝါး၏ အရေပြားသည်
ချပ်ဝတ်တန်ဆာ တစ်ခုကဲ့သို့ ထူထဲကာ သူမ၏
ချွန်ထက်သော အစွယ်များနှင့်ပင် ထိုးဖောက်ခြင်း

+

မပြုနိုင်ခဲ့ပေ။ သူ၏ ခေါင်းကမူ ပို၍ပင်
ဆိုးသေးသည်။ သူ့တွင် မျက်လုံးလေးလုံး ရှိနေပြီး
နှစ်လုံးက ခေါင်းအနောက်တွင် ရှိနေသဖြင့်
အနောက်မှ ချောင်းမြောင်း တိုက်ခိုက်ကာ
လည်ပင်းကို ကုတ်ခဲသည့် သူမ၏ နည်းစနစ်က
အလုပ်မဖြစ်နိုင်ခဲ့ပေ။

လွန်ခဲ့သော ငါးရက်က လော်ဂျာသည်
ထိုမိစ္ဆာဝက်ဝံနှင့် တွေ့ကြုံခဲ့သည်။ ခက်ထန်စွာ
တိုက်ခိုက်ခဲ့ အပြီးတွင် သူမသည် လက်သည်းနှစ်ခု
ကျိုးသွားပြီး ဝက်ဝံကမူ ရှေ့ခြေတစ်ဝက်
ဆုံးရှုံးသွားခဲ့ကာ အစာအိမ်ပွင့်လျက်
ထွက်ပြေးသွားခဲ့သည်။

+

ဝက်ဝံကဲ့သို့သော ဤသားရဲသည် သူမ မြေရိုင်းဒေသ အတွင်းသို့ ရောက်ရှိခဲ့အပြီးတွင် တွေ့ခဲ့ရသော သားရဲများ အားလုံးအနက် ဉာဏ်အများဆုံး ဖြစ်ပြီး သဲကန္တာရ အတွင်းမှ ဒဏ္ဍာရီလာ သားရဲတမျှ သန်စွမ်းပေသည်။

အကယ်၍ သူမ မြေရိုင်းဒေသ အတွင်းသို့ ရောက်ခဲ့အပြီး၌ ပထမဆုံး ရင်ဆိုင်ရသည့် ပြိုင်ဘက်မှာ ဤမကောင်းဆိုးဝါး ဖြစ်ခဲ့ပါက အသက်လု၍ ထွက်ပြေးရသူမှာ သူမသာ ဖြစ်ပေလိမ့်မည်။ သို့သော်လည်း ယခုအချိန်၌ အခြေအနေများက မတူတော့ပြီ။ သူမသည် ယခင် သတ်ဖြတ်ခဲ့သော မိစ္ဆာသားရဲများထံမှ တိုက်ပွဲ အတွေ့အကြုံ များစွာတို့အား ရရှိခဲ့ပြီး ဖြစ်သည်။

+

ဘာပဲပြောပြော ဤအရာသည် အမဲလိုက်ခြင်း ဖြစ်၍ ယှဉ်ပြိုင်ပွဲ တစ်ခု မဟုတ်ချေ။ သူမသည် ဤခရီးအတွက် သစ်ရွက်ကလေး ဖော်စပ်ထားသော ဆေးဝါးများ၊ လီလီ ပြုလုပ်ထားသည့် သန့်စင်သောရေတို့ကို သယ်ဆောင်လာခဲ့သည်။

ထို့အပြင် ဝံပုလွေ တစ်ကောင်အဖြစ် အသွင်ပြောင်းလဲခဲ့အပြီးတွင် သူမ၏ ဒဏ်ရာ ကုသမှုနှုန်းသည် များစွာပို၍ တိုးတက်လာခဲ့သဖြင့် ဒဏ်ရာ အသေးစားများကို စိုးရိမ် ပူပန်နေစရာ မလိုတော့ပေ။ ဤရက်များ အတွင်းတွင် ဒဏ်ရာများကို ကုစားနေသည့် အချိန်မှလွဲ၍ သူမ၏

+

ကျန်သော အချိန်တိုင်းကို မိစ္ဆာဝက်ဝံအား
လိုက်ရှာနေခြင်းဖြင့် ကုန်လွန်စေခဲ့သည်။

အနံ့က ပို၍ပို၍ ပြင်းလာသဖြင့် လေဘ်ဂျာသည်
လိုက်လံဖမ်းဆီးမှုက အဆုံးသတ်တော့မည် ဖြစ်ပြီး
အနိုင်ရသူကို မကြာခင် ဆုံးဖြတ်နိုင်တော့မည်
ဆိုသည်ကို သိနေခဲ့သည်။

သူမသည် ရွှံ့အိုင်ငယ် တစ်ခုကို အသာ
ခုန်ကျော်လိုက်ရာ သူမ၏ လက်သည်းများသည်
ပျော့ပျောင်းသော ရွှံ့ညွန် အတွင်းသို့
အသံတစ်စက်မှ မထွက်ပဲ အသာ
နစ်ဝင်သွားခဲ့သည်။ သားရဲက သူမ၏ အနံ့ကို

+

မခံမိနိုင်ရန် သူမသည် လေအောက်အရပ်မှ
ချဉ်းကပ်ရန် ဆုံးဖြတ်ခဲ့သည်။

သူမသည် သွေးရန့် အရင်းအမြစ်ထံသို့
ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့ပြီး ရန်သူ၏
နေရာကို သူမ၏ အကြားအာရုံဖြင့်
အတည်ပြုလိုက်ပြီး သူမ အရှေ့မှ နွယ်ပင်များကို
ရှေ့လက်သည်းဖြင့် အသာ ပင့်မြှောက်လိုက်သည်။

သွေးနှော မိစ္ဆာဝက်ဝံက သူမ၏ အရှေ့တွင်
ပေါ်လာခဲ့လေသည်။

သူသည် ကြွံခိုင်သော ဒရယ်ဖို တစ်ကောင်အား
ကိုက်ဖြတ်ရင်း အလုပ်ရှုပ်နေသဖြင့် သူမ

+

ရောက်လာသည်ကို သတိမမူမိချေ။ သူ၏
ပါးနှစ်ဖက်စလုံးတွင် သွေးများ ပေကျံနေပြီး
ကျိုးနေသော ရှေ့ခြေမှ အရိုးများ ပေါ်နေသဖြင့်
မြင်ကွင်းက တုန်လှုပ် ချောက်ချားစရာ
ကောင်းနေခဲ့သည်။

သာမန် တိရစ္ဆာန်များ အနေဖြင့် ဒဏ်ရာ
အပြင်းအထန် ရရှိခဲ့ပါက ကျန်သော အရာများ
ဘာမှ မပြုလုပ်မီ အရင် ပုန်းအောင်နေကာ
ဒဏ်ရာများကို ကုစားကြလိမ့်မည် ဖြစ်သော်လည်း
ဤ၀က်ဝံသည် သူ၏ အစာအိမ်အား
ဖြည့်တင်းရန်ထက် အခြား မည်သည့် အရာကမှ
အရေးမကြီးသကဲ့သို့ ဒဏ်ရာကို ဂရုမစိုက်ပဲ
နေနေခဲ့သည်။

+

ဝံပုလွေ ကောင်မလေးသည် သူမ၏ နောက်ခြေများကို ဆန့်တန်းလိုက်ကာ ရှေ့သို့ ကုန်းလိုက်သည်။ ဤတစ်ခေါက်တွင်မူ သူက လွတ်မြောက်နိုင်ရန် အခွင့်အရေး မရှိစေရန် အတွက် သူ၏ မျက်လုံး လေးလုံးတို့အား အရင် ဖျက်ဆီးရန် သူမက ရည်ရွယ်ထားလေသည်။

သူမက အသင့်ဖြစ်သွားခဲ့သော အချိန်တွင် တောအုပ်၏ နက်ရှိုင်းသော နေရာမှ အသံများကို ကြားခဲ့လိုက်ရသည်။

လော်ဂျာက ခေတ္တမျှ အံ့သြ မှင်သက်သွားသည်။

+

မြေရိုင်းဒေသ၏ နက်ရှိုင်းသော နေရာအတွင်းတွင် ဤမျှအထိ ညီညာသော ခြေသံများကို အဘယ်ကြောင့် ကြားခဲ့ရသနည်း။

ဤအုပ်စုအသစ်၏ ခြေသံများသည် လွန်စွာ လေးလံ ကျယ်လောင်လှသဖြင့် သူတို့ ရောက်လာသည်ကို အခြားသူများ သိသွားမည်ကို အမှုမထားသည်မှာ သိသာနေသည်။ ဘယ်ညာဘယ်ညာ လျှောက်လှမ်းလာသော ခြေသံများသည် သူတို့က လူသားများ ဖြစ်သည်ဟု ဆိုလိုနေကြပြီး တစ်ယောက်မက ရှိနေသည်။

ဆောင်းမဲ့မြို့တော်မှ မုဆိုးအချို့က မျက်စိလည် လမ်းမှား၍ ရောက်လာကြသလော။

+

မဖြစ်နိုင်ဘူး။ သူမသည် ဤအကြံကို ချက်ချင်း ငြင်းပယ်လိုက်သည်။ မီးခိုးရောင် ရဲတိုက် နယ်စပ်မှနေ၍ ဤနေရာသို့ လာရန် ဆယ်ရက်ကျော် လာရပြီး ထူထဲသော တောအုပ်နှင့် ကျယ်ပြန့်သော မြေရိုင်းလွင်ပြင်များ ရှိနေသဖြင့် အကယ်၍ လမ်းလျှောက်လာခဲ့ပါက အချိန် ပိုယူရမည် ဖြစ်သည်။

နေရာတကာ၌ ခက်ထက်သော သားရဲများ၊ အဆိပ်ပြင်းသော မြွေများ ရှိနေကြသည့် အပြင် တက်ကီလာ မြို့ပျက် အနားတွင် သွေးနှော မိစ္ဆာသားရဲများ ကျင်လည် ကျက်စားနေလေ့ ရှိကြသည်။ အကယ်၍ တစ်ယောက်ယောက်က

+

လမ်းမှားလာခဲ့လျှင်ပင် ဤနေရာသို့
အသက်ရှင်လျက် ရောက်နိုင်လိမ့်မည် မဟုတ်ချေ။

လော်ဂျာသည် ရုတ်တရက်ပင် အဖြေတစ်ခုကို
ရုတ်တရက် စဥ်းစားမိသည်။

အကျိုးအကြောင်း ဆီလျော်သော အဖြေတစ်ခု
ဖြစ်ပြီး သူမ များစွာ မျှော်လင့် တောင့်တနေသော
အဖြေလည်း ဖြစ်သည်။

ထိုအချိန်တွင် သူ၏ ခန္ဓာကိုယ်ပေါ်မှ အမွေးများ
အားလုံး ထောင်လာခဲ့ပြီး သူမ၏ နှလုံးသားက
ပြင်းထန်စွာဖြင့် ခုန်လာခဲ့လေသည်။ သူမသည်
အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့သော်လည်း သူမ၏

+

ခန္တာကိုယ်သည် ရုတ်ခြည်းပင် တိုက်ပွဲအတွက်
အဆင့်သင့် အနေအထားသို့ ရောက်သွားခဲ့သည်။

မိစ္ဆာဝက်ဝံကလည်း မူမမှန်သော အသံကို
သတိပြုမိခဲ့သကဲ့သို့ တစ်ဝက်တစ်ပျက်
ကိုက်ထားသော ဒရယ်ခြေထောက်ကို ချလိုက်ကာ
ထရပ်လိုက်ပြီး ခြေသံများ ပေါ်လာသည့်
အရပ်မျက်နှာဘက်သို့
ဟိန်းဟောက်လိုက်လေသည်။

ချုံပုတ်များက တုန်ခါသွားကာ သစ်ကိုင်းများက
ကျိုးသွားပြီး ရုပ်ဆိုး ခက်ထန်သော မကောင်းဆိုးဝါး
နှစ်ကောင်တို့က အရိပ်များ အတွင်းမှ
ပေါ်ထွက်လာခဲ့သည်။

+

သူတို့တွင် ညိုမှောင်သော အရေပြား၊
ကြွက်သားများဖြင့် ပြည့်နေသော လက်မောင်းများ
ရှိနေ၍ ဦးခေါင်းခွံ ခေါင်းစွပ်ကို ဝတ်ဆင်ထားကြကာ
ကြောက်မက်ဖွယ်ရာ အရိုးလှံများကို
ကိုင်ဆောင်ထားကြသည်။

လျှပ်စီး ဖော်ပြထားသည့် အသွင်အပြင်နှင့်
တူညီစွာ...

သူတို့က မိစ္ဆာများ ဖြစ်ကြလေသည်။

သူမသည် နောက်ဆုံး၌ သူတို့ကို တွေ့ရှိခဲ့ရလေပြီ။

+

မိစ္ဆာများ ပေါ်ပေါက်လာသည့် အချိန်၌ပင် သွေးနှော မိစ္ဆာဝက်ဝံကလည်း စတင်၍ တိုက်ခိုက်လိုက်သည်။

သူသည် အကောင်းအတိုင်း ကျန်နေသေးသော ရှေ့ခြေကို မြှောက်လိုက်ကာ သူ၏ စားသောက်ပွဲကို လာရောက် နှောင့်ယှက်ရဲသော အသစ်လာရောက်သူများထံသို့ ခုန်အုပ်လိုက်သည်။ သူ၏ အမြန်နှုန်းမှာ သူကဲ့သို့ ကြီးမားသည့် အကောင်တစ်ကောင် အတွက် မယုံနိုင်အောင် မြန်ဆန်လွန်းလှသည်။

မိစ္ဆာဝက်ဝံ၏ စွမ်းအားများအပြင် ခုန်အုပ်မှုသည် သူ့ခန္ဓာကိုယ် တစ်ခုလုံး၏ အရှိန်အဟုန်ကြောင့် ပို၍

+

အားကောင်းလာခဲ့ကာ ဤလှုပ်ရှားမှုသည် တောင်ပံလေးခု လင်းယုန်၏ ကောင်းကင်ပေါ်မှ ထိုးဆင်းလာမှုထက် နည်းနည်းလေးမှ ပို၍ အားနည်းမနေခဲ့ပေ။

အကယ်၍ လော်ဂျာကသာ ဤခုန်အုပ်မှုကို ရင်ဆိုင်ခဲ့ရပါက ခုခံရန် မတတ်နိုင်ပဲ ရှောင်သာ ရှောင်ရှားရလိမ့်မည် ဖြစ်သည်။ ဘာပဲပြောပြော သူမသည် ထူးကဲစုန်းမ တစ်ယောက် မဟုတ်နေပဲ ဤတိုက်ခိုက်မှုကို ခုခံခဲ့လျှင် ကြီးမားသော တန်ဖိုးတစ်ခု ပေးဆပ်ရပေလိမ့်မည်။

သို့သော်လည်း မိစ္ဆာတစ်ကောင်သည် ရှောင်တိမ်းမည့် အစား အရှေ့သို့ တက်လာခဲ့၍

+

သူ၏ လက်မောင်းတစ်ဖက်က လျင်မြန်စွာ
ဖောင်းကားလာကာ မိစ္ဆာသားရဲ၏ ရောမ
လက်ဝါးနှင့် တိုက်ရိုက် ရင်ဆိုင်လိုက်သည်။
ခပ်အုပ်အုပ် အသံတစ်ခုနှင့် အတူ မကောင်းဆိုးဝါး
နှစ်ကောင်တို့သည် အချင်းချင်း ထိပ်တိုက်
ရင်ဆိုင်ခဲ့ကြလေသည်။

သူတို့က သူမသာ ကိုယ်မသာ ဖြစ်နေကြသည်။

မိစ္ဆာဝက်ဝံရော မိစ္ဆာကပါ အရှေ့သို့
ဆက်မတိုးနိုင်ကြသော်လည်း မိစ္ဆာသည်
ဝက်ဝံထက် များစွာပိုနိမ့်နေသဖြင့် အကယ်၍
ဒီအတိုင်း ဆက်သွားနေပါက မိစ္ဆာအနေဖြင့်
အခြေအနေ မလှနိုင်ပေ။

+

သို့သော်လည်း မိစ္ဆာက တစ်ကောင်တည်း မကနေပေ။

နောက်ထပ် ရူးသွပ်မိစ္ဆာ တစ်ကောင်သည် အရိုးလုံ့ကို မြှောက်လိုက်ကာ သွေးနှော မိစ္ဆာသားရဲထက် ချိန်ရွယ်လိုက်သည်။

တိုက်ခိုက်မှုက မကြာမီ အဆုံးသတ်တော့မည် ဖြစ်ပြီး လော်ဂျာအနေဖြင့် လှုပ်ရှားရန် အချိန် သိပ်မကျန်တော့ပေ။

ထွက်သွားရမလား၊ နေရမလား။

+

"မိစ္ဆာရဲ့ နောက်ကျောက ပြွန်ဟာ သူ့ရဲ့ အားနည်းချက် ဖြစ်ပေမဲ့ သူ့ကို ထိအောင် တိုက်ခိုက်ဖို့ မလွယ်ဘူး" သူမသည် လျှပ်စီး၏ သတိပေးချက်များကို ရုတ်တရက် ပြန်လည် ကြားယောင်လာခဲ့သည်။ "တကယ်လို့ နင်က ရန်သူတွေနဲ့ တွေ့ဆုံခဲ့ရင် ချက်ချင်း နောက်ဆုတ်ပြီး အရှင်မင်းမြတ်ထံကို ပြန်လည် တင်ပြသင့်တယ်"

ရိုလန်ကလည်း သူမအား နောက်ဆုတ်ရန် ပြောခဲ့ဖူးသော်လည်း သူမ၏ ပင်ကိုစိတ်က တစ်မျိုး ပြောနေကာ သူမ၏ တစ်ကိုယ်လုံး၌ ပူလောင်သော ခံစားချက်များဖြင့် တောက်လောင်နေခဲ့သည်။

+

မဟုတ်ပေ။ ဤအရာသည် သူမ စဥ်းစားနေစရာ လိုအပ်သော အရာတစ်ခု မဟုတ်ပေ။

ဤအရာသည် အန္တရာယ် ကြီးမားသော်လည်း သူမက ဤအတွက် လာခဲ့ခြင်း မဟုတ်ပါလော။

သတင်း အချက်အလက် အရ ရှုးသွပ်မိစ္ဆာသည် သူ၏ လက်မောင်းများ ဖောင်းကားလာခဲ့အပြီးတွင် သိသိသာသာ အားနည်းသွားသော အချိန်တစ်ခုသို့ ရောက်ရှိသွားသည်။ လော်ဂျာသည် မိစ္ဆာနှစ်ကောင်နှင့် ရင်ဆိုင်ရမည် ဖြစ်သော်လည်း ထိုအချက်အား အခွင့်ကောင်းယူကာ အသုံးချ၍ ရနိုင်သည်။

+

"ဝှစ်..."

စူးရှသည့် အသံ တစ်ခုနှင့် အတူ အရိုးလုံသည်
လေထုမှ တဆင့် လွင့်ပျံလာခဲ့သည်။

တစ်ချိန်တည်းတွင် လော်ဂျာသည် အရိပ်အတွင်းမှ
ခုန်ထွက်လိုက်ကာ ဝက်ဝံနှင့် ရှန်းကန်
တိုက်ခိုက်နေသော မိစ္ဆာထံသို့
ခုန်အုပ်လိုက်လေသည်။

စာစဥ် ၆၀ : အပိုင်း ၁၃

အပိုင်း ၈၉၈ : အနက်ရောင် ဒီရေလှိုင်း

+

အရာ အားလုံးတို့သည် မျက်စိတစ်မှိတ်လေး အတွင်း၌ ဖြစ်သွားခဲ့သည်။

အဖြူရောင် အလင်းတန်း တစ်ခုဖြင့် အရိုးလုံသည် မိစ္ဆာဝက်ဝံ၏ ရင်ဘတ်အား တိုက်ရိုက် ထိုးဖောက်သွားခဲ့သည်။ အဖြစ်အပျက်သည် လျှင်မြန်လွန်းသဖြင့် သာမန် မျက်စိဖြင့်ပင် မမြင်နိုင်ခဲ့ပေ။ အကယ်၍ လော်ဂျာကသာ ပစ်မှတ် ဖြစ်ခဲ့မည် ဆိုပါက ဤမျှအထိ နီးကပ်သော အကွာအဝေး အတွင်းတွင် သူမကလည်း ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ချေ။

+

ကြည့်ရသည်မှာ မိစ္ဆာသည် ခြုံပုတ်အတွင်းမှ
ခုန်ထွက်လာသော ရောမ ဝံပုလွေအား
သတိပြုမိခဲ့သော်လည်း သူ၏ညာလက်မှာ
မိစ္ဆာဝက်ဝံ၏ လက်သည်းနှင့် ရှန်းကန်နေခဲ့ရသဖြင့်
ဟန့်တား ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပဲ
ပင်ကိုအသိဖြင့်သာ အခြား လက်တစ်ဖက်အား
မြှောက်၍ ခုခံခဲ့ရသည်။

ဤလုပ်ဆောင်ချက်သည် သူ၏ လည်ပင်းအား
ကာကွယ်နိုင်ခဲ့သော်လည်း သူ၏ ဘယ်လက်မှာမူ
မင်းသမီး လော်ဂျာအတွက် ပစ်မှတ်
ဖြစ်သွားခဲ့သည်။

+

ဘာမှ တွေဝေနေခြင်း မရှိပဲ သူမသည် မိစ္ဆာ၏
လက်မောင်းအား အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်
ကိုက်ဖြတ်လိုက်ရာ သွေး၏ ခပ်ပြင်းပြင်း
အရသာသည် သူမ၏ ပါးစပ်အတွင်း၌ ချက်ချင်း
ပျံ့နှံ့သွားလေသည်။

လုံးဝကို မချိုးဖောက်နိုင်လုနီးပါး ဖြစ်နေသည့်
အရေခွံကို ပိုင်ဆိုင်ထားသော ရောမ မိစ္ဆာဝက်ဝံနှင့်
စာလျှင် ရှုးသွပ်မိစ္ဆာ၏ အရေပြားသည် လူသား
အရေပြားနှင့် သိပ်မကွာနေပေ။ သူ့တွင်
ဖုထွက်နေသော ကြွက်သားများ ရှိနေသော်လည်း
အသွေးအသားသည် လော်ဂျာ၏ အစွယ်များ
အတွင်းတွင် အဝတ်တစ်စ အလား နူးညံ့နေခဲ့သည်။

+

လော်ဂျာ၏ အစွယ်များသည် မိစ္ဆာ၏
လက်မောင်းအား အခက်အခဲမရှိ
ချိုးဖျက်နိုင်ခဲ့သဖြင့် သူမ၏ ယုံကြည်မှုက
ချက်ချင်းပင် မြင့်တက်လာခဲ့လေသည်။

ပြီးတာနှင့် လော်ဂျာသည် မိစ္ဆာအား
ဖြတ်ကျော်သွား၍ အကွာအဝေး တစ်ခု
ခြားထားလိုက်သည်။

သူမသည် ဒဏ်ရာ မရသေးပဲ သူမ၏
ရန်သူတစ်ယောက်က ရှုံးနိမ့်သွားသဖြင့် ဆက်လက်
တိုက်ခိုက်ရမည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

+

ဤအရာသည် အလွန်အမင်း အောင်မြင်သော တိုက်ခိုက်မှု တစ်ခု ဖြစ်သည်မှာ သံသယ ဖြစ်ဖွယ် မရှိပေ။

အပြင်းအထန် ဒဏ်ရာ ရရှိသွားသော ရှုးသွပ်မိစ္ဆာသည် သွေးနှော မိစ္ဆာသားရဲ လဲကျသွားသည့် အချိန်အထိ မရွှေ့လျားခဲ့ပေ။ ပြီးမှသာ သူသည် အနောက်သို့ ခြေလှမ်း အနည်းငယ် ဒယိမ်းဒယိုင် ဆုတ်လာ၍ သူမအား အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်သည်။

သို့သော်လည်း သူသည် သူ၏ ဘယ်ဘက် လက်မောင်းကို ဆုံးရှုံးသွား၍ သူ၏ ညာလက်မှာလည်း ယခုအချိန်တွင် ကျုံ့ဝင်သွားပြီ

+

ဖြစ်သဖြင့် သူမအား ခြိမ်းခြောက်ရန် နေနေသာသာ
သူ့ကိုယ်သူပင် မနည်း မတ်တတ်ရပ်နေရသည်။

သို့သော်လည်း ဤအချိန်၌ အခြား
မိစ္ဆာတစ်ကောင်၏ လှုပ်ရှားမှုသည် လော်ဂျာအား
အံ့အားသင့်သွားစေခဲ့သည်။

သူသည် သူ၏ အိတ်ကပ် အတွင်းမှ ဦးချိုကို
ထုတ်ယူလိုက်ပြီးနောက် စတင်၍ မှုတ်လိုက်သည်။

"တူ...."

+

သူ၏ နက်ရှိုင်းသော အသံသည် တောအုပ်၏
တိတ်ဆိတ်မှုကို ချိုးဖောက်သွားခဲ့ပြီး
ငှက်တစ်အုပ်စုအား လန့်ပျံသွားစေခဲ့သည်။

ထိုအရာက ဘာကို ဆိုလိုနေသနည်း။

အနီးအနားတွင် အခြား မိစ္ဆာများ ရှိနေသလော။

သို့သော်လည်း သူမသည် ဤနေရာအား
ကင်းထောက်ထားပြီးသား ဖြစ်သည်။ လျှပ်စီးက
သူမအား မှတ်သားခိုင်းခဲ့သည့် ပျားအုံနှင့်
ငှက်သိုက်များမှ လွဲ၍ ဤနေရာ အနီးတဝိုက်တွင်
ထူးခြားသည့် တစ်စုံတစ်ရာမှ မတွေ့ခဲ့ပေ။

+

လော်ဂျာသည် ဤအကြောင်းကို အရင် မစဥ်းစားပဲ လက်တစ်ဖက် မိစ္ဆာအား အရင် သတ်ဖြတ်ရန် ကြိုးစားလိုက်သည်။

သူတို့တွင် စစ်ကူများ ရှိနိုင်သော်လည်း သူတို့ ရောက်ရှိလာသည့် အချိန်တွင် အလောင်းများသာ စောင့်ကြိုနေတော့မည် ဖြစ်သည်။

သူမသည် အရှေ့သို့ အမြန် ပြေးသွားလိုက်ပြီး မိစ္ဆာအပေါ်သို့ ခုန်အုပ်လိုက်သည်။ မိစ္ဆာသည် သူ၏ ဦးချိုအား လွှတ်ချလိုက်ကာ သူ၏ ခါးတွင် ချိတ်ဆွဲထားသော ကျောက်တုံးပုဆိန်အား ဆွဲထုတ်လိုက်၍ ဝံပုလွေ ကောင်မလေးအား ခုတ်ချလိုက်လေသည်။

+

အကယ်၍ လွှန်ခဲ့သော ခြောက်လက ဖြစ်ခဲ့မည် ဆိုပါက လော်ဂျာအနေဖြင့် ပုဆိန်အား ရှောင်ရှားကာ နောက်တစ်လှမ်း ဆုတ်၍ နောက်ထပ် အခွင့်အရေးများကို စောင့်နေရမည် ဖြစ်သည်။ သို့သော်လည်း ထူးကဲစုန်းမ၊ တောင်ပံလေးခု လင်းယုန်၊ သွေးနှော မိစ္ဆာသားရဲ များစွာတို့နှင့် တိုက်ခိုက်ခဲ့အပြီးတွင် သူမ၏ တိုက်ခိုက်ရေး စွမ်းရည်က များစွာပို၍ တိုးတက်လာခဲ့သည်။

လော်ဂျာသည် သူမ၏ ခန္ဓာကိုယ်အား နှိမ့်လိုက်၍ လက်နှင့်ခြေအား အခြားတစ်ဘက်သို့ ဆန့်တန်းလိုက်သည်။ ပြီးတာနှင့် ကိုးရိုးကားရား ပုံစံ

+

ဖြစ်နေသော သူမ၏ ခန္ဓာကိုယ်အား လှည့်၍ ဘေးတိုက် ပျံသန်းခဲ့လေသည်။

ပုဆိန်က သူ၏ ပစ်မှတ်အား လွဲချော်သွားခဲ့သည်။

သို့သော်လည်း လော်ဂျာ၏ လှုပ်ရှားမှုသည် ရှောင်တိမ်းရုံ သက်သက် မဟုတ်ချေ။ မိစ္ဆာ၏ အာရုံသည် သူမ၏ လှုပ်ရှားမှု အပေါ်သို့ ကျရောက်သွား၍ သူမ၏ ပါးစပ်နှင့် လက်သည်းများကိုသာ ကြည့်နေခဲ့သည့် အချိန်တွင် သူမ၏ အစစ်အမှန် တိုက်ခိုက်မှုကို စတင်ခဲ့သည်။

လော်ဂျာသည် သူမ၏ ရောမ အမြီးအား ကွေးလိုက်ကာ မိစ္ဆာ၏ ဦးခေါင်းအနောက်သို့

+

ပတ်ရိုက်လိုက်သည်။ ဤတိုက်ခိုက်မှုသည် သူမ ခန္ဓာကိုယ်၏ အရှိန်အဟုန်အား အပြည့်အဝ အသုံးချထားပြီး မမြင်နိုင်သည့် ချိတ်တစ်ခု သဖွယ် ဖြစ်နေခဲ့သည်။

"ဒုတ်"

အသံ သဲ့သဲ့လေး တစ်ခုနှင့် အတူ အံ့အားသင့်နေသော မိစ္ဆာသည် လွင့်ပျံသွားကာ အနီးရှိ သစ်ပင်တစ်ပင်နှင့် သွားဆောင့်မိပြီး သူ၏ ကျောက်တုံး ပုဆိန်ကလည်း မြေပြင်ပေါ်သို့ ကျဆင်းသွားလေသည်။

"ဝေါင်း"

+

လော်ဂျာသည် သူမ၏ လက်သည်းများဖြင့် အဆုံးသတ် တိုက်ခိုက်ရန် အသင့်ဖြစ်နေသည့် အချိန်၌ပင် သူမ၏ အနောက်မှ စူးရှသော ဟိန်းဟောက်သံ တစ်ခုအား ကြားလိုက်ရသည်။

သူမ၏ မသိစိတ်မှ နေ၍ အန္တရာယ်အား ချက်ချင်း အာရုံခံမိလိုက်သည်။ သူမသည် နောက်ပြန်လှည့်၍ သူမ၏ လက်သည်းများကို ဘေးတိုက် ဇွေ့ယမ်းလိုက်ပြီး သူမထံ ပြေးဝင်လာသည့် လက်တစ်ဖက် ရှူးသွပ်မိစ္ဆာကို ခုခံလိုက်သည်။ သူမ၏ လက်သည်းသည် မိစ္ဆာအား ပြင်းထန်စွာ ထိခိုက်မိ၍ သူ၏ နံရိုးများကို ကျိုးကြေစေခဲ့ကာ

+

သူ၏ ခန္ဓာကိုယ်ပေါ်မှ သားရေ
ချပ်ဝတ်တန်ဆာကိုပင် ချိုးဖောက်သွားခဲ့သေးသည်။

ဤအရာသည် ကိုယ့်ကိုယ်ကိုယ် သတ်သေသည့်
တိုက်ခိုက်မှု ဖြစ်ပြီး ထိုမိစ္ဆာသည် သူမ၏ ရောမ
လက်သည်းအား သူ့ခန္ဓာကိုယ် အတွင်းသို့
နစ်ဝင်သွားအောင် တမင်သက်သက် လုပ်ခဲ့သည်နှင့်
တူနေသည်။

အဘယ်ကြောင့်နည်း။

မကြာမီပင် လော်ဂျာသည် သူမ မေးခွန်း၏
အဖြေအား ချက်ချင်း သိလိုက်ရလေသည်။

+

ကျုံ့ဝင်နေခဲ့သော လက်တစ်ဖက် ရှုံးသွပ်မိစ္ဆာ၏
ညာလက်မောင်းသည် ထပ်ဖန်တစ်ခါ စတင်၍
ဖောင်းကားလာခဲ့သည်။

ထိုလက်သည် ခုနစ်မိနစ် အကြာမှသာ ပြန်လည်
ကောင်းမွန်လာရမည် မဟုတ်သလော။

လော်ဂျာသည် အံ့သြ တုန်လှုပ်သွား၍ ရန်သူထံမှ
ဆုတ်ခွာသွားရန် ကြိုးစားလိုက်သည်။
သို့သော်လည်း သူမ၏ လက်သည်းသည်
သံပလာယာ တစ်ခုဖြင့် အညှပ်ခံထားခဲ့ရသကဲ့သို့
မိစ္ဆာ၏ ခန္ဓာကိုယ် အတွင်းတွင် နစ်ဝင်နေခဲ့သည်။

ဘာဖြစ်လို့လဲ… သူက…

+

သူမသည် သူမအမြီးဖြင့် အရိုက်ခံခဲ့ရသည့်
အခြားမိစ္ဆာ တစ်ကောင်ထံသို့ လျင်မြန်စွာ
လှည့်ကြည့်လိုက်ရာ သူမ၏ ရင်က
လေးလံသွားခဲ့သည်။

ထိုမိစ္ဆာ၏ လက်မောင်းကလည်း
ဖောင်းကားလာခဲ့ကာ သူ၏ ခြောက်သွေ့သော
အရေပြားပေါ်မှ သွေးကြောအချို့ကပင်
ပေါက်ထွက်လာခဲ့သေးသည်။

နေပါဦး၊ သူမသည် လျှပ်စီး ပြောပြခဲ့သော အရာကို
ချက်ချင်း ပြန်လည် အမှတ်ရလာခဲ့သည်။
သူတို့သည် အနောက်ပိုင်း ဒေသ၏ မဟာ

+

နှင်းတောင်တန်း အပေါ်တွင် မီးပုံပျံ စီးနင်းနေရင်း မိစ္ဆာများကို တွေ့ခဲ့ရသည့် အချိန်တွင် ရူးသွပ်မိစ္ဆာ တစ်ကောင်သည် လုံကို အချိန်တိုလေး အတွင်းတွင် နှစ်ခါတိတိ ပစ်နိုင်ခဲ့သည်။

သို့သော်လည်း ဒုတိယ ပစ်ချက်၏ စွမ်းအားသည် သိသိသာသာ လျော့ကျသွားပြီး မှော်ကျောက်တုံး မြှုပ်နှံထားသည့် မိစ္ဆာ၏ လက်မောင်းကလည်း အသုံးမဝင် ဖြစ်သွားခဲ့သည်။ ထိုအရာသည် နောက်ဆုံးအကြိမ် ကြိုးစားသည့် နည်းစနစ် တစ်ခု ဖြစ်နေခဲ့ပြီး ခြိမ်းခြောက်မှု မကြီးမားပေ။ သူမသည် လျှပ်စီး ပြောသမျှကို ယုံကြည်မိခဲ့သည့် အထိ တုံးအလွန်းခဲ့သည်။

+

သူမသည် သူမကိုယ် သူမ မယုံနိုင်ခဲ့ပေ။ သူမသည် အရှုးမလေး တစ်ယောက် ပြောခဲ့သည့် စကားများကြောင့် သေမင်းနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။

မိစ္ဆာများ၏ သွေးရူးသွေးတန်း ရုန်းကန်မှုသည် ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများ ရှိနေသော်လည်း သူတို့၏ ပြိုင်ဘက်များကို ကြီးမားသော ပြဿနာ တစ်ခု ပေးနိုင်ခဲ့သည်။ အထူးသဖြင့် ဤကဲ့သို့ သူသေကိုယ်သေ တိုက်ပွဲတစ်ခုတွင် ဖြစ်သည်။

သဲနိုင်ငံတွင် ဤကဲ့သို့သော အခြေအနေမျိုးကို ကောင်းစွာ ရှင်းပြနိုင်သည့် ဆိုရိုးစကား တစ်ခု

+

ရှိသည်။ "ချောင်ပိတ်နေသော ပြိုင်ဘက်အား သတိထားပါ" ဟူ၍ဖြစ်သည်။ သူတို့သည် သူတို့၏ အသက်ကို အမှုမထားတော့ပြီ ဖြစ်နေ၍ သူတို့၏ နောက်ဆုံး ရိုက်ချက်များက ပြင်းထန်လွန်းလှသည်။

လော်ဂျာ၏ လက်မောင်းအား ချုပ်ကိုင်ထားသော မိစ္ဆာသည် သူမ၏ လှုပ်ရှားမှုများကို အပြည့်အဝ ထိန်းချုပ်ထားနိုင်ခြင်း မရှိပဲ ထူးကဲ စုန်းမ တစ်ယောက်ကသာ ဤကဲ့သို့ လုပ်နိုင်ပေလိမ့်မည်။ သို့သော်လည်း လော်ဂျာ အနေဖြင့် သူမပြိုင်ဘက်၏ ရည်ရွယ်ချက်သည် သူမ၏ လှုပ်ရှားမှုကို နှေးကွေးသွားစေရန်သာ ဖြစ်သည်ဟု ကောင်းစွာ သိနေခဲ့သည်။

+

သူမသည် နောက်ပြန်လှည့်ရန် သို့မဟုတ်
ရှောင်တိမ်းရန် ကြိုးစားခဲ့လျှင်ပင် အခြား မိစ္ဆာ၏
ပြင်းထန်သော တိုက်ခိုက်မှုမှ
လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ချေ။

စက္ကန့် အနည်းငယ်လေး အတွင်း၌ပင် ရှုးသွပ်မိစ္ဆာ၏
လက်မောင်းသည် အကြီးဆုံး အရွယ်အစား အထိ
ဖောင်းကားလာပြီး အပြာရောင် သွေးများသည်
အက်ကွဲနေသော အရေပြားထံမှ ပန်းထွက်လာ၍
လက်မောင်း တစ်ခုလုံးက အချိန်မရွေး
ပေါက်ကွဲသွားတော့မည်ဟု ထင်နေရသည်။

+

သူသည် သူ၏နောက်ဆုံး အရိုးလုံအား
ဆုပ်ကိုင်ထားကာ ဝံပုလွေ ကောင်မလေးအား
ချိန်ရွယ်လိုက်လေသည်။

ဤအချိန်၌ လော်ဂျာအနေဖြင့် အလောင်းအစား
တစ်ခုကိုသာ လုပ်နိုင်ခဲ့တော့သည်။

သူမသည် သူမ၏ မျက်လုံးများကို ပြူးကျယ်စွာ
ဖွင့်ထား၍ ရန်သူ ပြုလုပ်ခဲ့သည့် လှုပ်ရှားမှု
မှန်သမျှကို အာရုံစိုက်ထားခဲ့ရာ ထိုအချိန်၌ ကမ္ဘာ
တစ်ခုလုံးက ငြိမ်သက်သွားသကဲ့သို့ ထင်နေရသည်။
သူမ ကြားနိုင်ခဲ့သည့် တစ်ခုတည်းသော အသံမှာ
သူမ၏ ကိုယ်ပိုင် နှလုံးခုန်သံသာ ဖြစ်သည်။

+

ရှူးသွပ်မိစ္ဆာက လှံကို ပစ်လွှတ်လိုက်သော အခါ သူမသည် သူမ ခန္ဓာကိုယ် အတွင်းတွင် ထကြွ လှုပ်ရှားနေသည့် မှော်စွမ်းအားများကို ဖြတ်တောက်လိုက်လေသည်။

သူမ၏ ခန္ဓာကိုယ်သည် လျင်မြန်စွာ ကျုံ့ဝင်သွား၍ ရှူးသွပ်မိစ္ဆာ ချုပ်ကိုင်ထားသည့် နေရာတွင် ကြီးမားသော ကွက်လပ်တစ်ခုကို ဖြစ်စေခဲ့သည်။ လှံကိုပစ်သည့် မိစ္ဆာအနေနှင့်လည်း သူ၏ ပစ်မှတ်က နောက်ဆုံးအချိန်မှ ပျောက်သွားခဲ့လေသည်။

ရောမ သဲကန္တာရ ဝံပုလွေ၏ ခေါင်းကို ချိန်ရွယ်၍ လေထုအလယ်တွင် ပျံသန်းလာသော အရိုးလှံသည် လက်တစ်ဖက် မိစ္ဆာကိုသာ ထိုးဖောက်သွားခဲ့သည်။

+

ထိုအချိန်၌ သူမသည် လူသားပုံစံသို့ အပြည့်အဝ အသွင်ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

သူမက အလောင်းအစား အနိုင်ရသွားခဲ့လေပြီ။

လုံပစ်သူသည် သူမအား ထိုကဲ့သို့ ပြုလုပ်မည်ဟု မထင်မှတ်ထားခဲ့ပဲ မှင်သက်သွားကာ ယခုအခါ ညှိုးခြောက်နေပြီ ဖြစ်သော သူ၏လက်မောင်းကို ကိုင်ထား၍ သူ့ထံသို့ လျှောက်လာသော မင်းသမီး လော်ဂျာထံသို့ စကားလုံး နှစ်လုံးကို ရေရွတ်လိုက်သည်။

"တက်.. ကီ.."

+

ပြီးတာနှင့် လော်ဂျာသည် သူမ၏
လက်တစ်ဖက်အား ဝံပုလွေ လက်သည်းအဖြစ်
အသွင်ပြောင်းကာ ရန်သူ၏ ခေါင်းစွပ်အား
ခြေမွလိုက်လေသည်။

အနီရောင် မြူခိုးငွေ့များက လွင့်ပြယ်သွားသော
အခါ မိစ္ဆာသည် အသံသဲ့သဲ့ တစ်သံဖြင့်
မြေပြင်ပေါ်သို့ ပြိုလဲသွားတော့သည်။

ထိုအချိန်မှသာ လော်ဂျာသည် စိတ်သက်သာရာ
ရသွားပြီး သက်ပြင်းရှည်ကြီး တစ်ခုအား
ချလိုက်လေသည်။

သူမက အနိုင်ရသွားခဲ့လေပြီ။

+

နှစ်ယောက် တစ်ယောက် တိုက်ခိုက်ခြင်း ဖြစ်သည်။

မိစ္ဆာများသည် ထိုမျှလောက်လည်း သန်မာနေခြင်း မရှိပေ။

သူတို့သည် သူတို့၏ လက်မောင်းများကို အားဖြည့်ခဲ့အပြီးတွင် အံ့အားသင့်ဖွယ် အားကောင်းလာခဲ့သော်လည်း သူတို့တွင် တိုက်ခိုက်မှု စွမ်းရည်များ လုံးဝ မရှိနေပေ။ သူတို့သည် ပင်ကိုအသိဖြင့်သာ တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ပြီး သူတို့၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံနှင့် အရည်အသွေးတို့က နှမြောစရာ ဖြစ်နေသည်။

+

သူရဲကောင်းတို့၏ လမ်းကြောင်းအရ ဆိုလျှင် မိစ္ဆာများသည် သိပ်ဝေးဝေး ရောက်နိုင်မည် မဟုတ်ချေ။ အကယ်၍ ဤမိစ္ဆာ အနည်းငယ်နှင့် ထပ်မံ ရင်ဆိုင်ခဲ့ရအပြီးတွင် အမဲလိုက်ခြင်းသည် များစွာပို၍ လွယ်ကူသွားလိမ့်မည်ဟု သူမက ယုံကြည်နေခဲ့သည်။

သူမ အရှေ့တွင် ကျယ်ပြန့်စွာ တည်ရှိနေသော မြေရိုင်းဒေသသည် လေ့ကျင့်မှု အတွက် အကောင်းဆုံး နေရာတစ်ခု ဖြစ်လာပေလိမ့်မည်။

ပြီးတာနှင့် လော်ဂျာသည် တုန်ခါမှုများကို ခံစားခဲ့ရသည်။ ကမ္ဘာ တစ်ခုလုံးက တုန်ခါနေသကဲ့သို့ ဖြစ်သည်။ ကြီးမားသော

+

အင်အားတစ်ခုသည် မြေပြင်အပေါ်တွင် ဆူနာမီ လှိုင်းလုံးတစ်ခုကဲ့သို့ ရိုက်ခတ်လာသည်နှင့် တူနေခဲ့သည်။

"ဝုန်း... ဝုန်း"

ဤအရာက မည်ကဲ့သို့ ဖြစ်နိုင်မည်နည်း။

သူမသည် အနည်းငယ် မျက်မှောင်ကြုတ်လိုက်၍ သူမ၏ နားရွက်များကို အသံ အရင်းမြစ်ထံသို့ စွင့်လိုက်သည်။ သူမသည် မီးခိုးရောင် ရဲတိုက် အနီးမှ နယ်မြေတွင် ရှိနေခြင်း ဖြစ်ပြီး ပင်လယ် အနီးတွင် ရှိနေသော တောင်ပိုင်း အစွန်အဖျား

+

ဒေသနှင့် မတူနေပဲ လှိုင်းသံများကို ကြားရစရာ
အကြောင်း မရှိပေ။

ရေကြီးရေလျှံခြင်းများ ဖြစ်နိုင်သလော။
သို့သော်လည်း ဤနေရာတွင် တောင်တန်းများ
မြစ်ပြင်များ မရှိနေသဖြင့် ရေကြီးမှုကလည်း
မဖြစ်နိုင်ချေ။

လော်ဂျာသည် ဘေးဘီဝဲယာသို့ အကဲခတ်နေရင်း
သူမ ရှာနိုင်သော အမြင့်မားဆုံး သစ်ပင်ပေါ်သို့
တက်သွားလေသည်။

တုန်ခါမှုများသည် တက်ကီလာ မြို့ပျက် ရှိနေသော
အရပ်မျက်နှာထံမှ လာခဲ့ခြင်း ဖြစ်သည်။

+

ခဏာအကြာတွင် ဝံပုလွေ ကောင်မလေးသည်
သစ်ပင် အကိုင်းအခက်များ၏ အစွန်အဖျားတွင်
ရပ်နေရင်း အံ့ဩ မှင်သက်သွားခဲ့သည်။

သူမသည် မိုးကုပ်စက်ဝိုင်းထံတွင်
မရေမတွက်နိုင်သော မိစ္ဆာများက အနက်ရောင်
ဒီရေလှိုင်းကဲ့သို့ ချီတက်လာကြသည်ကို
မြင်ခဲ့ရသည်။ လှိုင်းလုံး၏ အပေါ်တွင် အုပ်စုလိုက်
ရွေ့နောက် ပျံသန်းနေကြသော နတ်ဆိုးသားရဲ
ရာပေါင်းများစွာ ရှိနေသည်။ သူတို့အားလုံး အနက်
ယုံနိုင်ဖွယ် မကောင်းဆိုးသော အရာမှာ
မြို့ပျက်ထံသို့ ဆောင့်နင်း ချီတက်လာကြသည့်
ရောမ မကောင်းဆိုးဝါးများပင် ဖြစ်သည်။

+

သူတို့သည် ဆယ်ထပ် အဆောက်အအုံတမျှ မြင့်မားကြပြီး သူတို့၏ တွန့်လိမ်နေသော ခြေလေးဘက်သည် တက်ကီလာ၏ မြို့ရိုးများထံသို့ တိုက်ရိုက် တက်နိုင်လုနီးပါး ဖြစ်နေခဲ့ကာ သူတို့ အရှေ့တွင် ရပ်နေသူ မှန်သမျှက ဘာမှ အရေးမပါသကဲ့သို့ ဖြစ်သွားကြမည် ဖြစ်သည်။

သူ့အား တိုက်ခိုက်ရန် မပြောနှင့် သူ့အရှေ့တွင် ရပ်နေခဲ့လျှင်ပင် တစ်ယောက်သည် တိုက်ခိုက်ရန် သတ္တိများ ပျောက်ဆုံးသွားပေလိမ့်မည်။

လော်ဂျာသည် မိုးရွာပြီးနောက် အထူး ကြည်လင်နေသော ကောင်းကင်ပြာပေါ်သို့

+

မော့ကြည့်လိုက်သည်။ လေပြည်လေညင်းများက
အချိန်နှင့် အမျှ ညင်သာစွာ တိုက်ခတ်သွားကြ၍
အဖြူရောင် တိမ်တိုက်များက ကောင်းကင်ပေါ်တွင်
လွင့်မျောနေကြသည်။ အရာအားလုံးတို့သည်
ရှိသင့်သည့် အတိုင်း ရှိနေကြ၍ ငြိမ်သက်
အေးချမ်းနေသည့်ပုံ ပေါက်နေလေသည်။

လော်ဂျာသည် လျှပ်စီး ဖော်ပြထားသည့်
ကမ္ဘာပျက်သည့်နေ့၏ သင်္ကေတ ဖြစ်သော
သွေးလဝန်းကို မမြင်ရသလို စိတ်ခြောက်ချဖွယ်ရာ
မည်းမှောင်နေသည့် အနီရောင်
မြူခိုးငွေ့များကိုလည်း မမြင်ခဲ့ရပေ။

+

သို့သော်လည်း ကပ်ဆိုးက
တံခါးလာခေါက်နေပြီကိုမူ သူမက
သိနေခဲ့လေသည်။

## စာစဥ် ၆၀ : အပိုင်း ၁၄

## အပိုင်း ၈၉၉ : အဝေးမှ စုန်းမများ (၁)

"ငါဆိပ်ကမ်းကို တွေ့ရပြီ"

ရုတ်တရက် ထွက်ပေါ်လာသော မိုလီ၏
အာမေဋ္ဍိတ်သံသည် ကုန်းပတ်ပေါ်မှ စုန်းမများ၏
အာရုံကို ချက်ချင်း ဆွဲဆောင်နိုင်ခဲ့သည်။

+

"ဘယ်မှာလဲ… ဘယ်မှာလဲ"

"ဟင်း… ငါတို့က နောက်ဆုံးမှာ အဲ့ဒီနေရာ ရောက်တော့မယ်… ငါတို့က ပင်လယ် အတွင်းမှာပဲ လွင့်မျောနေရတာ လဝက်လောက် ရှိတော့မယ်"

"ဟိုနေရာက ငွေရောင် အကွက်လေးက နောက်ထပ် သင်္ဘောတစ်စင်း မဟုတ်လား"

"'စွဲမက်ဖွယ် အလှတရား'ကသာ ဒီလမ်းကြောင်းမှာ ရွက်လွှင့်တယ်လို့ တစ်စုံတစ်ယောက်က ပြောခဲ့တယ် မဟုတ်လား"

+

"ဒီလိုဆိုရင်တော့ ဒါက ငါးဖမ်းလှေ တစ်စင်းသာ ဖြစ်နေမှာပေါ့"

အားလုံးတို့သည် သဘော်လက်ရန်း အနားသို့ လာခဲ့ကြကာ ခြေဖျားထောက် နေကြရင်း မိုလီ ညွှန်ပြသည့် နေရာသို့ လှမ်းကြည့်လိုက်ကြသည်။

စိတ်လှုပ်ရှားကာ ရှင်လန်း တက်ကြွနေကြသော စုန်းမများကို ကြည့်ရင်း မာလိန်မှူးအိုကြီး မျက်လုံးတစ်ဖက်ဂျက်သည် အပြုံးတစ်ခုဖြင့် သူ၏ခေါင်းကို ခါလိုက်ကာ ကျန်သော စုန်းမများနှင့် မတူပဲ တင်းမာသော မျက်နှာထား ရှိနေသည့် ကာမီလာ ဒါရီထံသို့ လှည့်၍ မေးလိုက်သည်။

+

"မင်းကို ကြည့်ရတာ စိတ်လှုပ်ရှားနေတဲ့ပုံ ပေါက်မနေပါလား… ဘာများ မှားနေလို့လဲ… ဒီကနေ့ဟာ ကောင်းမွန်တဲ့ နေ့တစ်နေ့ပါ"

"ဘာများ ကောင်းနေလို့လဲ" ကာမီလာက ထူးမခြားနား ပုံစံဖြင့် ပြန်မေးလိုက်သည်။

"အိမ်ကို ပြန်ရောက်တာက ကောင်းတာပေါ့" ဂျက်က သူ၏ဆေးတံအား ခါလိုက်ကာ ပြောလိုက်သည်။ "ဒီလောက် နှစ်တွေကြာပြီးမှ အိမ်ကို ပြန်ရောက်တာ အောင်ပွဲခံဖို့ မထိုက်တန်ဘူးလား… မင်းတို့က အိပ်ပျော်နေသောကျွန်းကို မင်းတို့ရဲ့ အိမ်အဖြစ်

+

သတ်မှတ်ထားခြင်း မရှိတာ သိသာနေတာပဲ… မင်းတို့က ဖေ့ကို မနှစ်သက်ဘူးလို့ ငါက ဆိုလိုနေတာ မဟုတ်ပါဘူး… ဒါပေမဲ့ ဘာပဲပြောပြော ဒုက္ခသည် တစ်ယောက်က ဒုက္ခသည် တစ်ယောက် ဖြစ်နေတာပဲလေ"

ကာမီလာက ဘာပြန်ပြောရမှန်း မသိတော့ပေ။ ဂျက်က မှန်သလား ဆိုသည်ကို သူက မသိနေသော်လည်း မင်းသမီး တီလီ၏ စာရောက်လာကတည်းက စုန်းမ အများစုတို့သည် မီးခိုးရောင် ရဲတိုက်၏ အနောက်ပိုင်း ဒေသသို့ သွားရောက်လိုခဲ့ကြသည်ကိုမူ သူမက သိနေပေသည်။

+

အစ ပထမတွင် စုန်းမ တစ်ဝက်ခန့်ကသာ
သွားလိုနေကြသော်လည်း ပြီးတာနှင့်
အရေအတွက်က ရှစ်ဆယ် ရာခိုင်နှုန်း အထိ
မြင့်တက်လာခဲ့သည်။ အကယ်၍ စုန်းမ ပထမ
အသုတ်က မီးခိုးရောင် ရဲတိုက်တွင် ကောင်းစွာ
အခြေချနိုင်ခဲ့သည် ဆိုပါက
အိပ်ပျော်နေသောကျွန်းတွင် စုန်းမ မည်မျှသာ
ကျန်တော့မည်ကို ပြောရခက်ပေသည်။

အိပ်ပျော်နေသောကျွန်းသည် သူတို့၏အိမ်
ဖြစ်သင့်သော နေရာတစ်ခု ဖြစ်သည်။
ထိုနေရာသည် သူတို့က မည်သူဖြစ်သည်
ဆိုသည့်အပေါ် မှုန်းတီးခြင်း မခံရသည့် နေရာတစ်ခု
ဖြစ်ပြီး ဘုရားကျောင်းကလည်း သူတို့၏

+

အသက်များအား အဆက်မပြတ်
ခြိမ်းခြောက်နေခြင်းလည်း မရှိပေ။

ကုန်းမြေပေါ်မှ တိုင်းပြည်များနှင့် ယှဉ်လိုက်လျှင်
ကျွန်းသည် အနည်းငယ် မဖွံ့ဖြိုး မတိုးတက်ဟု
ပြော၍ရကာ ဒေသခံ ဓလေ့ထုံးစံများက ကြီးမားစွာ
ကွဲပြား ခြားနားနေသော်လည်း ဆယ်နှစ်ခန့်
အချိန်ပေးလိုက်လျှင် အိပ်ပျော်နေသောကျွန်းသည်
တိုးတက် စည်ပင်လာလိမ့်မည်ဟု သူမက
ယုံကြည်နေခဲ့သည်။

အသစ် နိုးထလာသော စုန်းမများ၏ ဤကျွန်းအား
သူတို့၏ တကယ့် ဇာတိမြို့ဟု သတ်မှတ်ခြင်း ခံရရန်
မျိုးဆက် တစ်ဆက်ပင် လိုချင်မှ လိုပေလိမ့်မည်။

+

အချိန် အတန်ကြာ ငြိမ်သက်သွားပြီးမှ ကာမီလာက အသံတိုးတိုး တစ်ခုဖြင့် ပြန်ပြောလိုက်သည်။ "ရှင်ပြောတာ မှန်ပါစေလို့ ကျွန်မက မျှော်လင့်နေပါတယ်"

"အင်း" ဂျက်က သူ၏ မုတ်ဆိတ်မွေးများကို ပွတ်သပ်လိုက်သည်။ "မင်းက ဘုရင်အသစ်ကို မယုံဘူးမလား"

"ရှင်က ဘယ်လို သိသလဲ" ကာမီလာက မေးကြည့်လိုက်သည်။

+

"ဒါကို မင်းရဲ့ မျက်နှာပေါ်မှာ ရေးသားထားတယ်" မာလိန်မှူးအိုက ပြုံးလိုက်သည်။ "လွန်ခဲ့တဲ့ သုံးနှစ်က ပထမဆုံး အကြိမ် ရွက်လွှင့်လာခဲ့ရတုံးက မင်းက ဘယ်လိုပုံစံ ပေါက်နေသလဲ ဆိုတာကို မင်းမှတ်မိသေးသလား"

"လွန်ခဲ့တဲ့ သုံးနှစ်..." အိပ်ပျော်နေသောကျွန်းမှ ဘဏ္ဍာစိုးက ခေတ္တမျှ ပြန်လည် စဉ်းစားလိုက်သည်။ ထိုအချိန်သည် မင်းသမီး တီလီက စုန်းမများကို စတင် စုစည်းကာ မီးခိုးရောင် ရဲတိုက်မှ ထွက်ခွာရန် အားပေးနေသည့် အချိန်ပင် ဖြစ်သည်။

စုန်းမများကို ခွဲခြား ဆက်ဆံခြင်း မရှိသည့် မာလိန်မှူး အနည်းငယ် အနက်မှ

+

တစ်ယောက်ဖြစ်သည့် ဂျက်နှင့် စွဲမက်ဖွယ် အလှတရားတို့သည် ဖမ်းမိကာ တရားစီရင်မှု ခံရနိုင်သည့် အန္တရာယ်ကို စွန့်စား၍ စုန်းမများစွာတို့ကို ဆိပ်ကမ်းမြို့များမှ ဖော့ထံသို့ မှောင်ခို သယ်ဆောင်ပေးခဲ့သည်။

ထို့ကြောင့်ပင် အိပ်ပျော်နေသောကျွန်းသည် မျက်လုံးတစ်ဖက် မာလိန်မှူးနှင့် ကြာရှည်စွာ နီးစပ်သော ဆက်ဆံရေးများကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

"ပင်ပန်း နွမ်းနယ်ပြီး ကြောက်ရွံ့ တုန်လှုပ်နေမှာပေါ့" ကာမီလာက ချီတုံချတုံဖြင့် ပြန်ဖြေလိုက်သည်။

+

"ပင်ပန်း နွမ်းနယ်ပြီး ကြောက်ရွံ့ တုန်လှုပ်နေမယ်… ဟုတ်လား" ဂျက်က တဟားဟားဖြင့် ရယ်လိုက်သည်။ "ဒါတင် မကဘူး… မင်းဟာ အဲ့ဒီအချိန်က လမ်းလျှောက်နေတဲ့ လူသေတစ်ယောက်နဲ့ တူနေပြီး ကူရာမဲ့နေခဲ့တယ်… အခု မင်းကိုယ်မင်း ကြည့်လိုက်ပါဦး… လုံးဝကို ကွဲပြား ခြားနားနေတယ်လို့ မခံစားရဘူးလား"

"အရှေ့ကို ကြည့်လိုက်ပါဦး… အချို့ စုန်းမတွေက မီးခိုးရောင် ရဲတိုက်ကို အကြိမ်ပေါင်းများစွာ ရောက်ဖူးပြီးသား ဖြစ်နေပြီ… တကယ်လို့ အဲ့ဒီနေရာက တကယ်ပဲ ပျော်စရာမကောင်းနေရင်

+

သူတို့ရဲ့ မျက်နှာပေါ်မှာ အခုလို တောက်ပတဲ့ အပြုံးတွေ ရှိနိုင်ပါ့မလား"

"ဒါပေမဲ့ မှူးမတ်တွေ အားလုံးဟာ မျက်နှာနှစ်ဖက်နဲ့..."

"ဒါပေမဲ့ မင်းကရော" မာလိန်မှူးက သူမအား ဖြတ်ပြောလိုက်သည်။ "တကယ်လို့ ငါမှတ်မိတာ မမှားရင် မင်းကလည်း မှူးမတ် မိသားစု တစ်ခုကပဲ... မဟုတ်လား... မီးခိုးရောင် ရဲတိုက်က ထွက်ခွာလာတုံးက မင်းဟာ အခြားလူတွေ အားလုံးထက် ကောင်းမွန်စွာ ဝတ်စားထားခဲ့ပြီး သာမန် အရပ်သားတွေက ပိုးထည်တွေကို တတ်နိုင်ကြမှာ မဟုတ်ဘူး"

+

"တကယ်လို့ အဲ့ဒီအချိန်က ငါက မင်းလိုမျိုး မှုုးမတ်တွေကို ရွံ့ရှာ စက်ဆုပ်နေခဲ့ရင် ဘာများ ဖြစ်သွားခဲ့မလဲ"

"…" ကာမီလာက သူမ၏ ပါးစပ်ကို ဟလိုက်ကာ စကားလုံးများကို ရှာဖွေနေခဲ့သော်လည်း တစ်လုံးမှ ထွက်မလာခဲ့ပေ။

မျက်လုံးတစ်ဖက်ဂျက်သည် အဖြူရောင် မီးခိုးငွေ့ တစ်တန်းအား ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်သည်။ "မင်းက လူတစ်ယောက်ကို သူ့ရဲ့ နောက်ခံနဲ့ပဲ ဆုံးဖြတ်လို့ မရနိုင်ဘူး… နတ်ဘုရား သုံးပါးက လွဲလို့ ဘယ်သူကများ ကိုယ့်ရဲ့ ကိုယ်ပိုင် မိသားစုကို

+

ရွေးချယ်နိုင်လို့လဲ... စုန်းမတွေကလည်း အတူတူပဲ ဖြစ်တယ်"

"မှူးမတ်တွေဟာ စုန်းမတွေကို မျက်စိမှိတ်ပြီး မုန်းတီးနေကြတဲ့ သူတွေ ဖြစ်ကြလို့ မင်းက မှူးမတ်တွေကို မုန်းတီးခဲ့တာလား"

ဤစကားလုံးများသည် ကာမီလာ၏ ရင်အား အနည်းငယ် တုန်ခါသွားစေခဲ့သည်။

"မင်းကလည်း မှူးမတ်တစ်ယောက် ဖြစ်လို့ မင်းက မှူးမတ်တွေကို နားလည်နေတယ်လို့ ပြောနိုင်ပေမဲ့ မင်းရဲ့ ကြိုတင် စီရင်ချက် ချခဲ့ခြင်းဟာ မင်းရဲ့ ပုံစံခွက်နဲ့ မကိုက်ညီနေတဲ့ လူတစ်ယောက်

+

ရှိနေတာနဲ့ အပြစ် ကင်းစင်တဲ့ တစ်စုံတစ်ယောက်ကို အန္တရာယ် ပြုစေနိုင်တယ် ဆိုတာကို မမေ့ပါနဲ့" မာလိန်မှူးအိုက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။

"စိတ်မကောင်းပါဘူး... ကလေးမ... ငါက မင်းကို ဆိုဆုံးမဖို့ အကောင်းဆုံးလူ မဟုတ်ပေမဲ့ မင်းရဲ့ အတိတ်က ပစ္စုပ္ပန်ကို လွှမ်းမိုးမှု ရှိနေတာကို ငါက မမြင်လိုနေဘူး... ငါက ဒီကိစ္စ တစ်ခုတည်းကိုသာ ဆိုလိုနေတာ မဟုတ်ဘူး... ဘာပဲပြောပြော လူတိုင်းက အတိတ်မှာပဲ အမြဲတမ်း နေထိုင်နိုင်တာမှ မဟုတ်တာ"

+

မဟုတ်ဘူး၊ တခြား ဘယ်သူကမှ ငါ့ကို ဒီလိုမျိုး
ပြောခဲ့မှာ မဟုတ်ဘူး။ ကာမီလာက သူမကိုယ် သူမ
တွေးလိုက်သည်။ မင်းသမီး တီလီသည် လူများက
အတိတ်တွင် နေထိုင်ခြင်း မရှိပဲ အနာဂတ်ကို
ပြင်ဆင်ရမည်ကို သိထားပေလိမ့်မည်။
ထို့ကြောင့်ပင် သူမက ကိုယ်ပိုင်ဆန္ဒဖြင့်
ဆောင်းမဲ့မြို့တော်သို့ သွားခဲ့ခြင်းပင်တည်း။

သို့သော်လည်း ကာမီလာ အနေဖြင့် မင်းသမီး
တီလီသည် သူမအား အရမ်းပွင့်လင်းစွာ
ဆက်ဆံခြင်း မပြုပဲ သူမက မှုးမတ်များအား
မုန်းတီးနေမှု အတွက် ဝေဖန်လိမ့်မည် မဟုတ်ဟု
သိနေခဲ့သည်။ သူတို့၏ နီးကပ်သော ဆက်ဆံရေးနှင့်
တီလီက သူမအပေါ်တွင် ထားရှိသော

+

လေးစားမှုများသည် နောက်ထပ် တိုင်ပင်ဆွေးနွေးမှုများကို တားဆီးထားခဲ့သည်။

အိပ်ပျော်နေသောကျွန်းပေါ်တွင် သူမအား ကလေးတစ်ယောက်ကဲ့သို့ မြင်သူမှာ မာလိန်မှူးအို တစ်ယောက်သာ ရှိပေလိမ့်မည်။

ကာမီလာက သက်ပြင်းအရှည်ကြီးတစ်ချက်ကို ချပြီးမှ ပြောလိုက်သည်။ "ရှင်ပြောတာ မှန်နိုင်ပါတယ်"

"မှန်နိုင်တယ်… ဟုတ်လား" ဂျက်က ရယ်ရမ်းသွေးလိုက်သည်။ "ငါက အသက်ကြီးနေပြီး ဒီလိုမျိုး အတွေ့အကြုံ များစွာ ရှိနေပြီ… တကယ်လို့

+

ငါက အမြဲတမ်း အကောင်းမြင်နိုင်ခြင်း မရှိခဲ့ရင် ပင်လယ်ပေါ်မှာ ဒီလောက် အကြာကြီး ရွက်လွှင့်နိုင်မှာ မဟုတ်ဘူး… ဒါပေမဲ့ လာတော့မယ့် အနာဂတ်မှာ အခြေအနေတွေက ခက်ခဲလာတော့မယ်နဲ့ တူနေတယ်"

"ဘာဖြစ်လို့လဲ"

"မင်းတို့ စုန်းမတွေ အားလုံးက ကုန်းမကြီးကို ပြန်ခဲ့ပြီးတာနဲ့ စွဲမက်ဖွယ် အလှတရားကို အခြား ဘယ်သူတွေက စီးနင်းကြတော့မှာလဲ… ရွက်မလိုတဲ့ သင်္ဘော အသစ် တစ်မျိုးဟာ မကြာမီမှာ လက်ရှိ သစ်သား သင်္ဘောတွေကို အစားထိုးပြီး ဖော့က ကုန်သည် အများစုက

+

အသုံးပြုကြလိမ့်မယ်လို့ စီးပွားရေး
အဖွဲ့အစည်းကြီးတွေထံကနေ ငါကြားထားတယ်"

"ဟိုသဘော်ာ အသစ်တွေက ဒီလိုမျိုး
သဘော်ာဟောင်းတွေထက် အများကြီး ပိုမြန်ပြီး
အများကြီးလည်း ပိုသယ်နိုင်သေးတော့ သူမကို
ဘယ်သူကမှ အသုံးပြုကြတော့မယ် မထင်ဘူး…
ကုန်စည်တွေ တင်ပို့မှုပါ အပါအဝင်ပေါ့"

"ကျွန်မက ဒါနဲ့ ပတ်သတ်ပြီး မင်းသမီး တီလီနဲ့
ဆွေးနွေးလို့…"

"ဘာဆွေးနွေးမှာလဲ… မင်းက ငါ့ကို ဘဝ
တစ်သက်စာ ထောက်ပံ့လိုနေတာလား"

+

မာလိန်မှူးအိုက သူ၏ ဆေးတံအား ခေါက်လိုက်သည်။ "ဒါက နည်းနည်းစောနေသေးဦးမယ်... ငါ့ရဲ့ ခြေထောက်တွေက မခွေယိုင်သေးပါဘူး... အမှန်အတိုင်း ပြောရရင် မင်းတို့က မီးခိုးရောင် ရဲတိုက်ကို ရောက်အပြီးမှာ ငါက ဆာမိုးကြိုးရဲ့ စူးစမ်းလေ့လာမှု အသင်းအတွင်းကို ဝင်ဖို့ စီစဥ်ထားပြီးပြီ"

"စူးစမ်းလေ့လာမှု အသင်း... ဟုတ်လား" ကာမီလာက အံ့အားတကြီးဖြင့် မေးလိုက်သည်။

"ဟုတ်တယ်... တကယ်လို့ ငါက အရိပ်ကျွန်းစု အလွန်က ရှာဖွေမှု ခံရခြင်း မရှိသေးတဲ့ ပင်လယ်

+

အတွင်းမှာ တစ်စုံတစ်ခုကို ရှာတွေ့နိုင်ခဲ့ရင် ငါရရှိနိုင်တဲ့ အကျိုးအမြတ်ဟာ ငါ့ကို ထောက်ပံ့ဖို့ မပြောနဲ့ တကယ်လို့ ငါဆန္ဒရှိရင် ငါ့ရဲ့ ကိုယ်ပိုင် လေ့အုပ်စုကို တည်ဆောက်နိုင်ဖို့တောင် လုံလောက်နေလိမ့်မယ်"

မျက်လုံးတစ်ဖက်ဂျက်သည် အနောက်သို့ လှည့်လိုက်ကာ ကျယ်ပြန့်လှသော ပင်လယ်ပြင်အား တက်ကြွစွာ ကြည့်နေရင်း ပြောလိုက်သည်။ "ငါက အသက်ကြီးလာပြီး ငါ့ခြေထောက်တွေက အရင်ကလိုမျိုး သွက်လက်နေခြင်း မရှိတော့ပေမဲ့ ဖော့ဒေသ တစ်ခုလုံးမှာ ပင်လယ် ရေကြောင်းခရီးနဲ့ ပတ်သတ်လာရင် ငါ့ထက်ပိုကောင်းတဲ့ မာလိန်မှူး မရှိဘူးလို့ ငါကမင်းကို အာမခံနိုင်တယ်"

+

တကယ်လား။ ကာမီလာက သူမ၏ ရင်အတွင်းမှ မေးလိုက်ကာ ဖော့မှ အဘိုးအိုအား အခုမှ ပထမဆုံး စတွေ့ဖူးသည့် အလား ကြည့်လိုက်သည်။ သူ၏ အသွင်အပြင်သည် ဘာမှ ထူးခြားနေခြင်း မရှိသော်လည်း သူမျက်နှာမှ အမူအရာသည် မသိနိုင်သော အနာဂတ်နှင့် ရင်ဆိုင်သည့် အချိန်တွင် ကြောက်ရွံ့မှု ကင်းမဲ့နေကြောင်း ဖော်ပြနေခဲ့သည်။

"ကပ္ပတိန်… ကျွန်တော်တို့က ကမ်းခြေနဲ့ နီးကပ်လာပါပြီ" ရွက်တိုင်ပေါ်တွင် တက်နေသော ကင်းသမားက အော်ဟစ်လိုက်သည်။

+

"မင်းတို့ ဘာလုပ်ရမယ် ဆိုတာကို ငါက ပြောဖို့ လိုနေသေးလား" ဂျက်က အပေါ်သို့ မော့ကာ သူ့အား စိုက်ကြည့်လိုက်သည်။ "ရွက်ကိုချပြီး အရှိန်ကို လျှော့လိုက်တော့"

ကာမီလာသည် ဆိပ်ကမ်းနေရာသို့ လှမ်းကြည့်လိုက်ရာ နေရာတိုင်းတွင် "ဆောင်းမဲ့မြို့တော်မှ ကြိုဆိုပါတယ်"ဟု ရေးထားသည့် အနီရောင် အလံတံခွန် ပုံစံ အမျိုးမျိုးတို့အား ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။

သူတို့အား လာရောက် ကြိုဆိုနှုတ်ဆက်သည့် လူများအကြားတွင် စုန်းမများသာ မက

+

သာမန်လူများလည်း ပါနေခဲ့သည်။ သူမသည် အသက် ၁၁၊ ၁၂ခန့်သာ ရှိသေးသည့် ကလေးများ တစ်တန်းက သူတို့၏ လက်များအတွင်းတွင် ပန်းစည်း တစ်စည်းစီ ကိုင်ထားကာ ဆိပ်ခံတံတား၏ ဘေးတွင် ရပ်နေ၍ စုန်းမများအား စောင့်နေကြသည်ကိုပင် တွေ့လိုက်ရသေးသည်။

"ဘယ်လောက်အထိ ကြီးကျယ် ခမ်းနားလှတဲ့ ကြိုဆိုမှုလဲ" မာလိန်မှူးအိုက လေချွန်လိုက်သည်။ "ဘုရင်က နင်တို့ကို ကြိုဆိုနေတဲ့ နည်းလမ်းနဲ့တင် နင်ကသူ့ကို အမှတ် ပိုပေးရလိမ့်မယ်... ဟုတ်တယ်မလား"

+

သူသည် ပြီးတာနှင့် ကုန်းပတ်ပေါ်တွင် အလုပ်ရှုပ်နေသော သင်္ဘောသားများကို ဝေ့ယမ်းပြလိုက်သည်။ "ကောင်လေးတွေ... ကမ်းကပ်ဖို့ ပြင်ကြစို့... ငါတို့က ဆောင်းမဲ့မြို့တော်ကို ရောက်လာခဲ့ပြီ"

## စာစဥ် ၆၀ : အပိုင်း ၁၅

## အပိုင်း ၉၀၀ : အဝေးမှ စုန်းမများ (၂)

"ဒါက တကယ်ပဲ အဆင်ပြေပါ့မလား" ဝင်ဒီသည် ဆိပ်ကမ်းပေါ်မှ သာမန်လူများကို ညွှန်ပြနေရင်း ငြိမ်သက်စွာ မေးလိုက်သည်။ "ငါဆိုလိုနေတာက ငါတို့ဟာ အိပ်ပျော်နေသောကျွန်းက စုန်းမတွေကို

+

ကြိုဆိုဖို့ လူတွေကို ငှားရမ်းခဲ့တယ်… တကယ်လို့ သူတို့က အမှန်တရားကို သိသွားရင် သေချာပေါက် ကျေနပ်ကြမှာ မဟုတ်ဘူး"

"ဒီလိုဆိုရင် နင်က သူတို့ကို တကယ်ပဲ ကြိုဆိုလိုနေတဲ့ မြို့သူမြို့သားတွေကို ရှာနိုင်လို့လား" စကိုးက အလားတူ အသံတိုးတိုးဖြင့် မေးလိုက်သည်။

"… မရှာနိုင်ဘူး" ဝင်ဒီက ခေတ္တမျှ ချီတုံချတုံ ဖြစ်သွားပြီးမှ သူမ၏ ခေါင်းကို ခါလိုက်သည်။ အမှန်အတိုင်း ပြောရလျှင် စုန်းမ တစ်အုပ်စုလုံးကို မပြောနှင့် စုန်းမ အနည်းငယ်ကိုပင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုသည့် မြို့သူမြို့သား

+

တစ်ယောက်၊ နှစ်ယောက်ကိုပင် ရှာဖွေရန် ခက်ခဲလှသည်။

ဆောင်းမဲ့မြို့တော်မှ မြို့သူ မြို့သားများသည် ရိုလန်၏ လွှမ်းမိုးမှုအောက်တွင် စုန်းမများကို ဖြည်းဖြည်းချင်း စတင်၍ လက်ခံလာခဲ့ကာ အချို့ စုန်းမများအား အများပြည်သူက ချစ်ခင် နှစ်သက်ခြင်းများပင် ရှိခဲ့သော်လည်း အိပ်ပျော်နေသောကျွန်းမှ ရွှေ့ပြောင်းလာကြသော သူများကမူ သူတို့အတွက် လူစိမ်းများ ဖြစ်နေကြသေးသည်။

သို့ဖြစ်၍ လူအများအား သူတို့၏ အလုပ်များကို ထားပစ်ခဲ့ကာ သူတို့ တစ်ခါမှ မတွေ့ဖူးသည့် စုန်းမ

+

တစ်အုပ်စုအား လာရောက် နှုတ်ဆက်ရန်
တောင်းဆိုဖို့ မဖြစ်နိုင်နေပေ။

ရိုလန် မရှိနေသည့် အချိန်တွင် ပထမ စစ်တပ်၏
မိသားစုများကိုသာ ဤကဲ့သို့ ပြုလုပ်ရန်
ဆွဲဆောင်၍ ရနိုင်ပေသည်။

"ဒါကြောင့်မို့ အရှင်မင်းမြတ်ရဲ့ စီစဉ်မှုတွေနဲ့ ဘာမှ
အဆင်မပြေစရာ မရှိနိုင်ဘူး" စကိုးက
ပခုံးတွန့်လိုက်သည်။ "အနီရောင် ပန်းစည်းကြီးတွေ၊
အလံတံခွန်တွေ၊ မိသားစု နှုတ်ဆက်အဖွဲ့ရဲ့
ကုန်ကျစရိတ် အပါအဝင် ဒီကြိုဆိုပွဲ အတွက်
ကုန်ကျစရိတ်တွေ အားလုံးကို ဆောင်းမဲ့မြို့တော်ရဲ့
ဘတ်ဂျက်အတွင်းမှာ ထည့်ထားခဲ့ပြီးပြီ"

+

"တကယ်လို့ နင်က ဒီပိုက်ဆံတွေကို အသုံးမပြုရင်လည်း တခြား ဌာနတွေက ယူသုံးခဲ့မှာပဲ... အရှင်မင်းမြတ်ဟာ မူလက ကြိုဆိုပွဲ အခမ်းအနားကို ဒီထက်ပိုပြီး ကြီးကျယ်အောင် လုပ်ဖို့တောင် စီစဉ်ထားတာ"

"အင်း... နင်ပြောတာ မှန်မှာပါပဲ" ဝင်ဒီသည် သူမ၏ နဖူးပေါ်မှ မရှိနေသော ချွေးများကို သုတ်လိုက်သည်။ အိပ်ပျော်နေသောကျွန်းမှ စုန်းမများသည် ဤနေရာသို့ လာမည်ဟု မင်းသမီး တီလီက ပြောကြားခဲ့အပြီးတွင် အရှင်မင်းမြတ်က အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့သည်။

+

စကိုး ယခုပြောခဲ့သည့် အရာများ အပြင် ရိုလန်သည် သူ၏ မှတ်စုအတွင်းတွင် အခြား ကြိုဆိုမှု အစီအစဉ်များကို စာရင်း ရေးမှတ်ထားခဲ့သေးသည်။ ဥပမာအားဖြင့် အခမ်းအနား စစ်ရေးပြခြင်း၊ တေးဂီတ ဖျော်ဖြေခြင်းနှင့် မီးရှူးမီးပန်းများ ဖြစ်သည်။

ရိုလန်သည် ဟေးဖော့ခ်၏ သတင်းများကြောင့် သူ၏ စစ်ရေး အစီအစဉ်ကို ချက်ချင်း အကောင်အထည် ဖော်ရခြင်း မရှိပါက အခမ်းအနားကို သူကိုယ်တိုင် ကြီးမှူး ကျင်းပမည်ဖြစ်ပြီး ကြိုဆိုပွဲသည် များစွာပို၍ ခမ်းနား ကြီးကျယ်နေမည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

+

စကိုးက ပြုံး၍ ပြောလိုက်သည်။ "ဒါကြောင့်မို့ လူတွေကို တိုက်ရိုက် ငှားရမ်းလိုက်တာက အကောင်းဆုံး ရွေးချယ်မှုပဲ… ငါတို့က တွေ့ရာလူတွေကို ရွေးချယ်ခဲ့တာ မဟုတ်ပဲ သူတို့အားလုံးဟာ မြို့တော်ခန်းမမှာ ကောင်းမွန်တဲ့ မှတ်တမ်းတွေ ရှိနေကြတဲ့ မိသားစုတွေ ဖြစ်ကြတယ်… ဒါကြောင့်မို့ နင်က စိတ်ပူနေစရာ မလိုပါဘူး"

သူမက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။ "စုန်းမတွေ လာနေပြီ… သူတို့ကို သွားကြိုကြပါစို့… စုန်းမ သမဂ္ဂ ခေါင်းဆောင်ရှင့်"

+

"စကိုး" ဝင်ဒီက သူမ၏ အသံကို မြှင့်လိုက်ကာ စကိုးအား အပြစ်တင်သည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ ပြီးတာနှင့် သူမသည် မင်းသမီး တီလီအား တစ်ချက် ခေါင်းညိတ်ပြလိုက်ပြီး ဖော့ကျွန်းစုမှ လာရောက်ခဲ့သည့် ဧည့်သည်များကို သွားရောက် ကြိုဆိုလိုက်လေသည်။

"နင်တို့ အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်" စုန်းမအုပ်စု နှစ်ခုက အချင်းချင်း တွေ့ခဲ့ကြသော အခါ ဝင်ဒီသည် သူမ၏ လက်ကမ်း ကြိုဆိုနေရင်း အနူးညွှံဆုံး လေသံဖြင့် ပြုံးကာ နှုတ်ဆက်လိုက်သည်။ "ကျွန်မက စုန်းမ သမဂ္ဂရဲ့ စီမံခန့်ခွဲသူ ဖြစ်ပြီး ဆောင်းမဲ့မြို့တော်ကနေ ကြိုဆိုပါတယ်"

+

.........

သဘောတူညီချက် အရ အိပ်ပျော်နေသောကျွန်းမှ စုန်းမများအား အနောက်ပိုင်း ဒေသ၏ သာမန်ပြည်သူများ အဖြစ်သာ သတ်မှတ်ရမည် ဖြစ်ပြီး စုန်းမ သမဂ္ဂ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေမည် မဟုတ်ချေ။ သို့ဖြစ်၍ ဝင်ဒီသည် သူတို့အား လူနေအိမ်ရာထံသို့သာ အရင် ခေါ်ဆောင်သွား၍ မြို့တော်ခန်းမက အစာမည်မျှ ပို့ရမည်ကို သိနိုင်ရန် လူဦးရေကို အကြမ်းဖျင်း ရေတွက်ရမည် ဖြစ်သည်။

နောက်ပိုင်း လည်ပတ်မှု ခရီးစဉ်နှင့် အလုပ်လုပ်ရမည့် အချိန်ဇယားများကိုမူ

+

အားလုံးတို့က အခြေကျသွားမှသာ လေဒီတီလီနှင့် ဆွေးနွေး တိုင်ပင်ရန် စီစဥ်ထားလေသည်။

အိပ်ပျော်နေသောကျွန်းမှ စုန်းမများအတွက် သီးသန့် ဆောက်လုပ်ထားသော လူနေအိမ်ရာသည် သူတို့ ရောက်မလာခင် နှစ်လကတည်းက ပြီးစီးသွားပြီ ဖြစ်သည်။ သူသည် အံ့ဖွယ် အဆောက်အအုံနှင့် နီးကပ်စွာ တည်ရှိနေပြီး ကြေးစား အဖွဲ့အစည်း အသုံးပြုသည့် နာမည်ဖြစ်သော အိပ်ပျော်နေသော ကျိန်စာဟူသည့် နာမည်ကိုသာ ပေးထားခဲ့သည်။

အခုအချိန်၌ ခြောက်ထပ်ခန့် မြင့်မားနေသော ကြီးကျယ်ခမ်းနားလှသည့် အဆောက်အအုံအား

+

မြင်သည့်အခါ စုန်းမအချို့က ပါးစပ် အဟောင်းသား ဖြစ်သွားခဲ့သည်။

သူတို့သည် ကွန်ကရစ်၏ ချောမွေ့ တောက်ပြောင်နေသော မျက်နှာပြင်ကို အထူး သဘောကျနေကြသည်။

"သူတို့က ကျောက်တုံး အစစ်တွေလား… ဘာဖြစ်လို့ ဒီလောက်အထိ ချောမွေ့နေရတာလဲ"

"ငါတို့က ဒီနေရာမှာ နေရမှာ မဟုတ်ဘူးနဲ့ တူတယ်… ဟုတ်တယ်မလား"

+

"အိမ်မက် မက်မနေစမ်းပါနဲ့... ဒါက သခင့်ရဲတိုက်ပဲ ဖြစ်မှာပေါ့"

"ထိပ်ဆုံးထပ်ကနေ မြင်ရတဲ့ မြင်ကွင်းက အမတန်မှ ရင်သပ် ရှုမောဖွယ် ကောင်းမှာပဲ"

အားလုံးတို့က မှင်သက် အံ့သြနေကြသည်ကို အခွင့်ကောင်းယူကာ ဝင်ဒီက အကျဥ်းချုပ်၍ မိတ်ဆက်ပေးလိုက်သည်။ "ဒီအဆောက်အအုံဟာ အခုအချိန်မှာ တစ်ဝက်သာ ပြီးဆုံးသေးပြီး ဆောက်လုပ်မှု ပြီးစီးသွားရင် ၅၅မီတာ ရှိမှာ ဖြစ်ကာ ဒါက ၁၈ဝဝပေ ၅လက်မနဲ့ ညီမျှပါတယ်"

+

"ဒါပေမဲ့ အရှင်မင်းမြတ်ဟာ ဒီနေရာမှာ နေထိုင်ခြင်း မရှိပဲ သူ့ရဲတိုက်ဟာ သုံးထပ်သာ မြင့်ပြီး ဆောင်းမဲ့မြို့တော်ရဲ့ အလယ်မှာ တည်ရှိနေပါတယ်"

"ဒါက အရမ်းမြင့်တာပဲ... တစ်နေ့မှာ ပြိုလဲကျသွားမှာကို ရှင်တို့က မစိုးရိမ်ဘူးလား" တစ်စုံတစ်ယောက်က အံ့အားတကြီးဖြင့် မေးလိုက်သည်။

ဝင်ဒီက ပြုံးလိုက်သည်။ "အရှင်မင်းမြတ်က စေးပျစ်တဲ့ အရာတစ်မျိုးကို မာကျောတဲ့ ကျောက်တုံးတွေ အဖြစ် ပြောင်းလဲပေးနိုင်တဲ့ အထူး ဆောက်လုပ်ရေး ပစ္စည်း တစ်မျိုးကို

+

တီထွင်ထားတယ်… ဒါက ရှေ့ပြေး စီမံကိန်း တစ်ခုသာ ဖြစ်သေးပြီး ဒီလိုမျိုး ဆောက်လုပ်ရေး ပစ္စည်းနဲ့ ဆိုရင် ငါတို့ဟာ တောင်တွေလောက် မြင့်မားတဲ့ အဆောက်အအုံတွေကို တည်ဆောက်နိုင်လိမ့်မယ်လို့ သူက ပြောထားခဲ့သေးတယ်"

"ဒါပေမဲ့ ဒီစီမံကိန်း တစ်ခုလုံးဟာ စုန်းမတွေရဲ့ အကူအညီ မပါပဲ အောင်မြင်စွာ ပြီးမြောက်နိုင်မှာ မဟုတ်ဘူး… အမှန်အတိုင်း ပြောရရင် ဒီအဆောက်အအုံဟာ စုန်းမတွေနဲ့ ဆောက်လုပ်ရေး လုပ်သား များစွာတို့ရဲ့ ပူးပေါင်း ဆောင်ရွက်မှုရဲ့ ရလဒ်ဖြစ်တယ်… ကြာပန်း… ငါပြောတာ မှန်တယ် မဟုတ်လား"

+

"ဟေး… နင်က တကယ်ပဲ ဒါကို ဆောက်ခဲ့တာလား"

"ဒါပေမဲ့ နင့်ရဲ့ စွမ်းရည်ဟာ မြေကြီးတွေကို မြင့်အောင် လုပ်ပေးရုံပဲ မဟုတ်ဘူးလား"

စုန်းမအားလုံး၏ မျက်လုံးများက ကြာပန်းအပေါ်သို့ ကျရောက်လာကြသည်။

ကြာပန်းသည် အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွား၍ သူမ၏ခေါင်းကို အသာကုတ်လိုက်ပြီး ပြန်ဖြေလိုက်သည်။ "ငါက လုပ်သားတွေ အတွက် ဆင်ခြေလျှောတွေကိုသာ ဆောက်ပေးခဲ့တာ…

+

သူတို့က နောက်တစ်ထပ် ထပ်တက်တော့မယ် ဆိုရင် ဆောက်လုပ်ရေး လုပ်သားတွေ လုပ်ကိုင်ရတာ အဆင်ပြေအောင် အဆောက်အအုံ ဘေးမှာ ပတ်ဝန်းကျင်က မြေကြီးတွေကို မြှင့်ပေးပြီး စင်မြင့်တစ်ခုကိုသာ တည်ဆောက်ပေးခဲ့တာ ဖြစ်တယ်"

"နင်က စုန်းမတစ်ယောက် ဖြစ်နေတော့ သူတို့က ရှုံ့ရှာ စက်ဆုပ်ကြခြင်း မရှိဘူးလား"
မျှော်လင့်ထားသည့် အတိုင်း အားလုံးက အပူပန် အကြောင့်ကြဆုံး ဖြစ်နေသည့် မေးခွန်းအား တစ်စုံတစ်ယောက်က မေးလိုက်လေသည်။

+

"ငါကတော့ ဒီလိုမျိုး လူတစ်ယောက်နဲ့တော့ မကြုံရသေးဘူး... သူတို့က အခုချိန်အထိတော့ ငါ့ကို သာမန်လူ တစ်ယောက်လိုပဲ ဆက်ဆံကြသေးတယ်လို့ ငါထင်နေတယ်" ကြာပန်းက သူမ၏ လက်ကို ဖွဲ့ယမ်းလိုက်သည်။ "တစ်ခါတစ်ရံမှာ ငါအလုပ်ကို စောစောရောက်ခဲ့ရင် လုပ်သားအချို့က သူတို့ရဲ့ ပန်ကိတ်တွေကိုတောင် ငါ့ကို ဝေမျှပေးခဲ့ကြသေးတယ်"

ထိုအရာသည် ဝင်ဒီ မျှော်လင့်နေသော ရလဒ်ပင် ဖြစ်သည်။ "မင်းတို့အားလုံးဟာ ဒီနေရာက လူတွေကို သတိထားနေကြသေးပြီး အနာဂတ်မှာ ဘယ်လို အဆက်ဆံခံရမလဲ ဆိုတာကို တွေးပူနေကြမှာပဲ... ဒါပေမဲ့ ဒါက လုံးဝကို သဘာဝကျပါတယ်... ဘာပဲပြောပြော

+

ဆောင်းမဲ့မြို့တော်ဟာ မင်းတို့အတွက် လုံးဝကို
သူစိမ်းဆန်နေတဲ့ မြို့တစ်မြို့ မဟုတ်လား"

"ပြီးခဲ့တဲ့ ရာစုနှစ် အတွင်းမှာ ငါတို့စုန်းမတွေ
ကြုံခဲ့ရတဲ့ အဖြစ်ဆိုးတွေကို ငါက အကျယ်ချဲ့ပြီး
မပြောလိုတော့ဘူး... ဒါပေမဲ့ မင်းတို့က ဒီနေရာမှာ
နေနေတဲ့ အချိန်မှာ ကိုယ့်အိမ်ကိုယ်
ပြန်ရောက်သလိုမျိုး ခံစားရလိမ့်မယ်လို့ ငါက
အာမခံပါတယ်"

"မင်းတို့က စုန်းမ သမဂ္ဂရဲ့ အဖွဲ့ဝင်တွေ
မဟုတ်ကြပေမဲ့ တကယ်လို့ အခက်အခဲ
တစ်စုံတစ်ရာနဲ့ ကြုံတွေ့ခဲ့ရရင် ငါ့ကို
အကူအညီတောင်းဖို့ ဝန်မလေးနေကြပါနဲ့...

+

ဘယ်လောက်အထိ အသေးအဖွဲ ကိစ္စလေးပဲ ဖြစ်နေပါစေ ငါက ကူညီဖို့ အသင့်ပါပဲ"

"အရမ်းကောင်းတယ်" စကိုးက ဝင်ဒီအား လက်မ ထောင်ပြလိုက်ရင်း ထောက်ခံသည့် အနေဖြင့် တီးတိုး ပြောကြားလိုက်သည်။

.........

သို့သော်လည်း သူမက စုန်းမများ၏ ကိုယ်ရေး အချက်အလက်များအား ကောက်ခံသည့် အချိန်တွင် ပထမဆုံး ပြဿနာနှင့် ကြုံတွေ့ရလိမ့်မည်ဟု ဝင်ဒီက မျှော်လင့်မထားခဲ့ပေ။

+

"ရှင်တို့က ဘာဖြစ်လို့ ဒီအချက်အလက်တွေကို တောင်းခံရတာလဲ" ဝင်ဒီက ပုံစံများကို ဖြန့်ဝေပေးနေသည့် အချိန်တွင် ဆံပင်နီနှင့် စုန်းမတစ်ယောက်က ကန့်ကွက်လိုက်သည်။
"ကျွန်မတို့ကို ဒီနေရာမှာ နေထိုင်ဖို့ ဖိအားမပေးဖို့ ရှင်တို့က သဘောတူထားတယ် မဟုတ်လား... ကျွန်မက ဒီနေရာမှာ ရက်အနည်းငယ်သာ နေထိုင်ဖို့ စီစဉ်ထားတဲ့ အတွက် ဒါက မလိုအပ်ဘူးလို့ ထင်နေတယ်"

"ကျွန်မရောပဲ... မင်းသမီး တီလီက ကျွန်မတို့ဟာ ဆောင်းမဲ့မြို့တော်ကနေ ကြိုက်တဲ့အချိန် ထွက်ခွာလို့ ရတယ်လို့ ပြောထားတယ်... ကျွန်မက အခုပဲ အရှေ့ပိုင်း ဒေသကို ပြန်သွားလိုနေတယ်"

+

"အခုအချိန်မှာ ဘုရားကျောင်းက မရှိတော့လို့ ကျွန်မတို့ရဲ့ ကိုယ်ရေး အချက်အလက်တွေကို ဝေမျှဖို့ မလိုဘူးလို့ ကျွန်မထင်တယ်... တကယ်လို့ ဒီအချက်အလက်တွေဟာ မကောင်းတဲ့ ရည်ရွယ်ချက် ရှိတဲ့ တစ်စုံတစ်ယောက်ရဲ့ လက်အတွင်းကို ရောက်သွားခဲ့ရင် ကျွန်မတို့က နစ်နာသွားနိုင်တယ်"

သူတို့၏ ကိုယ်ရေး အချက်အလက်များကို ပေးရန် ငြင်းဆန်ခဲ့သော စုန်းမအချို့ ရှိနေခဲ့သည်။

+

"ငါသိသားပဲ... ဒါက အဇီမာနဲ့ သူမရဲ့ အပေါင်းပါတွေပဲ ဖြစ်တယ်" အက်ရှ်က သူမ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။

"အဇီမာ... ဟုတ်လား"

"အရှေ့ပိုင်း ဒေသက စုန်းမ အဖွဲ့အစည်း တစ်ခုပဲ... စိတ်မကောင်းပါဘူး... သူတို့ဟာ ငါ့ရဲ့ ဦးဆောင်မှုကို အမှန်တကယ် အသိအမှတ် မပြုနေဘူး" တီလီက အသံတိုးတိုးဖြင့် ရှင်းပြလိုက်သည်။ "ဒါပေမဲ့ သူတို့ဟာ အနည်းဆုံးတော့ သွေးအစွယ် အဖွဲ့အစည်းထက်တော့ အများကြီး ပိုကောင်းပါတယ်"

+

တီလီက အနီရောင် ဆံပင်နှင့် စုန်းမထံသို့ လှည့်၍ ပြောလိုက်သည်။ "နင်က အရှေ့ပိုင်း ဒေသကို ပြန်ဖို့ တောင့်တနေတယ် ဆိုတာကို ငါသိပါတယ်... ဒါပေမဲ့ အခုအချိန်က အချိန်ကောင်း မဟုတ်သေးဘူး... ဘုရားကျောင်းက စွမ်းအား ကျဆင်းသွားပေမဲ့ အများပြည်သူက စုန်းမတွေကို ရင်းနှီး ကျွမ်းဝင်မှု မရှိသေးဘူး... မှူးမတ်တွေဆိုရင်တော့ ပြောမနေနဲ့တော့"

"အထူးသဖြင့် အရှေ့ပိုင်း ဒေသက အခြေအနေတွေက အတော်လေး ဆိုးဝါးနေတယ်... ရိုလန်က အဲ့ဒီဒေသကို တရားဝင် သိမ်းယူနိုင်ခြင်း မရှိသေးလို့ အဲ့ဒီက လူတွေရဲ့ စုန်းမတွေ အပေါ်က သဘောထားဟာ သိပ်ပြီးမှ ပြောင်းလဲသေးမှာ မဟုတ်ဘူး"

+

"နင်က အဲ့ဒီကို မရောက်ဖူးပဲနဲ့ ဘယ်လို သိနိုင်မှာလဲ" အဇီမာက အလျှော့မပေးစတမ်း ပြောလိုက်သည်။ "ဒါမှမဟုတ် နင်က နင့်အစ်ကိုဘက်ကနေ ဘက်လိုက်နေတာပဲ ဖြစ်နိုင်တယ်"

"စကားကို ကြည့်ပြောပါ" အက်ရှ်က အေးစက်စွာဖြင့် တုံ့ပြန်လိုက်သည်။

"ဘာဖြစ်လို့လဲ… နင်က ဟောဒီနဲ့ ကောင်းကင် မီးတောက်တို့ကို လုပ်ခဲ့သလိုမျိုး ငါ့ကို ဒီနေရာမှာ တိုက်ခိုက်ချင်နေတာလား"

+

ဝင်ဒီက သူမ၏ နှုတ်ခမ်းများကို ဖိကိုက်လိုက်သည်။
သူမသည် ဤကဲ့သို့သော ခါးသီးသည့် အပြောင်းအလဲ
တစ်ခု ဖြစ်လာမည်ကို ကြိုမမြင်နိုင်ခဲ့သလို
သူတို့နှစ်ဘက် အကြားမှ တင်းမာမှုများကို
ပြေလည်စေရန် သင့်တော်သော
နည်းလမ်းတစ်ခုကိုလည်း မရှာနိုင်ခဲ့ပေ။

ထိုအချိန်၌ပင် စကိုးက ရှေ့တက်လာခဲ့သည်။

"ငါကနင့်ကို မေးခွန်းအချို့ မေးလို့ရနိုင်မလား"
သူမက တောင်းဆိုလိုက်လေသည်။

+